# အစဉ်အလာမှ ဖောက်ထွက်ခြင်း





# အစဉ်အလာမှ ဖောက်ထွက်ခြင်း

ဇာနည်ညွန့်လွင်

ယံမိုး

ဆုရော

လင်းမြတ်

# အစဉ်အလာမှ
# ဖောက်ထွက်ခြင်း

ဇာနည်ညွန့်လွင်

ယံမိုး

ဆုရော

လင်းမြတ်

**ပုံနှိပ်မှတ်တမ်း**

**ပုံနှိပ်သူ**
ဦးဇော်မြင့်ထွန်း (အဖေကိုပုံနှိပ်တိုက်-၀၀၂၄၁)
အမှတ် (၁၁၈)၊ ၄-လမ်း၊
ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**ထုတ်ဝေသူ**
ဦးဇော်မြင့်ထွန်း (အဖေကိုစာပေ) (၀၁၆၉၉)
အမှတ် (၂၁၉)၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အကြိမ်**
၂၀၁၆-ခုနှစ်၊ မေလ၊ ပထမအကြိမ်

**တန်ဖိုး**
၂၀၀၀

**အုပ်ရေ**
၁၀၀၀ အုပ်

**ဖြန့်ချိရေး**
အောင်ဘုန်းညို
(အတွင်းရေးမှူး)
မြို့နယ်စာရေးဆရာအသင်း
ရွှေဘိုမြို့။
ဖုန်း - ၀၉ ၃၃၇၆၄၅၀၉


# မာတိကာ


ဆရာ အောင်ဘုန်းညို (ရွှေဘို) ၏ အမှာစာ (က)
ဆရာ မြင့်ဝင်းမောင် (AZ) ၏ အမှာစာ (င)

**စာနည်းညွှန့်လွှင်**

၁။ အတွေးရှာများသို့ အလည်သွားခြင်း ၁
၂။ တန်ဖိုးသိမှ တန်ဖိုးရှိ ၁၀
၃။ လွတ်မြောက်မှု ရှာပုံတော် ၁၄
၄။ ခေတ်သစ် ပေါက်တူးသမား ၂၂
၅။ စနေမလေးနဲ့ တနင်္ဂနွေကျွန်တော် ၂၈
၆။ လူအစစ် ၃၀
၇။ အရှေ့ခံတို့၏ မာန် ၃၃
၈။ ကြက်တူရွေး မဖြစ်ချင်ဘူး ၃၆
၉။ ရိုးသားစွာ စဉ်းစားခြင်း ၃၈
၁၀။ ရွေးချယ်ခွင့် ၄၂

**ယံမိုး**

၁။ အုတ်ကြားမြက် ၄၇
၂။ ဥပေက္ခာမြုပ်ကွက် ၄၉
၃။ တွေးပါ ၅၁
၄။ ဖရိုဖရဲရဲ့ အာလာပ သလာပ ၅၃
၅။ သို့လော သို့လော ၅၅
၆။ အလယ် (သို့) အလတ် ၅၇
၇။ စာမူ (၈) ၅၉
၈။ မြင့်မြတ်နလုံးသားနဲ့ စက္ကူ ၆၂

၉။ နေနဲ့ည ဆက်သွယ်မှု ၆၅
၁၀။ အကျဉ်းကျခံရတဲ့ မြို့ပြဇာတ်လမ်း ၆၇
၁၁။ ဆံသဆိုင်ရဲ့ နိုင်ငံရေးအခင်းအကျင်း ၇၁
ဆုဇော
၁။ ဖန်ဆင်းခွင့် ၇၃
၂။ လျှောက်လမ်းများ ၇၇
၃။ ဆေးထိုးကြမ်းသူများ ၈၉
၄။ နှင်းဆီဒိုင်ယာရီ ၉၆
၅။ အိမ်နှစ်လုံး ၁၀၅
၆။ စာဖတ်ကြသူများ ၁၀၈
၇။ အပိုင်းအစများ ၁၁၆
လင်းမြတ်
၁။ ထရိုဂျန်မြင်း ၁၂၃
၂။ အပူသည် ၁၃၃
၃။ ကျွန်တော့်နိဗ္ဗာန်ဘုံလေး ပြန်ရှာပေးပါ ၁၃၄
၄။ သူစိမ်းလို ၁၄၂
၅။ ၁၀၀ ၁၄၈
၆။ နေထိပန်းများ နွမ်းကြသည် ၁၅၃
၇။ ကွဲပြားသော ကွဲပြားမှုများ ၁၅၈
၈။ အမေ့ခံ ၁၆၆
၉။ စစ်တုရင်သီအိုရီ ၁၇၇
၁၀။ တန်ဖိုး ၁၈၉
၁၁။ နှင်းဆီရောင် ကတ္တီပါကကြိုး ၁၉၇

## အမှာစာ

ကျွန်တော့်အနေနဲ့ ဒီစာအုပ်ဟာ လေးကြိမ်မြောက်ရေးပေးရတဲ့ အမှာစာပါ။ အရင်ကလောင်ရှင် (၃) ဦးကိုလည်း အမှာစာရေးပေးခဲ့ဖူးပါတယ်။ လေးကြိမ်မြောက် အမှာစာရေးပေးရတဲ့ 'အစဉ်အလာအောက်က ဖောက်ထွက်ခြင်း' ဟာ စာပေနယ်ကို လုံးဝခြေချခြင်းမပြုရသေးတဲ့ လူငယ် (၄) ဦးရဲ့ ပွဲဦးထွက်ပွင့်သစ်စလက်ရာများ ဖြစ်ပါတယ်။

ပွဲဦးထွက် ပွင့်သစ်စလက်ရာတွေ ဖြစ်ရုံသာမကသေးပါဘူး။ ရဲရဲတောက် ဖောက်ထွက်လာတဲ့ အတွေးအမြင်တွေဟာလည်း အပြောင်းအလဲကို မလိုလားသူတွေအဖို့ ကြောက်ဒူးတုန်ပြီး ကျောက်ပေါက်ရုံမက ကြောက်ဖျားပါ ဝင်သွားနိုင်ပါတယ်။ ကြောက်ကန်ကန်ပြီး ဖောက်ပြန်တဲ့ စကားတွေနဲ့ မှောက်လန်အောင်လည်း ဝေဖန်ကြပါလိမ့်ဦးမယ်။ ဒါမဆန်းပါဘူး။ သွေးဆုံးတောင် ရေးထုံးမပယ်ဘူးဆိုသူတွေနဲ့ သုသာန်ရောက်တောင် ထုတ်ပြန်ထားတာမဖောက်ရဲဘူးဆိုတဲ့ ရှေးရိုးစွဲအစဉ် အလာအားကြီးသူတွေ အများဆုံးနေတဲ့ နိုင်ငံဖြစ်နေတာကို သိနေလို့ပါ။

အမျှော်အကြောက်တွေ အောက်ကနေ ရဲရဲကြီးဖောက်ထွက်လွတ်မြောက်လာကြတဲ့ ဒီလိုလူငယ်တွေကသာ တိုင်းပြည်ရဲ့အမှောင်ကို ခွင်းပြီး အလင်းဆောင်ပေးနိုင်မယ်လို့ ယုံကြည်ထားပါတယ်။

ဘုရားလည်းမဟော သဘာဝယုတ္တိလည်း မရှိတဲ့ လေးကျွန်း တစ်မြင်းမိုရ်လိုဟာမျိုးတွေကို ယုံကြည်ဖက်တွယ်ထားသူတွေ၊ ကမ္ဘည်းထိုးပြီး ရေစက်ချမှ ကုသိုလ်ရမယ်ထင်သူတွေ၊ သူ့မသတ်တာ နောင်ဘဝ ကိုယ်ပြန်သတ်ခံရမှာစိုးလို့ ဆိုသူတွေဟာ ဗုဒ္ဓဘာသာကို ကိုးကွယ်ခွင့်ကြုံရပါလျက် လွတ်မြောက်ငြိမ်းချမ်းမှုပျောက်ဆုံးနေသူတွေပါ။ 'ပတ္တမြားတောင်ပေါ် ရောက်ပါလျက် ဓားသွေးကျောက် အကောက်မှားသူများ' ဆိုတဲ့ စကားလိုပါပဲ။

ဓာနည်ညွှန့်လွင်၊ လင်း၊ ဆုဇော၊ ယံမိုးဆိုတဲ့ အတွေးအမြင်သူရဲကောင်းလေးဦးဟာ သူ့နည်းနဲ့သူဟာနဲ မှန်ကန်ရဲရင့်တဲ့ သဏ္ဍာန်သရုပ်ရှိပါတယ်။ အဲဒီထဲက ညီလို တပည့်လို ချစ်ခင်ရတဲ့ ဓာနည်ညွှန့်လွင်ရဲ့ တွေးခေါ်ရေးသားဟန်ဟာ ထက်မြက်ခြင်း ဓားသွားကို လိမ္မာပါးနပ်ခြင်း ဓားအိမ်နဲ့ လုံခြုံသေသပ်စွာ သိမ်းဆည်းထားပါတယ်။ ဓာနည်ညွှန့်လွင်ရဲ့ အတွေးဒဿန ဓားဟာ လူ့အဖွဲ့အစည်းရဲ့ အမှိုက်သရိုက် ချုံနွယ်ပိတ်ပေါင်းကို ရှင်းလင်းပြီး လူ့လွတ်မြောက်ရာ ပန်းတိုင်လမ်းကို ဖောက်ပေးတဲ့ ဓားဆိုတာ ဓားအိမ်ကို သေချာချွတ်ကြည့်တတ်သူတွေ မြင်နိုင်ကြမှာပါ။

ဒါပေမဲ့ 'လူအစစ်' ဆောင်းပါးမှာတော့ ဓာနည်ညွှန့်လွင်ရဲ့ သမ္မာဓားရောင်ဟာ ပြိုးပြိုးပြောင်ပြောင်လက်လာပြီး ရဲရဲရင့်ရင့် ခုတ်ထွင်ဖယ်ရှားချလိုက်တာကို မြင်ရပါတယ်။ (လေးစားပါတယ်၊ ညီလေး၊ ဒီလိုစာတွေ မင်းဆက်ရေးပါ။ လူ့အဖွဲ့အစည်းကို ကျေးဇူးဆပ်ရာ ရောက်ပါတယ်)။

'ရိုးသားစွာ စဉ်းစားခြင်း' ဆိုတဲ့ စာစုလေးတွေမှာတော့ တန်ခိုးရှင် ဖန်ဆင်းရှင်ဝါဒကို သရော်ပြထားတာတွေ့ရမှာပါ။ အောင်မြင်မှု ကျဆုံးမှုမှန်သမျှ မမြင်ရတဲ့ တန်ခိုးရှင် သိဒ္ဓိရှင်တွေရဲ့



ကယ်မှု မမှု တွယ်မှု ချမှုကြောင့်သာပဲလို့ ခံယူထားသူတွေဟာ မိမိကိုယ်တိုင်ရော လူ့အဖွဲ့အစည်းရဲ့ ဂုဏ်ရည်စွမ်းအားကိုပါ မထီမဲ့မြင်ပြုနေသူပါ။

အမှားယွင်းဆုံး မျှော်လင့်ချက်ဟာ ဘာမှန်းမသိတာကို မျှော်လင့်ခြင်းပါ။ အကြီးမားဆုံးအကြောက်တရားဟာ ဘာမှန်းမသိတာကိုကြောက်ခြင်းပါ။ လူဟာ အဓိပ္ပာယ်မဲ့အမျှော်အကြောက်တွေ ပူးဝင်သွားရင် ပညာဘယ်လောက်တတ်တတ် စည်းစိမ်ဘယ်လောက်ရှိရှိ လူမပီသတဲ့ လူဖြစ်ရှုံးသူ ဖြစ်သွားတော့တာပါပဲ။

အဲဒီအမျှော်အကြောက်တွေကို ပယ်ဖျောက်ပြီး လူ့လွတ်မြောက်ငြိမ်းချမ်းမှု ဒဿနရရှိထားတဲ့ အနည်းငယ်သော လူ့အစုလေးထဲမှာ ဒီလိုလူငယ်လေးတွေ ပါဝင်နေတဲ့အတွက် ဝမ်းသာရပါတယ်။ ပါဝင်ရုံတင်မက ဒီစာအုပ်နဲ့ အလင်းရောင် ပြလိုက်တဲ့အတွက် အောင်ဘုန်းညိုက (၄) ဦးစလုံးကို အလေးပြုလိုက်ပါတယ်။

ထက်မြက်တက်ကြွပြီး နက်ရှိုင်းစူးရှတဲ့ အမြင်ရှိရုံတင်မက ရိုးသားမှုပါ ပြည့်စုံတဲ့ လူသာလျှင် လူ့လွတ်မြောက် ငြိမ်းချမ်းမှုကို အရယူနိုင်တာပါ။ လူငယ်လေးတွေကို လူရိုးလူအေးသင်တန်းတက်ခိုင်းပြီး ရှေးဟောင်းလမ်းအတိုင်း လျှောက်ခိုင်းနေသ၍ ဒီနိုင်ငံဘယ်တော့မှ မတိုးတက်ပါဘူး။

ရှေးရှေးပဝေအတိုင်း အေးအေးနေခိုင်းရင်ဖြင့် အေးအေးလေးနဲ့ တဖြည်းဖြည်းဆွေးနေကြဦးမှာပါပဲ။ ဆရာကြီး ဦးကြည်အောင်ရဲ့ 'ရေတပေါက်ပေါက် မီးတောက်တဟုန်းဟုန်း' ဆိုတဲ့ ကဗျာလေးကို သွားသတိရမိတယ်။

အေးအေးလေးနဲ့ ဆွေးမြည့်ပေါက်ကျိုး
ရေအိုးအောက်က သံကရွတ်ခွေ၊
တူသံက ညံ၊ မီးလျှံက ရဲ
သံခဲထုနှက် ထက်မြက်အသွား
သံမဏိဓား။

ဆရာကြည်အောင်က 'တို့ကတော့ အေးဆေးပဲနေချင်တယ်ကွာ၊ ရှေးရှေးကို မဖယ်ချင်ဘူးဆိုတဲ့သူတွေဟာ လူ့တာဝန်မကျေပွန်သူတွေအဖြစ်နဲ့ လူ့လောကကို ဆွေးမြည့်ပေါက်ကျိုးအောင်လုပ်နေသူတွေလို့ ဆိုချင်ပုံရပါတယ်။

ဇာနည်အပါအဝင် သံမဏိဓား (၄) ချောင်းပိုင်ရှင် လူငယ်တွေကို မှာချင်တာက သမ္မာပန်းပဲဖိုကနေ အမှန်တရား သံမဏိဓားတွေ တစ်ချောင်းပြီးတစ်ချောင်း တူသံတညံညံ မီးလျှံတရဲရဲနဲ့ ဆက်ထုတ်သွားပါဦးလို့။

နိဂုံးချုပ်ပြောချင်တာ တစ်ခုရှိတယ်။ တိုင်းသတင်းစာရဲ့ ဆောင်ပုဒ်က 'အများက ကြိုက်၍ တချို့က ဆဲသော်လည်း အားလုံးက ဖတ်ကြသည်'တဲ့။ မင်းတို့ သူရဲကောင်း (၄) ယောက်ရဲ့စာအုပ်ကိုလည်း ကြိုတင်မှတ်ချက်ပေးလိုက်မယ်။ 'အများက ဆဲ၍ တချို့က ကြိုက်ကြမည်။ သို့သော်အားလုံးဖတ်လျှင်ကား ဇာနည်တို့အဖွဲ့အောင်မြင်ပြီ . . . လို့။

အောင်ဘုန်းညို (ရွှေဘို)
အတွင်းရေးမှူး
မြို့နယ်စာရေးဆရာအသင်း
ရွှေဘိုမြို့

## အမှာစာ

ခေတ်ဆိုသည့် စကားလုံးသည် လူတို့၏ အတွေးအခေါ် ပြောင်းလဲခြင်း၏ နာမည်ဖြစ်၏။

လူတို့၏ အတွေးအခေါ် ပြောင်းလဲခြင်းကြောင့် လူ့ယဉ်ကျေးမှုကြီးသည်လည်း ပြောင်းလဲကြရ၏။


ခေတ်အဆက်ဆက်တွင် ဖောက်ထွက်တွေးခေါ်သူများက လူ့အဖွဲ့အစည်းကို ဦးဆောင်၍ ပုံဖော်ပေးကြ၏။

သို့ဖြင့် လူ့ကမ္ဘာကြီး၌ ခေတ်၊ စနစ်၊ အတွေးအခေါ်အမျိုးမျိုး ပြောင်းလဲခဲ့ရာ ယနေ့ခေတ်ကို ခေတ်ပြိုင် (Contemporary) ဟု သမုတ်ကြသည်။

သမရိုးကျများကို လက်မခံ။
စနစ်ကျမှုများကို ထားရစ်။
အဓိပ္ပာယ်တွေ ပြောင်းလဲပစ်။
တစ်ဦးချင်း လွတ်လပ်မှုကို တန်ဖိုးထား။
တရားသေဆုပ်ကိုင်မှုကို ဖယ်ရှား။
ရောနှောပေါင်းစပ် ဖန်တီးမှုများဖြင့်
ဇဟိုချက် မဲ့ခဲ့ကြပြီ။

ဤစာအုပ်ပါ စာရေးဆရာတို့သည်လည်း ယနေ့ခေတ်ပြိုင် လူ့ယဉ်ကျေးမှုမှ ဖောက်ထွက်ကြဦးမည့်သူများဟု ထင်မြင်မိပါတော့သည်။

မြင့်ဝင်းမောင် (AZ)



# ဇာနည်ညွှန့်လွင်
# အစဉ်အလာမှ
# ဖောက်ထွက်ခြင်း

# အတွေးရွာများသို့ အလည်သွားခြင်း

ကျွန်တော့်အတွေးရွာလေးတွေထဲကို ကျွန်တော်ကိုယ်တိုင် လမ်းလျှောက်ထွက်ခဲ့စဉ်ကပေါ့။ ပထမဆုံးရွာလေးတစ်ရွာ စတွေ့တယ်။ ရွာနာမည်က 'က' ရွာတဲ့။ 'က' ရွာဆိုတာ ဓားတွေရောင်းတဲ့ ပန်းပဲရွာကလေးပါ။ အိမ်တိုင်းလိုလို အရွယ်စုံ ဆိုဒ်စုံ ဓားတွေ ချိတ်ထားတာပေါ့။ ကျွန်တော်လည်း ရွာလေးထဲ လှည့်ပတ်ကြည့်ရင်း နည်းနည်းစပ်စုကြည့်မိတယ်။

'ဗျာ... ဘယ်လို ဘယ်လို' ကျွန်တော့်ကို အံ့သြသွားတဲ့ ထူးခြားချက်ကတော့ 'က' ကြီးရွာရဲ့ ဓားကို တန်ဖိုး သတ်မှတ်ပုံပါပဲ။ သူတို့က ပြောကြတယ်။ ထက်မြက်တဲ့ ဓားထက် တုံးအတဲ့ဓားက တန်ဖိုးပိုများတယ်၊ ဘာလို့လည်း မေးကြည့်လိုက်တော့ ထက်မြတ်တဲ့ ဓားဟာ တုံးအတဲ့ဓားထက် အန္တရာယ်ပိုများလို့ပါတဲ့။

'ဟာ... ဓားတစ်လက်ရဲ့ ဂုဏ်ရည်ဟာ သူ့ရဲ့ ထက်မြက်မှုပဲ မဟုတ်လား၊ အန္တရာယ်ဖြစ်တာ မဖြစ်တာကတော့ ဓားကိုင်လက်ရဲ့ စွမ်းရည်ပေါ်သာ မူတည်တာပဲလေ'။ အဲ့ဒီလို ကျွန်တော်မေးလိုက်ချင်တယ်။

ဒါပေမဲ့ ကျွန်တော့်အတွေးကို စိတ်ထဲမှာပဲ ထားလိုက်ရတယ်။ ကျွန်တော်မမေးမိခင် သူတို့ကလည်း ကျွန်တော့်ကို ရွာအပြင်ဆွဲမထုတ်ခင်မှာဘဲ အလိုက်တသိ မြန်မြန်ပြန်ထွက်လာခဲ့ပါတယ်။ 'က' ရွာကအထွက် ကျွန်တော်ဆင့်ပွားတွေးမိတာက ခုတလော Facebook မှာ ခေတ်စားနေတဲ့ ငွေနဲ့ပတ်သက်ပြီး လူတွေရဲ့

ခံယူချက်ပါ။ 'ငွေနှင့် ဝယ်လို့မရတာများ' ဆိုပြီး Post တင်ထားတယ်။ Like တွေ ထောက်ခံတဲ့ Comment တွေ Share တဲ့သူတွေက Share ကြ အများကြီးပေါ့ဗျာ။

သူတို့ကို အပြစ်တင်ဝေဖန်ချင်တာထက် ကျွန်တော့်အတွေးလေးကို ချပြတာပါလို့တော့ ဦးစွာတောင်းပန်ပါရစေ။

အရသာကို ငွေနဲ့ ဝယ်လို့မရဘူးတဲ့။ ဟုတ်သလိုလိုပဲ။ ဒါဆို အရသာလည်းရှိ ကိုယ်ကိုယ်တိုင်လည်း စားချင်စိတ် အာသီသပြင်းနေတဲ့ အစားအစာတွေကိုလည်း ဘာနဲ့ ဝယ်မလဲ။

ကျန်းမာရေးကို ငွေနဲ့ ဝယ်လို့မရဘူးတဲ့။ အိုး... ခေတ်မှီတဲ့ ကျန်းမာရေးအစောင့်အရှောက်နဲ့ ကောင်းမွန်တဲ့ ဆေးဝါးတွေကိုရော ဘယ်ကရှာမလဲဗျာ။

ပျော်ရွှင်မှုကို ငွေနဲ့ ဝယ်လို့မရဘူးတဲ့။ ဒီလိုဆို ပျော်ရွှင်စေမယ့် မိတ်ဆွေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မယ့် ပစ္စည်းတွေကိုရော ဘယ်လိုဖန်တီးယူမလဲစသည်ဖြင့် တွေးမိတာပေါ့ဗျာ။ ကျွန်တော် ဒီလိုပြောလို့ ငွေသာ အရေးကြီးဆုံး၊ ငွေသာ ကိုးကွယ်ရာဖြစ်တယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ လူ့အသိုင်းအဝိုင်း လူ့ပတ်ဝန်းကျင်မှာနေပြီး လူသားတွေ သတ်မှတ်ထားတဲ့ လူ့စံမီ လူ့တန်ဖိုးကို ပစ်ပယ်လို့မရပါဘူး။ တန်ဖိုးမြင့် လူသားဆိုရင် လူ့အသိုင်းအဝိုင်းရဲ့ စည်းကမ်းကို ပိုပြီးတော့ တန်ဖိုးထားရဦးမှာပါ။

လူတွေဟာ တစ်ဦးထဲနဲ့ လောကမှာ ပြည့်စုံအောင် ရပ်တည်နိုင်အောင် ဘယ်လိုမှ မစွမ်းဆောင်နိုင်ပါဘူး။ လူနဲ့ လူချင်း အချင်းချင်းအပေါ် အပြန်အလှန်မှီခိုဆက်ဆံနေရတာပါ။ ဒီလိုအပြန်အလှန် မှီခိုဆက်ဆံအားထားနေရခြင်းကပဲ တန်ဖိုးမြင့် လူ့အသိုင်းဝိုင်းဖြစ်စေကာ မဟုတ်လား။



ဥပမာဗျာ... ခင်ဗျားဟာ ဆရာဝန်တစ်ဦးဖြစ်နေဦးတော့ အိမ်ဆောက်ဖို့ အင်ဂျင်နီယာရဲ့ အကူအညီလိုသလို အစားအစာအတွက် တောင်သူဆီက ဒါမှမဟုတ် ကုန်သည်ဆီက လက်ခံရယူပါတယ်။ အဝတ်အထည်အတွက် ယက္ကန်းသည်ဆီက ဒါမှမဟုတ် အထည်ဆိုင်ကပေါ့။ သူတို့ဟာလည်း သူတို့ကျန်းမာရေးအတွက် ခင်ဗျားအကူအညီ လိုနေပါတယ်။

ဒါကြောင့် လူ့လောက လူ့အသိုင်းအဝိုင်းမှာနေပြီး လူတွေအားလုံးရဲ့ ဘုံတန်ဖိုးဖလှယ်ရတဲ့ ကုန်စည်ဖြစ်တဲ့ ငွေဟာ လူသားအားလုံးအတွက် အရေးပါပါတယ်။ တကယ်လို့ ငွေအစား တစ်စုံတစ်ရာကို သတ်မှတ်ရင်လည်း အဲဒီတစ်စုံတစ်ရာကို ကျွန်တော်တို့ မဖြစ်မနေ ရှာဖွေစုဆောင်းရမှာပါ။ ခင်ဗျားဟာ သူတစ်ပါးစွမ်းရည်နဲ့ အရည်အချင်းကို ခိုးယူလုယက် တောင်းစားဖို့ စိတ်ကူးမရှိရင်ပေါ့နော်။

နောက်တစ်ချက်က ငွေကို တန်ဖိုးမထား၊ ငွေမရှာလို့ ငွေမရှိရင်ရော ခင်ဗျားအနေနဲ့ လွတ်မြောက်ငြိမ်းချမ်းတဲ့ ဘဝကို ရနိုင်ပါ့မလား။ ခင်ဗျားတို့ပြောတဲ့ ငွေနဲ့ ဝယ်လို့မရတာတွေရော ရတာတွေရော အကုန်လုံးကို လက်လွှတ်လိုက်ရပြီပေါ့။ ဒါဆို ခင်ဗျားဒုက္ခအစစ်နဲ့တွေ့မှာ သေချာပြီလို့ ကျွန်တော်ပြောရဲတယ်။ ခင်ဗျားတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ ခင်ဗျား လေးစားချစ်ခင်တန်ဖိုးထားသူတွေ၊ ခင်ဗျားအကူအညီ အထောက်အပံ့ကို မဖြစ်မနေမှီခိုနေသူတွေ အသက်ကြီးပြီဖြစ်တဲ့ ခင်ဗျားမိဘနဲ့ လူလားမမြောက်သေးတဲ့ ခင်ဗျားရဲ့ မောင်နှမသားသမီးတွေအားလုံး ငွေမရှိလို့ ကြုံတွေ့ရတဲ့ အခက်အခဲတွေနဲ့ နပန်းလုံးရတော့မှာပေါ့ဗျာ။

ဥပမာ… ပညာရေး၊ စားဝတ်နေရေး၊ ကျန်းမာရေးအစရှိတဲ့ အရာတွေ ချွတ်ခြုံကျသွားမှာကို ခင်ဗျားထိုင်ကြည့်နေရုံပေါ့။ ဒါဆိုရင် ခင်ဗျားဘဝ ဘယ်လူပီသတော့မှာလဲ။ လူဆိုတာ သေမျိုးမှန်ပေမယ့် အချိန်မတန်ခင် ကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု အာဟာရမပြည့်ဝလို့ သေသွားခဲ့မယ်ဆိုရင်တော့ ခင်ဗျား လူဖြစ်ရှုံးပြီပေါ့။

ကျွန်တော်အဓိကပြောချင်တာက ငွေမှ ငွေဆိုပြီး ငွေကို အသုံးချခံပစ္စည်းထက် ကျော်ပြီး ကိုးကွယ်ချင်နေသူတွေကိုလည်း ကျွန်တော်လုံးဝမထောက်ခံသလို ငွေဟာ အလကားပါ။ ဒုက္ခသာရောက်စေပါတယ်ဆိုတဲ့ ငွေတန်ဖိုးမမြင် အလေးမထားတဲ့ အစွန်းရောက်သူတွေကိုလည်း အားမပေးဘူးလို့ ပြောချင်ပါတယ်။

ဒါ 'က' ရွာရဲ့ အပြန် ကျွန်တော့်ခံစားချက်ကို တင်ပြလိုက်တာပါပဲ။

**'ခ' ရွာ**

အတွေးထဲက ဒုတိယမြောက်ရွာလေးပေါ့။ ရွာအဝင်မှာကို ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်သွားတယ်။ ဆိုင်းဘုတ်လေးတစ်ခု ကြောင့်ပါပဲ။

Equal = Juistice တဲ့။ သာတူညီမျှ = တရားမျှတမှုပေါ့။ ဘဝင်တော့ သိပ်မကျပေမယ့် ကျွန်တော်ရွာထဲကို ဆက်ဝင်လာခဲ့တယ်။ 'ခ' ရွာရဲ့ ထူးခြားမှုက အိမ်လေးတွေ အားလုံးဟာ ပုံစံတူအရောင်တူချည်းပါပဲ။ ရွာသူရွာသားတွေ အားလုံးကလည်း တူညီဝတ်စုံတွေ ဝတ်ဆင်ထားကြတယ်။ ကျွန်တော်စုံစမ်းကြည့်တော့ 'ခ' ရွာရဲ့ အလယ်မှာ ကြီးမားကျယ်ပြန့်တဲ့ စိုက်ကွင်းကြီး ရှိတယ်တဲ့။ အဲဒီစိုက်ကွင်းကြီးမှာပဲ ရွာသူရွာသားတွေအားလုံး



အလုပ်ချိန်သတ်မှတ်ပြီး အလုပ်လုပ်ကြရတယ်။ စိုက်ကွင်းကရတဲ့ အသီးအနှံတွေကို အနီးအနားက ရွာတွေကို ရောင်းချပြီး အစားအစာနဲ့ အဝတ်အထည်တွေ၊ ဆေးဝါးတွေ ပြန်ဝယ်ပြီး အားလုံး အညီအမျှ ခွဲဝေသုံးစွဲကြတယ်တဲ့။

မကျန်းမာတဲ့လူတွေနဲ့ အရွယ်မရောက်သေးတဲ့ ကလေးတွေ အတွက်တော့ သူတို့စုဆောင်းထားတဲ့ ရန်ပုံငွေထဲကနေ ခွဲတမ်းတစ်ခုအနေနဲ့ အားလုံးမျှခံကြရတယ်တဲ့ဗျာ။ 'ခ' ရွာရဲ့ တင်းကြပ်တဲ့ စည်းကမ်းကတော့ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ရလာခဲ့သမျှကို ရွာသူကြီးဆိုသူကို အပ်ရတယ်။ ဘာကိုမှ တစ်ဦးတည်း ချန်ပြီး လုပ်ပိုင်ခွင့်၊ ခံစားခွင့်မရှိပါဘူး။ ရွာလူကြီးဆိုသူကနေတစ်ဆင့်သာ အားလုံးသာတူညီမျှခံစား စံစားကြရတဲ့စနစ်ပေါ့။

ခြုံကြည့်မယ်ဆိုရင်တော့ 'ခ' ရွာလေးဟာ လောဘကင်းစင်ပြီး အေးချမ်းနေပုံရပါတယ်။ ဒါပေမယ့် 'ခ' ရွာရဲ့ အကြီးမားဆုံး ကြုံတွေ့ရတဲ့ ပြဿနာကတော့ ရွာစိုက်ကွင်းကြီးရဲ့ သီးနှံအထွက်နှုန်းဟာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာ လျော့ကျလာတာဘဲ။

ကျွန်တော်လည်း ကိုယ်ကူညီပေးနိုင်တာရှိလိုရှိငြား စိုက်ခင်း အကြောင်းမေးချင်လို့ ရွာသားတွေအနား တိုးကပ်သွားမိတော့ "အား … "။ ကျွန်တော် 'ခ' ရွာကနေ ပြေးထွက်လာခဲ့ရတယ်။ သူတို့မျက်လုံးတွေထဲမှာ လူသားဆန်းတဲ့ တီထွင်ဖန်တီးလိုမှု၊ ကြိုးစားလိုမှု၊ တက်ကြွမှုအစရှိတဲ့အရာတွေ ဘာဆိုဘာမှ ရှိမနေတော့ဘူး။ အားလုံးဟာ မျက်နှာသေကြီးတွေနဲ့ဖြစ်နေတယ်ဗျာ။

'ခ' ရွာက ပြေးထွက်လာရင်း ကျွန်တော်သံနှိဋ္ဌာန်းချလိုက်တယ်။ "ငါ ဘယ်တော့မှ 'ခ' ရွာသားမဖြစ်စေရဘူး" လို့…။

**'ဂ' ရွာ။**

ရွာထဲကိုဝင်လိုက်တာနဲ့ ဆင်းရဲတဲ့ရွာလေးမှန်း သိသာလွန်းလောက်အောင်ကို ရွာလမ်းတွေက စုတ်ပြတ်နေတယ်။ အိမ်လေးတွေက ခနော်နီခနော်နဲ့ ခေါင်မလုံ မိုးမလုံ၊ ရွာသူရွာသားတွေကြည့်လိုက်တော့လည်း အားလုံးလိုလို အဝတ်အစား ခမ်းနွမ်းနွမ်းတွေဘဲ ဝတ်ဆင်ထားကြတယ်။ ရွာရဲ့ မြေဩဇာကောင်းပုံရတဲ့ စိုက်ပျိုးမြေတွေမှာလည်း ခြုံနွယ်ပိတ်ပေါင်းတွေ ထူထပ်နေတယ်။ သူတို့ဘာအလုပ်မှ မလုပ်ကြဘူးလားလို့တောင် တွေးဖြစ်သွားတယ်။

'ဂ' ရွာရဲ့ ထူးခြားချက်က ကျွန်တော်လို လူစိမ်း ရွာထဲဝင်လာတာကို ဘယ်သူမှ စိတ်ဝင်စားဟန်မပြကြတာပဲ။ အားလုံးဖာသိဖာသာပဲ။ ကျွန်တော် တဖြေးဖြေး ရွာအလယ်ထိရောက်လာတော့ နောက်ထပ်အံ့ဩစရာတစ်ခု ထပ်တွေ့တယ်။ ခမ်းနားထည်ဝါလှတဲ့ အိမ်ကြီးရခိုင်တစ်လုံး ရွာအလယ်မှာ ထီးထီးကြီးတည်ရှိနေတယ်။

တစ်ရွာလုံးမှာ ဒီအိမ်အကောင်းဆုံးနဲ့ အခမ်းအနားဆုံးပါပဲ။ အိမ်ရှေ့မှတော့ ယာယီမဟုတ်ဘဲ အခိုင်အမာဆောက် ထားတဲ့ မဏ္ဍပ်တစ်ခုရှိနေတယ်။ အဲဒီရှေ့မှာ ဆိုင်းဘုတ်တစ်ခု ထောင်ထားတယ်။

**"ထမင်းကျွေးချိန် နံနက် (၉)နာရီတစ်ကြိမ်၊ ညနေ (၄)နာရီတစ်ကြိမ်၊ နှစ်ကြိမ်တိတိ မည်သူမဆို အခမဲ့ လာရောက်သုံးဆောင်နိုင်ပါသည်"** တဲ့။

အိမ်ကြီးရှင် ဘယ်လောက်ချမ်းသာကြွယ်ဝမှန်းမသိပေမယ့် ဒီလိုတစ်ရွာလုံး နေ့ရောညပါကျွေးနေတာကဖြင့် နှစ်ပေါင်း များစွာကြာနေပြီတဲ့။ တစ်ခါတစ်လေမှာ အသုံးအဆောင် ပရိဘောဂ



ပစ္စည်းတွေကိုလည်း ကံစမ်းမဲဖောက်တဲ့သဘောမျိုးလုပ်ပြီး ပေးတတ်သေးတယ်တဲ့။ သိပ်ပြီး သဒ္ဓါတရားကောင်းတဲ့မိသားစုဆိုပဲ။

ကျွန်တော် 'ဂ' ရွာကနေ စိတ်ပျက်လက်ပျက် ပြန်ထွက်လာခဲ့တယ်။ အိမ်ကြီးရှင်ရဲ့သဒ္ဓါတရားကို လေးစားမိပေမယ့် မလိုအပ်ဘဲ အလကားပေးခြင်းအား အပေးခံရတဲ့သူရဲ့ ကိုယ့်အားကိုယ်ကိုးချင်စိတ်တွေကို ဖျက်ဆီးလိုက်တယ်ဆိုတာကို သူတို့တစ်ရွာလုံး မတွေးကြတာ အံ့ဩစရာပါ။ အိမ်ကြီးရှင်ကိုယ်တိုင်လည်း တစ်ရွာလုံးကို အလကားကျွေးမွေး ပေးကမ်းရင်းနဲ့ပဲ ကိုးကွယ်ခံခေါင်းဆောင်ကြီးဘဝကို တစ်သက်လုံး သာယာသွားတော့မယ့် သဘောရှိနေတယ်။

ကျွန်တော် 'ဂ' ရွာသား ဘယ်တော့မှမဖြစ်ချင်ပါဘူး၊ အဲ 'ဂ' ရွာသူကြီးလည်း တစ်သက်လုံးမဖြစ်ချင်ပါဘူးဗျ။

## 'ဃ' ရွာ

တကယ်တော့ ရှေးဟောင်းရွာလေးတစ်ရွာပဲ ဖြစ်ပါတယ်။ နေထိုင်တဲ့သူထက် ကျွန်တော့်လိုပဲ 'ဃ' ရွာရဲ့ ရှေးဟောင်းလက်ရာတွေ လေ့လာဖို့လာသူတွေသာ များပါတယ်။ 'ဃ' ရွာရဲ့ ရွာသီဥတုကတော့ ကန္တရဆန်တယ်။

ကျွန်တော်လည်း 'ဃ' ရွာလေးမှာရှိတဲ့ ရှေးဟောင်းဘာသာရေး အဆောက်အဦတွေလေ့လာရင်း မောပန်းလာတာနဲ့ ဇရပ်တစ်ခုမှာ ခဏအနားယူနေမိတယ်။

"အရင်တုန်းကတော့ သိပ်ပြီးစိမ်းလန်းသာယာတဲ့ ရွာလေးပေါ့" ကျွန်တော့်အရင် ဇရပ်ပေါ်ရောက်နေတဲ့ အဘိုးအို တစ်ဦးရဲ့ စကားကို ကျွန်တော်စိတ်ဝင်စားသွားမိတယ်။ အဲဒီနောက် ကျွန်တော်လည်း အဘိုးအိုနား တိုးကပ်သွားလိုက်ပြီး "ဒီလောက် ကန္တရဆန်တဲ့ရွာက ဟုတ်ပါ့မလား အဘရယ်"

"အို... လူလေးရယ် ရှေးတုန်းက ခုလိုလျှပ်စစ်မရှိ၊ နည်းပညာမရှိတဲ့လူတွေဟာ မြို့ရွာတည်မယ်ဆိုရင် ဒီလိုကန္တာရဆန်တဲ့ဒေသကို ဘယ်ရွေးချယ်ပါ့မလဲကွယ်၊ ဒီရွာလေးဟာ အရင်တုန်းက မြစ်နဲ့လည်းနီး၊ ရာသီဥတုသာယာပြီး စိုက်ပျိုးမြေလည်းကောင်းတဲ့ သူ့ခေတ်သူ့အခါက ဖွံ့ဖြိုးတဲ့ဒေ၊၊တစ်ခုပေါ့ကွယ်"။

"ဩော် ဘယ်လိုဖြစ်သွားတာလဲ အဘ"

"ဟိုးမှာ လူလေးတွေ့မြင်နေရတဲ့ ရွာနဲ့မလိုက်အောင် များပြားလှတဲ့ အဆောက်အဦတွေဟာ ဘာအဆောက်အဦးတွေလည်းဆိုတာ လူလေးသိလား"

"ဘာသာရေးအဆောက်အဦတွေလေ အဘရဲ့"

"အေး... အဲဒါကြောင့် 'ဃ' ရွာ ပျက်စီးသွားရတာပဲ"

"ဟာ... အဘကလည်း" ကျွန်တော့်စိတ်ထဲ အဘိုးအိုရဲ့ စကားကို နည်းနည်းဘဝင်မကျသလိုဖြစ်သွားတယ်။

"ဒီလိုလူလေးရ၊ ရေခံမြေခံကောင်းတဲ့ 'ဃ' ရွာသူရွာသားတွေဟာ ဘာသာရေးကို မျက်ကန်းကိုးကွယ်ခဲ့ကြတော့ သူတို့က နောက်ဘဝကောင်းစားရေးဆိုတဲ့ အစွဲနဲ့ ဘာသာရေး အဆောက်အဦတွေကို သူ့ထက်ငါ အပြိုင်အဆိုင်ဆောက်ကြတယ်။ ဒီလိုဆောက်လုပ်ခြင်းဟာ သူတို့သေပြီးနောက် အထောက်အပံ့ကောင်းဖြစ်စေတယ်ဆိုတဲ့ ဟောပြောချက်အပေါ်မှာလည်း ယုံကြည်မှုလွန်ကဲတာ ပါမှာပေါ့ကွယ်။ ဒီတော့ ဘာသာရေးအဆောက်အဦတွေ ဆောက်ဖို့အတွက် သစ်ဝါးတွေကို ခုတ်ကြရမယ်လေ၊ လူလေးမြင်ကြည့်စမ်း ဒီလောက်ပမာဏအများကြီးကို ရွာသူရွာသားတွေရဲ့ ဘာသာရေးအစွဲ အသုံးပြုလိုက်ခြင်းကြောင့် မြစ်ကြောင်းတွေ ပြောင်းသွ၊၊တယ်၊ သစ်တောတွေ ပြုန်းတီးကုန်တယ်မို့လား၊ ဒါ့ကြောင့် 'ဃ' ရွာရဲ့ ပတ်ဝန်းကျင် ဂေဟစနစ် ပျက်စီး



သွားပြီး ရာသီဥတုနဲ့ မြေဆီလွှာတွေရဲ့ အခြေအနေဟာ မမျှော်မှန်းနိုင်လောက်အောင် ဆိုးရွားသွားမယ်မဟုတ်လား လူလေး။ နောက် 'ဃ' ရွာသူရွာသားတွေရဲ့ ချမ်းသာကြွယ်ဝမှုတွေဟာလည်း ဒီဘာသာရေးအဆောက်အဦးတွေထဲမှာ မြုပ်နှံခြင်းနဲ့အတူ လျှော့ပါးပျောက်ကွယ်ကုန်မယ်။ နောက်မျိုးဆက်တွေအတွက် အမွေချန်ခဲ့ရမယ်ဆိုတာထက် သူတို့သေပြီး ကောင်းစားချင်တဲ့ အစွဲနဲ့သာ ရွာသူရွာသားတွေဟာ အတ္တကြီးစွာပြုမူခဲ့ကြတယ်"။

"အဆိုးရွားဆုံးက လူတွေရဲ့လုပ်အားနဲ့အချိန်တွေ၊ တကယ်လူ့လောက လူသားမျိုးနွယ်တစ်ခုလုံးကို လက်ငင်းအကျိုး ပြုမယ့် ဆေးဝါးအတတ်တွေ၊ နည်းပညာဖွံ့ဖြိုးစေမယ့် တီထွင်ဖန်တီးမှုတွေ အစရှိတဲ့ ပညာရပ်တွေလေ့လာဖို့ အချိန်မရှိတော့ဘူး၊ 'ဃ' အနာဂတ် ဖွံ့ဖြိုးတိုးတက်ဖို့ကျောင်းတွေ၊ ဆေးရုံတွေ၊ လမ်းတံတားတွေ၊ ရေတွင်းရေကန်တွေ၊ ဈေးတွေအစရှိတဲ့ ပညာရပ်ဆိုင်ရာ လူမှုဆိုင်ရာ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦတွေ၊ တည်ဆောက်မှုတွေမှာလည်း မမြုပ်နှံလစ်လျူရှု ကုသိုလ်ပိုရမယ်ထင်တဲ့ ဘာသာရေးမှာသာ တစ်ဖက်စွန်းတည်ဆောက်ခဲ့ကြတယ်။ ဒီလို **ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်** ဖြစ်လာတဲ့ 'ဃ' ရွာရဲ့ အနာဂတ်ဟာ အတတ်ပညာနဲ့ အသိဉာဏ်ဖွံ့ဖြိုးလာပြီး မျိုးဆက်တွေဟာလည်း လူစဉ်မမှီ နုံချာစုတ်ပြတ်လာတာပေါ့ လူလေးရာ"။

အဖိုးအိုရဲ့ ရှည်လျားတဲ့ ရှင်းပြချက်တွေဟာ ကျွန်တော့်ခေါင်းထဲမှာ ပြိုးကနဲ ပြက်ကနဲ အလင်းထွက်သွားခဲ့တယ်။

ကျွန်တော်တို့ဟာ ကုသိုလ်ရပါတယ်ဆိုတဲ့ အရာအားလုံးကို လေ့လာဆန်းစစ်ကြည့်ဖို့လိုနေပြီလား။

ဇာနည်ညွန့်လွင်

□ □ □

## တန်ဖိုးသိမှ တန်ဖိုးရှိ

တစ်ခါတုန်းက လူသူမနီးမဝေးအရပ်ဒေသရဲ့ တောင်ကုန်းတစ်ခုပေါ်မှာ ဝတ်ပြုကျောင်းလေးတစ်ကျောင်းနဲ့ သီတင်းသုံးတဲ့ သူတော်စင်ကြီးတစ်ပါး ရှိခဲ့တယ်တဲ့။ သူတော်စင်ကြီးဟာ ဝတ်ပြုလာတဲ့သူတွေကို အခါအခွင့်သင့်တိုင်း တရာမမ္မတွေ လမ်းညွှန်ဟောပြောမှုတွေလည်း လုပ်တယ်တဲ့။ သူတရားဟောတိုင်း ဝတ်ပြုကျောင်းဆောင်ခေါင်းမိုးမှာ အသိုက်လုပ်ပြီးနေတဲ့ ပင့်ကူမလေးတစ်ကောင် တိတ်တဆိတ်နာယူလေ့ရှိတာကိုလည်း သူတော်စင်ကြီးက သတိပြုမိတယ်။

တစ်နေ့ လူခြေတိတ်တဲ့ ညနေခင်းတစ်ခုမှာ ပင့်ကူမလေးကို မေးတယ်။

“ချစ်သမီး ငါ ဟောတဲ့တရားတွေကို စိတ်ဝင်တစား သမီးနာယူပေါင်းလည်း များလှပြီ၊ ဒီတော့ လောကမှာ တန်ဖိုးအထားသင့်ဆုံးအရာက ဘာလဲ” လို့မေးတယ်။ ပင့်ကူမလေးက သေချာစဉ်းစားပြီး ဖြေတယ်။



“ကိုယ်တန်ဖိုးထားတဲ့ အရာတွေပေါ့အရှင်”

သူတော်စင်ကြီးဟာ ပင့်ကူမလေးအဖြေကိုကြားပြီး ဘာစကားမှ ထပ်မပြောတော့ဘူး။ ဒီလိုနဲ့တစ်နေ့မှာ ငွေမှုန်လေးတစ်ခုဟာ လေနဲ့အတူ ကျောင်းဆောင်ထဲ လွင့်လာပြီး ပင့်ကူအိမ်လေးမှာ ကပ်ငြိနေတယ်။ ပင့်ကူမလေးဟာ အရောင်တလက်လက်တောက်နေတဲ့ ငွေမှုန်လေးကို သဘောကျလွန်းလို့ တဖြည်းဖြည်း တိုးကပ်သွားတယ်။

ဒါပေမယ့် ပင့်ကူမလေးငွေမှုန်နားကို ရောက်လုခင်မှာပဲ လေတစ်ချက်ဝှေ့တိုက်ပြီး ငွေမှုန်လေးဟာ အဝေးကို လွင့်သွားခဲ့တယ်။ ပင့်ကူမလေးဟာ ဝမ်းနည်းလွန်းလို့ ငိုကြွေးတာပေါ့။ အဲဒီအချိန်မှာပဲ သူတော်စင်ကြီးဟာ အရင်မေးခွန်းကိုပဲ ထပ်မေးပြန်တယ်။

“ချစ်သမီး... လောကမှာ တန်ဖိုးအထားသင့်ဆုံးအရာက ဘာလဲ”

“ကိုယ် ချစ်ခင်နှစ်သက်တဲ့အရာတွေပါအရှင်” လို့ ပင့်ကူမလေးက ဖြေလိုက်တယ်။

ဒီတစ်ခါတော့ သူတော်စင်ကြီးဟာ ပင့်ကူမလေးကို လုံမပျိုလေးအဖြစ် ဖန်ဆင်းပေးလိုက်တယ်။ လုံမပျိုမိန်းမငယ်လေးဖြစ်သွားတဲ့ ပင့်ကူမလေးဟာ အလွန်အံ့ဩပျော်ရွှင်သွားတာပေါ့။

ဒီလိုနဲ့ လုံမပျိုလေးဟာ သူတော်စင်ကြီးကို ခွင့်ပန်ပြီး လူတွေရှိရာအရပ်ကို ထွက်လာခဲ့တယ်။ ကံကောင်းချင်တော့ လုံမပျိုလေးဟာ လမ်းမှာ ငွေမှုန်လေးကိုပဲ ငွေရောင်မင်းသားလေးအဖြစ် တွေ့လိုက်ရတယ်။ လုံမပျိုလေးနဲ့ ငွေရောင်မင်းသား လေးတို့ဟာ

တစ်ခဏအတွင်းမှာပဲ တစ်ဦးနဲ့တစ်ဦး ရင်းနှီးသွားကြပြီး ကြည်နူးပျော်ရွှင်စွာ လူတွေနေတဲ့အရပ်ဆီ အတူတကွ ထွက်လာခဲ့ကြတယ်။

ဒါပေမဲ့ ပင့်ကူလုံမပျိုလေးရဲ့ အပျော်ဟာ ကြာကြာမခံလိုက်ပါဘူး။ လူတွေနေတဲ့အရပ်ဆီ မရောက်ခင်လေးမှာပဲ ငွေရောင်မင်းသားလေးကို လေမင်းသမီးလေးက ခေါ်ဆောင်သွားလို့ပါ။ နောက်ပြီး လေမင်းသမီးက ပင့်ကူလုံမပျိုလေးကို ပြောသွားသေးတယ်။

ငွေမှုန်မင်းသားလေးကို နဂိုကတည်းက သူပိုင်တယ်တဲ့။ သူ့ (လေ) ကြောင့်ပဲ ပင့်ကူမလေးနဲ့ ငွေမှုန်မင်းသားလေးတို့ တွေ့ရသလို အခု သူ့ (လေ) ကပဲ ပြန်ခေါ်သွားတော့မယ်တဲ့။

ငွေမှုန်မင်းသားလေးကို ဆုံးရှုံးလိုက်ရလို့ အရမ်းဝမ်းနည်းသွားတဲ့ လုံမပျိုလေးဟာ လူ့ဘဝမှာတောင် မနေချင်တော့ပါဘူးဆိုပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့ မလှမ်းမကမ်းမှာရှိတဲ့ ချောက်ကြီးတစ်ခုဆီ ပြေးသွားတယ်။

"မလုပ်နဲ့"ဆိုတဲ့ အသံတစ်သံနဲ့အတူ လုံမပျိုလေးလက်ကို လုလင်ပျိုလေးတစ်ဦးက လှမ်းဆွဲထားလိုက်တယ်။ သူ့အသက်ကို ကယ်တင်လိုက်တဲ့ လုလင်ပျိုလေးကို ပင့်ကူမလေး တစ်ခါမှ မမြင်ဖူးပေမယ့် လုလင်ပျိုလေးကတော့ ပင့်ကူမလေးကို နှစ်သက်မြတ်နိုးတဲ့ အကြည့်နဲ့ ကြည့်နေတာကို ထူးထူးဆန်းဆန်း တွေ့လိုက်ရတယ်။

အဲဒီအချိန်မှာပဲ သူတော်စင်ကြီးရဲ့ အသံထွက်ပေါ်လာတယ်။

"ချစ်သမီး ချစ်သမီးကို ကယ်တင်လိုက်တဲ့ လုလင်ပျိုလေးဟာ အခြားသူမဟုတ်ဘူး၊ သူဟာ ချစ်သမီးကို ပင့်ကူမလေးဘဝမှာကတည်းက မြတ်နိုးလွန်းလို့ လူတကာရဲ့ အနင်းခံပြီး လှမ်းလှမ်း



ကြည့်နေတဲ့ ကျောင်းဆောင်တံခါးဝနားက မြက်ကလေးသာ ဖြစ်တယ်၊ ချစ်သမီးက သတိမထားမိတော့ မသိဘူးပေါ့။

"အို..."

ပင့်ကူမလေး မယုံနိုင်လောက်အောင် အံ့ဩသွားတယ်။ သူမလို ပင့်ကူမလေးအတွက်နဲ့များ ...။

**"ချစ်သမီး... လောကမှာ တန်ဖိုးအထားသင့်ဆုံးကတော့ ကိုယ့်ကို တန်ဖိုးထားသူသာ ဖြစ်တယ်"**

သူတော်စင်ကြီးရဲ့ စကားသံပျောက်ကွယ်သွားတဲ့ နောက်မှာတော့ ပင့်ကူမလေးနဲ့ မြက်လုလင်ပျိုလေးတို့ဟာ နားလည်မြတ်နိုးစွာ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ပြီး လူတွေရှိရာ အရပ်ဆီကို ပျော်ရွှင်စွာ လျှောက်လှမ်းခဲ့ကြတယ်။

ဇာနည်သွန့်လွင်

□ □ □

# လွတ်မြောက်မှု ရာပုံတော်
## (၁)

"အို... မီးအိမ်လေးတစ်လုံးပါလား"

မြူခိုးတွေ ဝေမှိုင်းနေတဲ့ အခြေအနေအတွက်တော့ အထောက်အကူပြုနိုင်ကောင်းပါရဲ့။ ကျွန်တော်မီးအိမ်လေးကို လှမ်းယူပြီး မီးစာကို ညှိလိုက်တယ်။ တစ်ကိုယ်ရေစာ လင်းလက်သွားမှုနဲ့အတူ မီးအိမ်ပေါ်က စာတချို့ကိုပါ ကျွန်တော်မြင် လိုက်ရတယ် ဒိုင်အို ဂျီနိစ်...တဲ့။

အဲ့ဒါနဲ့ပဲ ဒိုင်အိုဂျီနိစ် မီးအိမ်လေးအကူအညီနဲ့ ကျွန်တော်ရဲ့ လွတ်မြောက်မှု ရာပုံတော်ခရီးစခဲ့တယ်။ အဲဒီလိုသွားရင်း တစ်နေရာ ရောက်တော့ လူတွေ တရုန်းရုန်းနဲ့မို့ ကျွန်တော်စပ်စုကြည့်မိတာပေါ့။

အလို... လွတ်မြောက်မှုအကြောင်း သင်ကြားပေးတဲ့ ပညာရှိကြီးရောက်နေတယ်ဆိုပါလား။ အဲဒီလိုသိလိုက်ရတော့ ကျွန်တော်လည်း စိတ်ဝင်တစား ကြိတ်ကြိတ်တိုးနေတဲ့ လူအုပ်ကြီးကြားကနေ တဖြည်းဖြည်းရှေ့ရောက်အောင် တိုးသွားလိုက်တာ ပညာရှိကြီးနဲ့ လူတချို့ အမေးအဖြေလုပ်နေတာကို ကောင်းကောင်းမွန်မွန် ကြားနိုင်လောက်တဲ့ နေရာအထိ ရောက်လာတယ်။



လူတစ်ယောက်က ပညာရှိကြီးကို မေးတယ်။

"ပညာရှိကြီး ခင်ဗျား ... ကျွန်တော့်ခြေထောက်မှာ ဒဏ်ရာတစ်ခုရှိပါတယ်။ ဒီဒဏ်ရာကြောင့် ကျွန်တော်မျိုး အမြဲတမ်းနာကျင်ကိုက်ခဲနေရပါတယ်။ ကျေးဇူးပြုပြီး ဘာလုပ်ရမယ်ဆိုတာ ညွှန်ကြားပေးပါခင်ဗျာ"

ပညာရှိကြီးက မဆိုင်းမတွဘဲ ပြန်ဖြေတယ်။

"အိုး... ခြေထောက်ရှိနေသမျှ ဒဏ်ရာဆိုတာ ရှိနေဦးမှာပဲလေ။ အကယ်၍များ ခြေထောက်မရှိတော့ဘူးဆိုရင် ခြေထောက်နာတာရှိပါဦးမလား။ ဒါကြောင့် မင်းခြေထောက်ကို အပြီးဖြတ်လိုက်ပေါ့။ ဒါဆို မင်းခြေထောက် ဒုက္ခမခံစားရတော့ဘူး။

ပညာရှိကြီးရဲ့ ဩဝါဒစကားကြားရတဲ့ လူထုပရိသတ်ကြီးက လက်ခုပ်သံတဖြောင်းဖြောင်းညံအောင် ပေးလိုက်ကြတာ ကျွန်တော့်နားတွေတောင် အူသွားတယ်။ ပညာရှိကြီးရဲ့ စကားအဆုံးမှာ မေးတဲ့သူအပါအဝင် လူတချို့ သူတို့ခြေထောက်တွေကို အပြန်အလှန်ဓားနဲ့ တစ်ခါတည်း ခပ်ရဲရဲ ခုတ်ဖြတ်ပစ်လိုက်ကြတာ ကျွန်တော်တွေ့လိုက်ရတယ်။

နောက်တစ်ဦးက ထပ်မေးပြန်တယ်။

"ကျွန်တော်ကတော့ မျက်စိနာနေတာပါ ပညာရှိကြီး"

အဲဒီလူကြီး စကားမဆုံးခင်မှာပဲ ပညာရှိကြီးက ပြောလိုက်ပါတယ် "မျက်စိမရှိတော့ရင် မျက်စိနာခြင်းလည်း မရှိတော့ဘူး။ ဒါကြောင့် ဘယ်တော့မှ မျက်စိဝေဒနာ မခံစားရအောင် မျက်စိကို ဖောက်ထုတ်ပစ်လိုက်ပါ"

"အိုး... ဟုတ်တာပဲ"

"သိပ်မှန်တာပေါ့"ဆိုတဲ့ အသံတွေနဲ့ လူအုပ်ကြီးဆီက ထောက်ခံသံတွေ ညံထွက်လာတယ်။ လူအုပ်ထဲက မျက်စိနာနေသူတွေဟာ သူတို့မျက်လုံးတွေကို မဆိုင်းမတွ ဖောက်ထုတ်လိုက်ကြပြန်တယ်။ ကြာလာတော့ လက်မနာအောင် လက်ဖြတ်ကြတဲ့လူတွေ၊ နားရွက်တွေ ဖြတ်လိုက်သူတွေ အစရှိသဖြင့် လူအုပ်ကြီးထဲမှာ ဒုက္ခိတအရေအတွက် တဖြည်းဖြည်း တိုးပွားလာတယ်။

ပညာရှိကြီးက "ကဲ... ကဲ... တပည့်တို့ အခုနောက်ဆုံးသိချင်တဲ့ မေးခွန်းသာ မေးကြပေတော့ ဒါပြီးရင် ငါလည်းစကားကြောင့် ဖြစ်လာတဲ့ ဒုက္ခတွေ ရှောင်ရှားရန်အလို့ငှာ ဝစီပိတ်အကျင့် ကျင့်တော့မယ်။ မြန်မြန်မေးကြတော့" လို့ဆိုတယ်။

ပညာရှိဆိုသူကြီးရဲ့ စကားအဆုံးမှာ ဒုက္ခိတဖြစ်သွားတဲ့လူတစ်ယောက်က မေးလိုက်တယ်။

"ပညာရှိကြီး ခင်ဗျာ... ပညာရှိကြီး လမ်းညွှန်မိန့်ကြားသလိုကျွန်တော်မျိုးတို့ဟာ မျက်စိနားနှာခေါင်းခြေလက်တွေ ပယ်လိုက်ပြီးပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ အသက်ဆက်ရှင်ဖို့ ဘာလုပ်ငန်းများလုပ်ကိုင်ရမလဲ ပညာရှိကြီးခင်ဗျား"

"ကောင်းလေစွ... ကောင်လေစွ... မင်းတို့ဟာ ဒုက္ခဖြစ်စေကြောင်းတွေ ပတ်သက်ပြီးကြတဲ့ လွတ်မြောက်သူတွေ ဖြစ်ကုန်ကြပြီပဲ။ အင်မတန် လူဖြစ်ကျိုးနပ်တဲ့ လူတွေပေါ့ကွာ၊ ဒါကြောင့်မို့မင်းတို့လောက်အသိဉာဏ်မရှိ၊ သတ္တိမရှိ၊ လူဖြစ်ကျိုးမနပ်တဲ့ ဒုက္ခဖြစ်စေတဲ့ ခြေလက်နားစတဲ့ အင်္ဂါအစုံရှိတဲ့ အလုပ်လုပ်နေကြသေးတဲ့ လူမိုက်တွေဆီက တောင်းစားကြပေါ့ကွာ"

လူအုပ်ကြီးက တခဲနက်ပဲ လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ "သိပ်ကောင်းတဲ့ အဖြေပါပဲ။ ပညာရှိကြီးခင်ဗျာ၊ ကျေးဇူးကြီးလှပါ



ပေတယ်။ လူမိုက်တွေဆီကနေ ကျွန်တော်တို့ တောင်းစားကြပါတော့မယ်"တဲ့။

ဒုက္ခိတဖြစ်သွားတဲ့လူတွေဟာ ပညာရှိကြီးအဖြေကို အားရကျေနပ်သွားကြတယ်။

နောက်ဆုံးမေးခွန်းရဲ့ အဖြေကို ပညာရှိဆိုသူကြီးက ဖြေကြားပြီးတဲ့နောက်မှာတော့ ဘာသံမှ မကြားရတော့ပါဘူး။ သူပြောတဲ့ဝစီပိတ်အကျင့်ကိုသာ ကျင့်နေပါတယ်။ ဒုက္ခိတလူအုပ်ကြီးဟာလည်း ပညာရှိဆိုသူကြီးကို ဂါရဝပြုပြီး တောင်းစားဖို့ အလျှိုလျှိုထွက်ခွာသွားကြပါတော့တယ်။

ဘယ်သူမှ မရှိတော့မှ ကျွန်တော်လည်း ပညာရှိဆိုသူကြီးအနားကို တဖြည်းဖြည်းတိုးကပ်သွားပြီး လက်ထဲက ဒိုင်အိုဂျိနိစ်မီးအိမ်လေးကို မြှောက်ကြည့်လိုက်တော့ အား... မျက်တွင်းတွေကဟောက်ပက် နားရွက်ပြတ် ခြေမရှိ လက်မရှိ ဒုက္ခိတကြီးပါလား။

ပညာရှိကြီးဆိုသူနဲ့ ဝေးရာကို ကျွန်တော်ထွက်ပြေးလာခဲ့တယ်။ ပြေးရင်းနဲ့လည်း ကျွန်တော်ဆုံးဖြတ်ချက်တစ်ခုချ လိုက်တယ်။

ကျွန်တော် ဘယ်တော့မှ မြင်နိုင်တဲ့ မျက်လုံးကို ကန်းအောင်၊ ကြားနိုင်တဲ့နားကို မကြားအောင်၊ လှုပ်ရှားနိုင်တဲ့ ခြေလက်တွေကိုကျိုးအောင်စတဲ့ ဒုက္ခိတဖြစ်မှသာ လွတ်မြောက်စေမယ့် လွတ်မြောက်မှုမျိုးကို ဆောင်မှာမဟုတ်ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

ကျွန်တော့်ကို လူမိုက်လို့ ဆိုချင်ဆိုပါစေတော့ ကိုယ်တိုင်ဘာမှမလုပ်နိုင်ဘဲ သူတစ်ပါး လုပ်အားကို အချောင်တောင်းစားပြီး ကျွန်တော် အသက်မရှင်လိုဘူး။

## (၂)

ပညာရှိဆိုသူ ဒုက္ခိတကြီးဆီကနေ ပြေးလာခဲ့တဲ့ ကျွန်တော် တစ်နေရာရောက်တော့ ခဏရပ်လိုက်ရပါတယ်။ တရှူးရှူးနဲ့ အသံဗလံ ဆူညံသံတွေ ကြားနေရလို့ပါပဲ။ ကြာပွတ်သံတွေလိုလို၊ ကြိုးနဲ့ ရိုက်သံလိုလို တရှူးရှူးအသံမျိုး တွေပါပဲ။

ဒါနဲ့ လက်ထဲက ဒိုင်အိုဂျိနိစ် မီးအိမ်လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ဆွဲမြောက်ရင်း အသံကြားရာဆီဦးတည်ပြီး ကျွန်တော်ကြည့်လိုက်တယ်။ အလို… ဟုတ်တာပေါ့ လူတချို့ သူတို့ဘာသာ ကြာပွတ်တွေနဲ့ ရိုက်နေကြတယ်။ ခြေလက် ကျောပြင်အစရှိသမျှ နေရာလွတ်မကျန်အောင် အလှူးရာတွေအပြည့် ဒဏ်ရာဗလပွနဲ့ပါပဲ။

အဲဒီတော့ မနေနိုင်လို့ မေးကြည့်တယ်… "မိတ်ဆွေတို့ ဘာလို့များ ကိုယ့်ဘာကိုယ် အနာခံပြီး ရိုက်နေကြတာလဲဗျာ" ဆိုတော့ နည်းနည်းသဘောကောင်းပုံရတဲ့သူက ကျွန်တော်ကို မော့ကြည့်ပြီး ဖြေတယ်။

"လွတ်မြောက်ချင်လို့ပါ"တဲ့။ "ဟာ… ဒီလိုရိုက်နေတာနဲ့ ခင်ဗျားတို့ ဘယ်လိုလုပ် လွတ်မြောက်ပါမလဲ၊ ခင်ဗျားတို့ ဒဏ်ရာတွေက များလှပြီ။ တော်ကြာ အသက်အန္တရာယ်တွေ ဘာတွေတောင် ဖြစ်နိုင်တာကိုဗျာ"လို့ ကျွန်တော် ကပြောတော့ သူက ပြန်ဖြေတယ်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့နာကျင်မှုကနေ လွတ်မြောက်ချင်တဲ့ အတွက်ကတော့ အနာခံရမှာပဲ။ ခင်ဗျားနားလည်အောင် ပြောရမယ်ဆိုရင်"စကားခဏရပ်ပြီး တရှူးရှူးနဲ့ သူ့ကိုယ်သူ ကြာပွတ်နဲ့ ရိုက်လိုက်ပြီးမှ သူ့စကားကို ဆက်ပြောတယ်။



"ဒီလိုရိုက်လို့ နာတယ်ဆိုတာ အသားက နာတာမဟုတ်ဘူးဗျ စိတ်က နာတာ၊ ဒီတော့ အဲဒီလို နာတဲ့စိတ်ကို ကျွန်တော်တို့က နာတယ်ဆိုတာ မရှိအောင် မသိအောင် ကျင့်တာပဲ။ ဒီလိုနဲ့ တဖြည်းဖြည်း ကျွန်တော်တို့ဟာ နာကျင်မှုကနေ လွတ်မြောက်မယ်လေ။ ခင်ဗျားဒီထက်ပိုသိချင်ရင်တော့ ဟိုဘက်နားက ကျုပ်တို့ ဆရာကြီးဆီ သွားမေးဗျာ၊ ကျွန်တော်တို့က အခုမှ ပထမအဆင့်ပဲ ရှိသေးတာ"

ဟင်း… ကနဲ သက်ပြင်းချရင်း ကျွန်တော်တွေးမိတယ်၊ ဒါဟာ မနာတော့တာမှ မဟုတ်ဘဲ၊ အနာခံနိုင်အောင် ကျင့်တာ ပဲလို့။

ကျွန်တော့်အတွေးကို အသာပြန်ထိန်းလိုက်ရင်း အဲဒီလူ ညွှန်ပြတဲ့ဘက် ကျွန်တော်ထွက်လာခဲ့တယ်။ သူတို့ဆရာကြီး တော့ သေချာရှင်းပြနိုင်ကောင်းပါရဲ့ဆိုတဲ့ အတွေးနဲ့ပေါ့။ ကျွန်တော် ရောက်သွားတော့ ဆရာကြီးဆိုသူနဲ့ သူ့တပည့်တစ်ဦး စကားပြောနေတာ တွေ့လိုက်ရတယ်။ ယဉ်ကျေးမှုအရ သူတို့ပြောနေတာ ဖြတ်မပြောချင်တာနဲ့ ခဏစောင့်နေလိုက်ပါတယ်။

"ဆရာကြီးခင်ဗျာ ကျွန်တော်ဟာ အခုဆိုရင် နာကျင်မှုကနေ လွတ်မြောက်လာခဲ့ပါပြီ။ ကျွန်တော့်ခန္ဓာကိုယ်နဲ့ ထိမိတာတွေ ထိသိမှာတင် စိတ်ထားပြီး နာကျင်တာ သာယာတာ မခံစားရအောင် ဖြစ်သွားပါပြီ။ ကျွန်တော့်ကို နောက်တစ်ဆင့် တက်ပေးပါ ခင်ဗျာ"လို့ တပည့်ဖြစ်သူက ဆရာကြီးဆိုသူကို ပြောတယ်။

ကျွန်တော်လည်း ဆရာကြီးဘာဆက်ပြောမလဲ သိချင်လို့ နားစွင့်ထားတယ်။

"ကောင်းလေစွ... ကောင်းလေစွ၊ ငါ့တပည့် အခုမင်းဟာ ကိုယ်ခန္ဓာရဲ့ ထိသိအပေါ် စိတ်အလိုလိုက်မှုကို ဖယ်ရှားနိုင်ပြီပဲ။ ဒီတော့ နောက်တစ်ဆင့်ကို ဆရာတက်ပေးရမှာပေါ့... ရော့"

ဆရာကြီးက သူ့တပည့်ကို ပေးလိုက်တဲ့ အရာကို ကျွန်တော် လှမ်းကြည့်မိတယ်။

"အား... ဝေါ့... ဝေါ့..." မသတီစရာကောင်းတဲ့ ပန်းချီကားကြီးတစ်ချပ်ပါဗျာ။ ကျွန်တော်အံ့ဒီပန်းချီကားကြီးကို ကြည့်ပြီး ဘယ်လိုမှ မထိန်းနိုင်တော့လို့ အန်ချလိုက်မိတယ်။

ကျွန်တော်ကို ဆရာကြီးဆိုသူနဲ့ သူ့တပည့်တွေက ပါရမီနည်းလိုက်တာဆိုတဲ့အကြည့်နဲ့ ကြည့်နေကြတယ်။ ပြီးမှ ဆရာကြီးက သူ့တပည့်ကို ဆက်ပြောတယ် "ဒီပန်းချီကားကြီးကို မင်းကိုယ်တိုင် မစင်ပုံပေါ်မှာထိုင်ပြီး ထမင်းညှော်ဟင်းညှော်တွေ စားပြီး အမြင်ကြောင့် ပေါ်လာတဲ့စိတ်၊ အနံ့ကြောင့် ပေါ်လာတဲ့စိတ်၊ အရသာကြောင့် ပေါ်လာတဲ့ စိတ်ကိုနိုင်အောင် ကျင့်ရမယ်။ ဒါတွေဖြစ်တာဟာလည်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ကြောင့်မဟုတ်ဘူးသိနေတဲ့ စိတ်ကြောင့်သာဖြစ်တယ်။ အဲဒီစိတ်ကိုသာနိုင်ရင် မင်းလွတ်မြောက်သူ ဖြစ်ပြီပေါ့"

"အား... ဝေါ့... ဝေါ့" ကျွန်တော် ဘယ်လိုမှ မရတော့ဘူး နောက်တစ်ခါ ထပ်အန်မိပြန်တယ်။ နောက်ပြီး အဲဒီ ဆရာတပည့် အုပ်စုဆီကနေ လွတ်မြောက်မှုဆိုတာကြီးကိုလည်း မလိုချင်တော့ပါဘူး။ သူတို့နဲ့ ဝေးရာကို ကျွန်တော် မြန်မြန် ပြေးထွက်လာခဲ့ပြန်တယ်။

ဟား... ခုမှပဲ လေကောင်းလေသန့်ရပြီး လန်းဆန်းသွားတော့တယ်ဗျာ... ကျွန်တော်သိတာတစ်ခုကတော့ နာခြင်း၊ နံခြင်း၊



ဆိုးရွားခြင်းအစရှိတာတွေဟာ မျက်စိ၊ နား၊ နှာ၊ လျှာကို အစရှိတဲ့ အာရုံခံအင်္ဂါတွေကြောင့်သာ စိတ်က သိရှိခံစား ရတာပဲမဟုတ်လား၊ ဒါနဲ့များ နာခြင်း၊ နံခြင်း၊ ဆိုးရွားခြင်းအစရှိတဲ့ အာရုံတွေကို မရှိလုပ်ပြီး အသိမှာတင်ရပ်ထားရုံနဲ့ အမှန်လွတ်မြောက်ပြီလား။

ဒါဆိုရင် မမြင်၊ မကြား၊ မနံစတဲ့ အာရုံခံအင်္ဂါတွေ ချို့တဲ့လို့ မခံစားနိုင် မသိရနိုင်သူတွေ ဥပမာ-လေဖြတ်နေသူတွေဟာ လွတ်မြောက်သူတွေလား၊ တကယ်တော့ အဲဒီလိုအကျင့်ဟာ စိတ် 'အ'အောင် ပေကျင့်တဲ့ အကျင့်တွေပါ။ တစ်ဦးနဲ့တစ်ဦး ဘယ်လောက် 'ပေ'နိုင်သလဲစတဲ့ ခံနိုင်အားသာ တိုးပွားစေမယ်၊ အမှန် ဒုက္ခက မလွတ်မြောက်နိုင်ပါဘူး။ ဆိုလိုတာက ပြဿနာအရပ်ရပ်ကို ခါးစီးပြီး အနာကို ခံနိုင်ရည်ရှိအောင် ကျင့်ရတဲ့ စိတ် 'အ'စေတဲ့ အကျင့်ကြီးပဲဗျာ။

ပြဿနာကို ပြေလည်အောင် ဖြေရှင်းနိုင်မယ့် လွတ်မြောက်မှု အစစ်အမှန်အကျင့်မဟုတ်ဘူးလို့ ကျွန်တော် မှန်မှန်ကန်ကန် ယူဆပြီး ရဲရဲကြီးဆုံးဖြတ်ချက် ချလိုက်ပါတယ်။

ဇာနည်သွန်းလွင်

□ □ □

## ခေတ်သစ် ပေါက်တူးသမား

ဆင်မြင်းဗိုလ်ပါတို့ ခြံရံပြီး စစ်မြေပြင်ကနေ စစ်နိုင်ပြန်လာခဲ့တဲ့ ဘုရင်တစ်ပါးဟာ နန်းတော်မရောက်ခင် လမ်းခရီး တစ်ထောက် ရွာတစ်ရွာမှာ နားနေချိန်ပေါ့။

"ယနေ့ ငါသည် အောင်ပြီ"

"ယနေ့ ငါသည် အောင်ပြီ"

"ယနေ့ ငါသည် အောင်ပြီ"လို့ လူတစ်ယောက်ရဲ့ အားရပါးရကြုံးဝါးသံကို ရှင်ဘုရင်အပါအဝင် အားလုံးကြား လိုက်ရတယ်။

"အလို... ဒါဘယ်သူ့ကြွေးကြော်သံလဲ၊ မင်းချင်းတို့ အမြန်စုံစမ်း၊ သင့်ကို ကိုယ်တော့်ရှေ့မှောက် အရောက်ခေါ်ခဲ့ ကြစမ်း" "မှန်လှပါ အရှင်မင်းကြီး"

ရှင်ဘုရင်ကြီး စိတ်ထဲမှာတော့ "ငါလိုစစ်ပွဲတစ်ပွဲကို အနိုင် တိုက်လာခဲ့တဲ့သူထက် ဘယ်သူဘယ်ဝါမှန်းမသိသူရဲ့ အောင်မြင်မှု က ဘာမို့လို့လဲ။ ဘယ်လောက်များ ကြီးကျယ်ခမ်းနား နေမှာမို့ လဲ"စတဲ့ စစ်နိုင်သူတို့ရဲ့ မာန်အခံနဲ့ တွေးနေတာပေါ့။ "ကျွန်တော် မျိုးတို့ ပြန်ရောက်ပါပြီ အရှင်မင်းကြီး၊ သာမန်ပေါက်တူးသမား တစ်ဦးပါ"လို့ မင်းချင်းတစ်ပါးရဲ့ လျှောက်တင်သံကြောင့် ရှင်ဘုရင်က သူ့အတွေးကို ရပ်လိုက်ပြီး "အမြန်ရှေ့တော် သွင်းစေ"လို့ မိန့်လိုက်တယ်။



ဟား... ဟား... သာမန်ပေါက်တူးသမားလေးကများ ကြီးကြီးကျယ်ကျယ် ယနေ့ငါသည် အောင်ပြီတွေ ဟစ်ကြွေးလို့ မေးလိုက်ရသေးသပ။

"ပေါက်တူးသမားလေး ရှေ့တော်မှောက် အခစားရောက် ပါပြီ အရှင်မင်းကြီး"

"အလို ငါကိုယ်တော်မြတ်လို စစ်နိုင်လာတဲ့ ရှင်ဘုရင်က တောင် ခေါ်မေးမြန်းရတဲ့ မောင်မင်းရဲ့ ယနေ့ငါသည် အောင်ပြီဆိုတဲ့ ကြွေးကြော်သံဟာ ဘယ်လိုအောင်မြင်မှုမျိုးများရခဲ့လို့လဲဆိုတာ အမြန်သံတော်ဦးတင်စမ်း အသင်ပေါက်တူးသမား"

ဘုရင်မင်းမြတ်ရဲ့ ခပ်ထေ့ထေ့ မေးသံကြောင့် အားလုံး ပေါက်တူးသမားကို ကြည့်ပြီး ရယ်မောကြတယ်။ ဒီလောက် နုံချာလှသူရဲ့ အောင်မြင်မှုက ဘယ်လောက်များခမ်းနားမှာမို့ ကြွေး ကြော်သံတွေ ညံရတာလဲဆိုပြီးပေါ့။

"မှန်လှပါ အရှင်မင်းကြီး ကျွန်တော်ဟာ လူမှန်းသိတတ်စက တည်းက ပေါက်တူးကို အရင်းပြုလို့ အသက်မွေးရတဲ့ သာမန် ပေါက်တူးသမားသာဖြစ်ပါတယ်။ ကျွန်တော့်ကိုယ်ကလွဲရင် ကျွန်တော်အယုံကြည်ဆုံး အမက်မောဆုံးဟာလည်း ပေါက်တူး ပါပဲ။ ကျွန်တော်မျိုး ဘယ်လောက်ထိ စွဲလမ်းခဲ့သလည်းဆိုရင် စားလည်း ပေါက်တူး၊ သွားလည်း ပေါက်တူး၊ အိပ်လည်း ပေါက်တူး၊ အချိန်ပြည့်စိတ်က စွဲလမ်းနေပါတယ်။ နောက်ဆုံး ပေါက်တူးအပေါ် စွဲလမ်းစိတ်ကြောင့် ကျွန်တော်မျိုး ကိုယ့်စိတ် ကိုယ်တောင် အစိုးမရပါဘူး။ ဒါကြောင့် ဒီစွဲလမ်းစိတ်ကို အကြိမ် ကြိမ်အခါခါ ပယ်သတ်နိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ အကြိမ်ကြိမ် အခါခါလည်း ကျွန်တော်မျိုး ရှုံးနိမ့်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့မှာ

တော့ ပေါက်တူးအပေါ် စွဲလမ်းစိတ်ကို အောင်မြင်စွာ ပယ်သတ်နိုင်ခဲ့လို့ အရှင်မင်းကြီးတို့ ကြားခဲ့သလိုမျိုးကြွေးကြော်ခဲ့မိတာပါ။ အနှောင့်အယှက်ဖြစ်သွားခဲ့မယ်ဆိုရင် မေတ္တာရှေ့ထားပြီး ခွင့်လွှတ်ပေးတော်မူပါ အရှင်မင်းကြီး"

ရှင်ဘုရင်နဲ့တကွ အားလုံးဟာ ပေါက်တူးသမားလေးရဲ့ တည်တည်ငြိမ်ငြိမ်လျှောက်ထားမှုကြောင့် အထင်သေးစိတ် ပျောက်ကုန်တယ်။

"ဒါဆိုရင် ငါကိုယ်တော်မြတ်ရဲ့ စစ်နိုင်အောင်ပွဲနဲ့ သင့်စွဲလမ်းစိတ်ပေါ် အောင်နိုင်ပွဲဘယ်ဟာက ပိုပြီး မွန်မြတ်ကြီးကျယ်သလဲ ပေါက်တူးသမား"

"မှန်လှပါ အရှင်မင်းကြီး တစ်ပါးသူကို ဆေးကုသပေးသော ဆေးဆရာသည် သူကိုယ်၌က ရောဂါမကင်းမူ ထိုဆေးဆရာ၏ ဆေးစွမ်းသည် အထက်မြတ်ဆုံးဖြစ်ပါမည်လော"

"ဘယ်ဟုတ်ပါ့မလဲ ပေါက်တူးသမား၊ သူ့ရောဂါပင် သူကိုယ်တိုင် မကုနိုင်ဘဲနဲ့တော့"

"ဒီလိုပါပဲ မင်းကြီး ကိုယ်တွင်း ကိလေသာရန်သူ မစင်ကြယ်သေးပါဘဲနဲ့ ပြင်ပတခြားရန်သူတွေကို အောင်နိုင် ခြင်းသည်လည်း ပြီးပြည့်စုံတဲ့ အောင်နိုင်ပွဲဖြစ်နိုင်ပါမည်လား အရှင်မင်းကြီး"

"အလို... မှန်တာပေါ့၊ မောင်မင်း ပညာရှိသူတော်ကောင်းပီသပါပေတယ်"

ရှင်ဘုရင်ဟာ ပေါက်တူးသမားရဲ့ လျှောက်တင်ချက်အဖြေကို သဘောကျနှစ်ခြိုက်ပြီး ဆုလာဒ်များစွာ ချီးမြှင့်ပါတယ်။ ပေါက်တူးသမားလေး ပြန်သွားတဲ့နောက်မှာ မှူးမတ်တွေရဲ့ တီးတိုးပြောသံကို ဘုရင်မင်းမြတ်ကြားမိတော့ စိတ်ထဲ ဇဝေဇဝါပြန်ဖြစ်သွားတယ်။



မှူးမတ်တွေပြောကြတာက–

"သူ့ကိုယ်တွင်း ကိလေသာ အောင်နိုင်သူလည်း ဆိုသေး၊ ဆုလာဒ်တွေတော့ မငြင်းဘဲ အကုန်ယူသွားတယ်နော်"တဲ့။ ဒါနဲ့နောက်တစ်ကြိမ် ပေါက်တူးသမားလေးကို ခေါ်စေပြန်တယ်။

ဒီတစ်ခါတော့ မင်းချင်းတို့က ပေါက်တူးသမားကို ပေါက်တူးပေါက်လျက်သား တွေ့ခဲ့ကြောင်း လျှောက်တင်တော့ ရှင်ဘုရင်ဟာ စိတ်ဆိုးဒေါသထွက်သွားတယ်။ ပေါက်တူးသမားကိုလည်း ကြိုးတုတ်ဖမ်းချုပ်စေပြီး ရှေ့တော်သွင်းစေတယ်။ ထို့နောက် စိတ်ဆိုးမာန်ဆိုးနဲ့ ပြောတယ်...။

"အလို... သင်လူလိမ်ပါလား ပေါက်တူးသမား၊ သင်ပဲပြောတော့ ပေါက်တူးအပေါ် စွဲလမ်းစိတ်ကိလေသာကို စွန့်လွှတ်အောင်နိုင်သူဆို ခုသင့်ကို ပေါက်တူးကိုင်ရက်သား တွေ့ခဲ့ရတယ်တဲ့၊ သင်ဘာငြင်းချင်သေးလဲ"

"အို... မြတ်သော မင်းကြီး ကိလေသာအောင်နိုင်ခြင်းကို အထင်မလွဲပါစေနှင့် အရှင်မင်းကြီး တွေးထင်ထားသည်မှာ ကျွန်တော်မျိုးက ပေါက်တူးကိုပါ စွန့်လွှတ်မည်ဟု ယူဆထားသည် မဟုတ်လား၊ တကယ်တော့ ကိလေသာ စွဲလမ်းစိတ်ဟူသည် ကျွန်တော်မျိုး ကိုယ်တွင်း၌သာ ဖြစ်တည်နေသော စွဲလမ်းစိတ်အမှားသာ ဖြစ်ပါတယ်။ ဒီကိလေသာဟာ ပေါက်တူးအပေါ်၌ မတည်ပါ။ ကျွန်တော်မျိုး၏ ပေါက်တူးကို ပေါက်တူးတစ်လက်၏ တန်ဖိုးထက် ပိုတွက်ပြီး လွန်ကျူးစွဲလမ်းသည့် ကျွန် တော်မျိုး၏ စိတ်မှား၊ စိတ်ဆိုး၊ စိတ်ဆာသာလျှင် ကိလေသာအမှန်ဖြစ်ပါတယ်။ ပေါက်တူးကို မမြင်ကွယ်ရာမှာထားပြီး လက်လှမ်းမမှီ မသုံးနိုင်တဲ့ အခြေအနေမှာမို့ မလုပ်ဖြစ်ခြင်းဟာလည်း ကိလေသာပြတ်

ခြင်းမဟုတ်ပါ။ နောက်ထပ် ပေါက်တူးတစ်လက်ကို ပြန်တွေ့တဲ့အခါ မမှန်မကန်စွဲလမ်းမှုက ပြန်ပေါ်လာဦးမှာပါ။ မဟုတ်တာလုပ်ခွင့်မသာလို့ မလုပ်တဲ့သူကိုလည်း လူကောင်းလို့ သတ်မှတ်လို့မရပါဘူး အရှင်မင်းမြတ်၊ လူဆိုးမဖြစ်သေးတာပဲ ဖြစ်မှာပေါ့။

အရှင်မင်းကြီး ပေါက်တူးဟာလည်း ပေါက်တူး၏ တန်ဖိုးအတိုင်း အသုံးတည့်သည့် ဂုဏ်သာရှိပါတယ်။ ကိလေသာ ပယ်ပြီးသော လူအစစ်ကို မဆွဲဆောင်နိုင်ပါ။ ထိုကဲ့သို့ အသုံးတည့်သောအရာကို ကိလေသာပယ်သတ်ခြင်းခေါင်းစဉ်တပ်၍ စွန့်လွှတ်သူသည် မိုက်မဲသူသာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်ပေါက်တူးပညာနဲ့ အသက်မွေးသော ကျွန်တော်မျိုးသည်ပေါက်တူးကို စွန့်လွှတ်ခြင်းဖြင့် ပညာကိုပါ စွန့်လွှတ်ရာရောက်ပါမည်။ ထိုအခါ ကျွန်တော်မျိုး၏စားဝတ်နေမှု အသက်မွေးဝမ်းကြောင်း လုပ်မှုကိစ္စအားလုံးကို အခြားတစ်ပါးသူများထံမှ တောင်းရမ်းစားသောက်ခြင်းဖြင့်သာ ရပ်တည်ရပေတော့မည်။ ဤသို့ဖြင့်ထိုပေါက်တူးဖြင့် အသက်မွေးသော သူတို့၏ စားဝတ်နေကိစ္စတာဝန်များသည် လောကဌ ဝန်ပိစေတော့မည်။ ဤသို့သောအကြောင်းသည် အရှင်မင်းကြီး မျှော်လင့်ယုံကြည်သော ကိလေသာကို ပစ္စည်းပညာ အလုပ်တာဝန်တို့အပေါ်၌ မှားယွင်းစွာပစ်ပယ်ခြင်းနှင့် ရှာဖွေသာအကျိုးသာဖြစ်နော့မည် မဟုတ်လော။”

ပေါက်တူးသမားလေးက အဲ့ဒီလိုလျှောက်တင်လိုက်တဲ့အခါတီးတိုးဝေဖန်လိုက်တဲ့ မင်းချင်းအမတ်တို့ဟာ အမှန်ကို သိမြင်တဲ့ပေါက်တူးသမားလေးကို ချီးကျူးစကားသံတွေထွက်လာပါတယ်။ အဲဒီနောက် ပေါက်တူးသမားလေးဟာ သူ့စကားကို တည်ငြိမ်လေးနက်စွာ ဆက်ပြောပါတယ်။



“အရှင်မင်းကြီးအနေနဲ့ ထိုသို့မှားယွင်းယူဆခဲ့သော် ကိလေသာအောင်နိုင်ရန်အလို့ငှာ အရှင်မင်းကြီးဟာ တိုင်းပြည်ကို စွန့်တော့မည်၊ ရှင်ဘုရင် တာဝန်ဝတ္တရားကို စွန့်တော့မည်၊ ထိုအခါ သေချာစီမံမှုမရှိသော အရည်အချင်းမပြည့်ဝသော သူတစ်ယောက်အုပ်ချုပ်ခဲ့သော် တိုင်းသူပြည်သားအပေါင်း ပျက်စီးရတော့မည်၊ လူဆိုးလူယုတ်မာတို့ ထကြွသောင်းကျန်းကာ အခြားနိုင်ငံတို့၏ ကျူးကျော်စစ်တို့ဖြင့် အရှင်မင်းကြီးလစ်လျူရှုထားသော တိုင်းပြည်လောက ပျက်စီးပေတော့မည် မဟုတ်ပါလော။ အရာအားလုံးစွန့်လွှတ်ခြင်းသည် ဆောင်ရန်တရားမဟုတ်ပါ မြတ်သော မင်းကြီး။ ရှင်ဘုရင်နှင့် ပြည်သူပြည်သား၊ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ မိတ်ဆွေအချင်းချင်း စတဲ့ လောကလူသားအနေနဲ့ မိမိတာဝန်ဝတ္တရားကို ကျေပွန်ပြီး အမှုကိစ္စအားလုံးကို ခမ္မဆန်ဆန်လုပ်ဆောင်ခြင်းသည်သာ ဆောင်ရန်တရားဖြစ်သကဲ့သို့ အမှန်အကျိုးဖြစ်ထွန်းမည့် အလုပ်မှန်ဖြစ်တော့မည် မဟုတ်ပါလော အရှင်မင်းကြီး”

ပေါက်တူးသမားလေးရဲ့ လျှောက်တင်မှုအဆုံးမှာတော့ရှင်ဘုရင်ကြီးကိုယ်တိုင် ဘာစကားမှမဆိုနိုင်ဘဲ ငေးမော တွေးတောနေပါတော့တယ်။

ဇာနည်ညွန့်လွင်

□ □ □

## စနေမလေးနဲ့ တနင်္ဂနွေကျွန်တော်

၁။ တော်ပါပြီ စနေရယ်၊ ခပ်ညှံ့ညှံ့ဇာတ်ကားထဲကလို နှုတ်ခမ်းမွေးကားကား၊ ဘောင်းဘီပွပွနဲ့ အရက်ပုလင်းမလွှတ်တမ်းကိုင် စာကပ်မထားရုံ ဗီလိန်ပါကမှ မင်းသားဖြစ်ရမယ်ဆိုရင် နင် ငါ့ကိုချန်ခဲ့ပါတော့။

၂။ တကယ်ပြောတာပါစနေ။ မင်းအတွက်ဆိုရင် ငါ တနင်္ဂနွေဆန်မှုကိုတောင် ခွာချပေးမယ်။ အလုပ်မရှိ အကိုင်မရှိ မင်းသမီးမြင့်ဖို့ သူတို့ကိုနှိမ့်ပေးခိုင်းတဲ့ ခပ်ညှံ့ညှံ့ ဒါရိုက်တာလို နင် သူငယ်ချင်းညှံ့တွေ မရှာပါနဲ့ဟာ။

၃။ သေချာစဉ်းစားပါ စနေ၊ ဆိုက်ကားသမားသား ဆရာဝန်ဖြစ်တာ ဘယ်မှရှုက်စရာမဟုတ်ဘဲ အသည်းအသန်ဇာတ်နာပြနေတဲ့ ခပ်ပိန်းပိန်းအတွေးအခေါ်တွေ ငါ စိတ်ပျက်တယ်။

၄။ မလျှောင်စမ်းပါနဲ့စနေ၊ ကိုယ့်ယုံကြည်မှုအတွက် ချစ်သူခင်သူမိဘအပါအဝင် ပတ်ဝန်းကျင်ရဲ့ မေးငေါ့ခံ ဘဝနဲ့ရင်းပြီး ခိုင်ကျည်ပြတဲ့ ဒွိလိင်တွေလောက် ကိုယ်အပါအဝင် တချို့ယောကျ်ားရင့်မာကြီးဆိုသူတွေ ဇ ရှိတာ မဟုတ်ဘူး။



၅။ မမုန်းလိုက်ပါနဲ့စနေ၊ အပူပင်မရှိ သူတို့ဘဝနဲ့ရင်းပြီး ရွှေလို 'ဥ' ထားတဲ့ သားသမီးကို နေပူစပ်ခါး ရွံ့လူးနွားလို မမြင်ရက်တဲ့ အမြော်အမြင်ရှိမှုဟာ တချို့တစ်ဖက်ပိတ် စာရေးဆရာတွေရေးသလို အဆင့်အတန်းခွဲတာ မဟုတ်ပါဘူး။ နောက်ပြီး ချစ်လှပါပြီဆိုတဲ့ သနားကမားကောင်လေးက ကောင်မလေးကို မပြည့်စုံတဲ့ဘဝနဲ့ မြင်ဖူးတာမဟုတ်လို့ သူပြောင်းမသွားဘူးလို့ ဘာနဲ့အာမခံမလဲ။

၆။ အားမကျစမ်းပါနဲ့စနေ၊ 'ကောင်းမှု' လို့သာ အသေသိ မလုပ်ရင် 'ငရဲ' ထင်လို့သာ လာသမျှအလှူခံ အတုအစစ်မခွဲမချိသွားဖြဲပြီး ထည့်နေတာကို တကယ်တမ်းတော့ လက်ငင်းအကျိုးရှိလှတာ မဟုတ်ဘူး။

၇။ တကယ်မှတ်မနေနဲ့ စနေ၊ ဇာတ်ကောင်မင်းသား ဘေးလူသနားအောင် လူရှင်တော်ကို သူဌေးလုပ် အဓိပ္ပာယ်မရှိတဲ့ ပြကွက်တွေ တဟီးဟီး တဟားဟား အရှုးဝမ်းနှုတ်ထားသလို ခပ်ပေါပေါသူဌေး အပြင်လောကမှာ နင်တွေ့ဖူးလို့လား။

၈။ သတိထားပါစနေ၊ ရိုးသားတာနဲ့ 'အ' တာကို လေနဲ့ဝမ်းမကွဲသလို ဟိုစပ်စပ် ဒီစပ်စပ်လုပ်ပြီး သူ့ရဲကောင်းမလေး ဒုက္ခရောက်တာကို ရွှေမင်းသားလေး လာကယ်မှာချည်းပဲ မမျှော်လင့်ပါနဲ့၊ အခြေအနေ အချိန်အခါမကြည့် ကိုယ်အန္တရာယ်ကိုယ်မမြင်လို့ မင်းသမီး လှလှ အအလေးတွေ ဘီလူးစားခံရတာ တကယ့်လက်တွေ့လောကမှာ တပုံကြီးပါ။

နေနှင့်ဦး စနေ

ဒီနေ့ တနင်္လာနေ့မို့ ငါအလုပ်သွားရဦးမယ်ဟာ...။

ဇာနည်ညွန့်လွင်

□ □ □

## လူအစစ်

မဟာသမုဒ္ဒရာထဲ နှစ်တစ်ရာမှာ တစ်ကြိမ်သာပေါ်တဲ့ လိပ်ကန်းကြီးရဲ့ဦးခေါင်းနဲ့ ဒီအတိုင်းဥဒေဟိုမျောနေတဲ့ အပေါက်တစ်ပေါက်ထဲပါ တံပိုးတုံးတို့ စွပ်မိဖို့ထက်တောင် လူ့အဖြစ်ကိုရဖို့ ခဲယဉ်းတယ်လို့ ဆိုတယ်။

ဟာ… ဒီလောက်လူဦးရေတိုးလွန်းလို့ မရှိမသေစကားတားဆေးတောင်သောက်နေရတဲ့ လူ့လောကမှာ လူဖြစ်ဖို့ လွယ်မှလွယ်ပါဗျာ။ အဲ့ဒါ လူအစစ်ဘဝကို နားမလည်သူတွေကဆိုကြတဲ့စကားပါ။ တကယ်တော့ လူတိုင်းဟာ လူအစစ် မဟုတ်ဘူးလို့ မသိကြလို့ပါ။

တကယ်တော့ လူတိုင်းကို လူအစစ်လို့တွေးရင် မှားတော့မပေါ့။ လူ့စံမမီ၊ လူ့စံမကိုက်သူတွေ၊ လူ့စံကျော်နေသူ၊ လွန်ကဲနေသူတွေကိုဖယ်လိုက်မယ်ဆိုရင်တော့ လူဖြစ်ဖို့ခဲယဉ်းတယ်ဆိုတဲ့စကား သိပ်မှန်ကြောင်းဖြစ်လာမှာပါ။

ဥပမာဗျာ… လူဖြစ်ပြီး အိပ်စား ကာမသုံးမျိုးလောက်သာခေါင်းထဲရှိတဲ့သူဆိုတာ **လူ့တိရိစ္ဆာန်**ပေါ့။ နေ့ လူမြင်ကွင်းမှာတော့ ဘဝလှနေသူဆိုပေမယ့် ကွယ်ရာ ညအမှောင်မှာ ဘဝဆိုးနေရတဲ့ (ဥပမာ … ညဥ့်ငှက်မလေးတွေ) အစရှိသူတွေသာ စံတစ်လှည့် ခံတစ်လှည့်မို့ **လူ့အသူရကာယ်**တွေပါ။



သူများ မသထာရေစာ ချေးသွေးနဲ့ရင်းပြီး ရှာထားတာတွေကို ဝါးမျိုစားသောက်ရင်း ဘယ်လောက်စားစား မဝနိုင်တဲ့ လူအသိုင်းဝိုင်းရဲ့ အငြိုငြင်ခံ လူတိုင်းရှုံ့ရှာနေရတဲ့သူတွေဟာလည်း **လူ့ပြိတ္တာ**တွေပါပဲ။

လူ့အသိုင်းအဝိုင်းမှာနေပြီး မှတ်သားဆည်းပူး လိုက်နာကျင့်ကြံနေထိုင်ရကောင်းမှန်းမသိဘဲ ဖြစ်သလို စည်းမဲ့ကမ်းမဲ့နေခဲ့လို့ နေ့စဉ်နေတိုင်း ဒုက္ခတွေနဲ့ကြုံရ၊ မျက်ရည်နဲ့ မျက်ခွက်ပင်ပင်ပန်းပန်းရုန်းကန်နေရသူတွေဟာ လူ့စည်းမျဉ်း၊ လူ့အမူအကျင့်ချိုးဖောက်လို့ လူ့အသိုင်းအဝိုင်းက ဒဏ်ပေးဒဏ်ခတ်ခြင်း ခံနေရတဲ့သူတွေပါ။ အဲဒီလူတွေဟာ **လူ့ငရဲသား**တွေ ပါပဲ။

လူ့အသိုင်းအဝန်းမှာနေပြီး မပြော၊ မကြား၊ မလုပ် ချစ်ခင်တန်ဖိုးထားရကောင်းမှန်းမသိ၊ ကောင်းတာလည်း ကောင်းမှန်းမသိ၊ မကောင်းတာလည်း မကောင်းမှန်းမသိ အစရှိတဲ့စိတ်ကို 'အ' စေတဲ့အကျင့်တွေကို ကျင့်နေတဲ့သူတွေဟာ လူ့ခန္ဓာသာရှိပြီး လူ့စိတ်သေနေတဲ့ **လူ့ပြဟ္မာ**တွေပါ။

လူသားတွေရဲ့ မလိုအပ်ဘဲ အကိုးကွယ်ခံချင်နေသူတွေ လုပ်သင့်လုပ်ထိုက်၊ လိုအပ်မလိုအပ် မပိုင်းဖြတ် မခွဲခြားဘဲ ဘာလုပ်ရင်တော့ ကောင်းမှာပဲဆိုပြီး လူ့အချီးမွမ်း လိုတာထက် ပိုခံချင်နေတဲ့သူတွေနဲ့ ကောင်းမှုဆိုတာတွေကိုအစွဲနဲ့ မျှော်လုပ်ပြီး အကိုးကွယ်ခံဖြစ်နေတဲ့သူတွေကတော့ **လူ့နတ်**တွေပေါ့ဗျာ။

ခု… ကျွန်တော်တင်ပြခဲ့တဲ့ လူ့အမျိုးအစားအားလုံးဟာ လူသားအစစ်တွေမဟုတ်ကြတော့ပါဘူး။ လူ့စံကိုလိုတဲ့ပိုတဲ့ လူသားအစစ်ဘဝမဟုတ်တဲ့ အစွန်းတွေမှာ ရောက်နေတဲ့သူတွေပါ။

ဆိုလိုတာ မကောင်းမှုဟာလည်း ရှောင်ကြဉ်ရမဲ့ အစွန်းဖြစ်သလို အကောင်းထင်ပြီး လွန်နေတာဟာလည်း အစွန်းတစ်မျိုးပါပဲ။

**ဒီတော့ လူသားအစစ်ဆိုတာ ဘယ်လိုဟာလဲ...**

လူအစစ်ဟာ လုပ်သင့်လုပ်ထိုက်တာတွေလုပ်နေပြီး လုပ်ချင်လို့ လုပ်တာတွေမရှိတော့ပါဘူး၊ သူဟာ ဘာကိုမှ မျှော်မလုပ်တော့ဘူး၊ ဘယ်လိုအကြောင်းနဲ့မှလည်း မလုပ်ဘူး၊ နောက်ပြီး လုပ်သင့်လုပ်ထိုက်တာတွေကိုလည်း ဘာအကြောင်းနဲ့မှ မလုပ်ဘဲ မနေတော့ဘူး။

လူအစစ်ဟာ လူသားဆန်ဆန် လူ့ဘဝကို ပေမှီဒေါက်မှီ အပိုအလိုမရှိ လူပီပီသသ ငြိမ်းချမ်းနေသူသာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဟာ လူ့အသိုင်းအဝိုင်းဖြစ်တဲ့ လူတွေထဲမှာနေပြီး လူအသားအစစ်ဖြစ်ဖို့ဆိုရင် လူမပီသတဲ့အကျင့်တွေ လုပ်ရပ်တွေကို ရှောင်ရမှာဖြစ်သလို လူ့အမူအကျင့်ထက် လွန်ကဲနေတဲ့ အကိုးအကွယ်ခံချင်မှုတွေ၊ လူသားဆောင်ရန်မဟုတ်တဲ့ အမျှော်အစွဲတွေကပါ ရုန်းထွက်နိုင်ရမှာဖြစ်ပါတယ်။

ဒါဆိုရင်တော့ လူအစစ်ဖြစ်အောင်ဆောင်ရွက်ဖို့ ဘယ်လောက်ခဲယဉ်းသလဲဆိုတာ စဉ်းစားကြည့်ပေါ့ဗျာ။ ဒါပေမယ့် ဘယ်လောက်ခဲယဉ်းခဲယဉ်း ခင်ဗျားတို့ ကျွန်တော်တို့ လူအစစ်ဖြစ်ဖို့တော့ကြိုးစားရမှာပါပဲလေ။

ဇာနည်သွန့်လွင်

□ □ □

# အရှေ့ခံတို့၏ မာန်

တံပိုးသံ ခရာသံ ကြုံးဝါးသံတို့ဖြင့် သူတို့ စစ်ချီတေးဆိုကြလေပြီ။ အောင်ပွဲအလီလီနိုင်ပွဲအဖုံဖုံ စားသုံးဖူးထားကြလို့ သူတို့အားလုံးရဲ့မျက်နှာဟာလည်း ယုံကြည်မှုဟန်ပန်အပြည့်နဲ့ စစ်သွေးစစ်မာန် တောက်ပနေပါတယ်။

တကယ်တော့ သူတို့ဟာ ရန်သူ့အမှားစောင့်ပြီး ချုံခိုတိုက်ခိုက်ခြင်း၊ ပရိယာယ်ဆင်တိုက်ခိုက်ခြင်း စတဲ့ **ခံခွာ ချီတိုက်**ဆိုတဲ့ စစ်အင်္ဂါလေးပါးကို ကျွမ်းကျင်ထက်မြက်တဲ့ စစ်တုရင်အနက်ရုပ်ကလေးတွေပဲဖြစ်ပါတယ်။ တိုက်ပွဲစပြီဆိုတာနဲ့ သိပ်မကြာလှတဲ့ အချိန်ခဏလေးအတွင်းမှာ သူတို့ပွန်းနက်ကလေးတွေရဲ့ ပါးနပ်လှတဲ့ ပရိယာယ်လှည့်ကွက်အောက်မှာ ရန်သူ့မြင်းဖြူတစ်ကောင် ကျသွားတယ်။

သူတို့ရဲ့ဘုန်းကြီး (ဘိရှော့)တွေကလည်း ရန်သူဘုရင်မကို ထိန်းချုပ်လိုက်နိုင်ပြီ၊ သူတို့ဘုရင်မကတော့ ရန်သူတွေ သွေးပျက်အသက်ရှုမှားရအောင်ကိုပဲ တလကြမ်းတိုက်စစ်ဆင်နွှဲနေလေရဲ့။

ဒီနေ့တိုက်ပွဲရဲ့မဟာဗျူဟာမြောက် သူတို့တိုက်စစ်မှာ မြင်းနက်တွေရဲ့ နေရာယူမှန်ကန်မှုက အဓိကကျတယ်။ သူတို့မြင်းနက်တွေဟာ ရန်သူ့လှုပ်ရှားမှုအားလုံးကို ထိန်းချုပ်ထားသလို၊ တိုက်စစ်ဆင်နေတဲ့ မဟူရာဘုရင်မကိုလည်း အကောင်းဆုံး ကာကွယ်ပေးထားနိုင်တယ်။

တိုက်ပွဲတစ်ခုလုံး ခြုံငုံသုံးသပ်ပြီး ကျေနပ်နေတဲ့ ဘုရင်နက်ကြီးဟာ တိုက်စစ်အရှိန်ထပ်မြှင့်ဖို့အတွက် သူ့ရထားလုံးတွေနဲ့ နေရာချိန်းလိုက်တယ်။ ရန်သူတွေဟာ သူ့အနားကပ်ရန်ဝေးစွ သူတို့ဘုရင်မကိုယ်တောင် အသည်းအသန် အလူးအလဲ ကာကွယ်နေရတယ်။

သူတို့အားလုံးသိလိုက်တာက တစ်ဖက်ရန်သူဟာ ညံ့လွန်းတယ်၊ သူတို့ပြိုင်ဘက်အဆင့် မဟုတ်ဘူး၊ ဒီလိုနဲ့ သူတို့အားလုံးဟာ အဖက်ဖက်က အသာရနေတဲ့တိုက်ပွဲကို အဆုံးသတ်ဖို့ ပြင်လိုက်ကြတဲ့ အခိုက်အတန့် သူမ ခါးချက်အောက်မှာ ရန်သူ့အလောင်းတွေ မြင်မကောင်း ရှုမကောင်း အတုံးအရုံးလဲကျ ··· လို့။

အချိန်ခဏလေး တကယ့်ကို အချိန်ခဏလေးအတွင်းမှာပဲ သူတို့ရဲ့ အားကိုးရတဲ့မြင်းတွေဟာ မထင်မှတ်တဲ့လှည့်ကွက် ကြောင့် နေရာအရွှေ့ခံလိုက်ရတယ်။ အဲ့ဒီနောက်မှာတော့ "အား" ရန်သူ နယ်မြေမှာ မြင်းတွေရဲ့အကာအကွယ်ယူပြီး တိုက်စစ်ကျုံနေတဲ့ သူတို့ဘုရင်မဟာ ရန်သူရဲ့သုတ်သင်ခြင်းကို ခံလိုက်ရပါတော့သည်။

ရုတ်တရက် နေရာရွှေ့ခံလိုက်ရတာကို အံ့ဩနေတဲ့ မြင်းနက်တွေရဲ့ ရင်ဝမှာလည်း ရန်သူပွန်းငယ်တွေရဲ့ ဓားချက်တွေကြောင့် မြင်မကောင်းရှုမကောင်းဖြစ်ကုန်တယ်။ "မဟုတ်ဘူး···" ဆိုပြီး ဝမ်းခေါင်းသံ ခြစ်အော်ပြီး တက်လာတဲ့ ရထားတွေအားလုံးလည်း လမ်းတစ်ဝက်မှာတင် ရန်သူရဲ့ ဖြိုခွင်းခြင်း ခံလိုက်ရပြန်တယ်။

မယုံကြည်နိုင်ဖွယ် အခြေအနေပေါ်မှာ မှင်သက်နေတဲ့ သူတို့ ဘုန်းကြီး (ဘိရှော့) တွေဟာလည်း ရန်သူရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်သွားကြတယ်။ ဘယ်လိုမှ မလူးသာ မလွန့်သာ အခြေအနေ ···။



တိုက်ပွဲတိုင်းမှာ ပါဝါသေးပေမယ့် ရှုပ်ရှုပ်ချုံချုံ 'ကင်း' ပေါက်တဲ့အထိ အားကျိုးမာန်တက် တိုက်တတ်တဲ့ ပွန်းနက်တွေဟာလည်း အဲဒီအခိုက်အတန့်လေးနောက်မှာတော့ လွယ်လွယ်ကူကူနဲ့ မြန်မြန်ဆန်ဆန်ကို ကျဆုံးသွားကြတယ်။

သူတို့အားလုံးတူညီစွာ ခံစားမိလိုက်တာက တစ်စုံတစ်ရာ တော့မှားနေပြီ။ ဒီလိုနဲ့ ··· ဒီလိုနဲ့ ရန်သူ့သေမင်းတမန်တွေဟာ မဟူရာဘုရင်ကြီးနားကို တဖြည်းဖြည်းခြင်း ကပ်လာပါတော့တယ်..။ "Chess!"

သူတို့အားလုံး အလဲလဲအကွဲကွဲ ရှုံးနိမ့်ခဲ့ကြတယ်။ နောက်ပြီး နလန်မထူနိုင်အောင်ပဲ ခံလိုက်ကြရတယ်။

သူတို့ဟာ အချိန်ရှိသမျှ သူတို့စွမ်းရည် သူတို့လက်နက်တွေကို ထက်သထက်ထက်အောင် 'သ' ခဲ့ကြသူတွေ ဖြစ်ပါတယ်။ တကယ်လည်း သူတို့အားလုံး ထက်မြက်ခဲ့ကြပါတယ်။ ဒါ့ကြောင့် ရရှိလာတဲ့အောင်ပွဲတွေအပေါ်မှာ သူတို့ဟာ အရွှေ့ခံစစ်တုရင် အရုပ်ကလေးတွေဆိုတာ သတိမရနိုင်တော့အောင် မေ့နေခဲ့ကြတဲ့အထိ သူတို့စွမ်းရည်အပေါ် ဂုဏ်ယူခဲ့ကြတယ်၊ ယစ်မူးခဲ့ကြတယ်။'

ဒါပေမယ့် သူတို့မေ့နေတဲ့ သူတို့ကို ရွှေ့တဲ့ လက်ဟာ ဒီတစ်ပွဲမှာ သူ့အကျိုးအတွက် တခြားလက်ပိုင်ရှင် ကျေနပ်အောင် သူတို့ကို ထိုးကျွေးခဲ့တယ်ဆိုတာ...။

ဇာနည်ညွန့်လွင်

□ □ □

# ကြက်တူရွေး မဖြစ်ချင်ဘူး

တစ်ခါတုန်းကပေါ့ လူသူမနီးမဝေး တောအုပ်ထဲမှာ ရသေ့ကြီးတစ်ပါး သီတင်းသုံးနေထိုင်သတဲ့...။ အဲ့ဒီရသေ့ကြီးမှာ အလှမွေးထားတဲ့ ကြက်တူရွေးလေး တစ်ကောင်လည်းရှိတယ်။

ရသေ့ကြီးက ကြက်တူရွေးလေးအပျံသင်ဆော့ကစားတိုင်း ဆုံးမသတိပေးလေ့ရှိတာက **"မြောက်တောမသွားနဲ့ ထောင်ချောက်မိလိမ့်မယ်..."** တဲ့။ ရသေ့ကြီးတို့ သီတင်းသုံးရာအရပ်ရဲ့ မြောက်ဖက်တောထဲမှာ မုဆိုးတွေကျက်စားကြပြီး ညွှတ်ကွင်းတွေ ထောင်ချောက်တွေ ဆင်ထားတတ်တယ်ဆိုတာ ရသေ့ကြီးက သိတာကိုး။

ကြာလာတော့လည်း ရသေ့ကြီး သတိပေးစကားပြောလွန်းလို့ ကြက်တူရွေးလေးတောင် အလွတ်ရလာတယ်။ သူ့နှုတ်ကလည်း ရသေ့ကြီး သင်ထားသလိုပဲ **"မြောက်တောမသွားနဲ့ ထောင်ချောက်မိလိမ့်မယ်။ မြောက်တောမသွားနဲ့ ထောင်ချောက်မိလိမ့်မယ်"** လို့သာ တစာစာ ရွတ်နေတော့တယ်တဲ့။ ဒီလိုနဲ့ တစ်နေ့မှာ ရသေ့ကြီး ဆွမ်းခံပြန်လာလို့ ကျောင်းရောက်တော့ ကြက်တူရွေးလေးကို မတွေ့ရတော့ဘူးတဲ့...။ ကျောင်းအနီးတဝိုက်များ ရှိလိမ့်မလား လိုက်ရှာပေမယ့် မတွေ့တော့တဲ့အဆုံး စိုးရိမ်စိတ်နဲ့ မြောက်တောဘက်အရှာထွက်လာခဲ့တယ်...။ "ရွှေခဲရေ... ရွှေခဲရေ..." လို့ တကြော်ကြော် အော်ခေါ်ရင်းပေါ့လေ။

ရသေ့ကြီးဟာ မြောက်တောထဲမှာ ကြက်တူရွေးလေးကို အော်ခေါ်ပြီးရှာနေတုန်း တစ်နေရာရောက်တော့ **"မြောက်တောမသွားနဲ့ ထောင်ချောက်မိလိမ့်မယ်... မြောက်တောမသွားနဲ့ ထောင်**



**ချောက်မိလိမ့်မယ်..."** လို့ ကြောက်လန့်တကြား ထောင်ချောက်မိလျက်သား အော်နေတဲ့ကြက်တူရွေးလေးကို တွေ့လိုက်ရပါတော့တယ်တဲ့...။

ပုံပြင်လေးက ပြီးသွားပေမယ့် ကျွန်တော့်ကိုတွေးမိစေတာက ကျွန်တော်တို့ဟာ အဲဒီကြက်တူရွေးလေးလိုများ ဖြစ်နေပြီလား...။ ဆိုလိုတာက နှုတ်ကသာ တတွတ်တွတ်ရွတ်နေပေမယ့် မြောက်တောဆိုတာ ဘယ်အရပ်မှန်း မသိ၊ ထောင်ချောက်ဆိုတာ ဘယ်လိုဟာမှန်းမသိ၊ ဆောင်ရမှန်း၊ ရှောင်ရမှန်း အဓိပ္ပာယ်နားမလည်ဘဲ အလွတ်ရွတ်ရင်းရွတ်ရင်း ထောင်ချောက်မိနေတဲ့ ကြက်တူရွေးလေးလိုများ ဖြစ်နေပြီလားဆိုတာကိုပေါ့။

တကယ်တော့ ဒုက္ခလွတ်ငြိမ်းကြောင်းလမ်းညွှန်ချက်တွေကို ဂဃနဏ မသိပါဘဲ ဒုက္ခရောက်တိုင်း ရန်မျိုးလုံဂါထာ ရွတ်သလို ရွတ်နေရုံနဲ့ ဒုက္ခကလွတ်ပါ့မလား။ ပုံပြင်ထဲက ကြက်တူရွေးလေးကတော့ မြောက်တော်ထောင်ချောက်မှာ မိနေတာတောင်မှ "မြောက်တောမသွားနဲ့ ထောင်ချောက်မိလိမ့်မယ်" "မြောက်တောမသွားနဲ့ ထောင်ချောက်မိလိမ့်မယ့်..." လို့ ရွတ်ကောင်းနေတုန်း တကယ်တမ်းတော့ သူ့ခမျာ မြောက်တောဆိုတာလည်း မသိသလို ထောင်ချောက်ဆိုတာလည်း မသိတာ သေချာပါတယ်။

အဲ့ဒီတော့ဗျာ ကျွန်တော်ကတော့ ရွတ်ရုံသာ ရွတ်တတ်တဲ့ ရသေ့ကြီးရဲ့ ကြက်တူရွေးမျိုးမဖြစ်ချင်ဘူး။ ကျွန်တော် ချစ်တဲ့ ကျွန်တော့်စာဖတ်ပရိသတ်ကြီးကိုလည်း အရွတ်တွေ မဝါးစေချင်ဘူး၊ အသားကိုစားပြီး အာဟာရဖြစ်အောင် လုပ်ကြစို့လား။

ဇာနည်သွန်းလွင်

□ □ □

# ရိုးသားစွာ စဉ်းစားခြင်း

(က)

"သရဲမွေးတဲ့ အိမ်" ဆိုတဲ့ စာလေးတစ်ပုဒ်ဖတ်လိုက်ရတယ်။ အရေးအသားကိုတော့ ချီးကျူးမိတယ်။ တစ်ခုပဲ စာရေးဆရာက သူ့ကိုယ်တွေ့လို့ ခပ်တည်တည်လိုမ့်တယ်။

ကျွန်တော်တွေးကြည့်မိတာကတော့ စစ်လက်နက်အပြိုင် တပ်ဆင်နေတဲ့ ခေတ်ကြီးမှာ Ghost Army နဲ့ဆိုရင် ကမ္ဘာကြီး တောင် သိမ်းလို့ရပြီ။ ကျေးဇူးပြုပြီး လိမ်ဆင်တွေတော့ မရေးကြပါနဲ့ဗျာ။ ကလေးတွေနဲ့ ခင်ဗျားနောက်မျိုးဆက်ကို အားနာပါ သနားပါ။

ခင်ဗျား စိတ်မဆိုးဘူးဆိုရင်တော့ ခပ်ရှင်းရှင်းပြောလိုက် မယ်။ မျိုးဆက်သစ်ရဲ့ စိတ်ဓာတ်ကို အဆိပ်မခတ်နဲ့ဗျာ။ အဲဒါ ဟာစ်တလာရဲ့ လုပ်ရပ်ထက် ဆိုးတယ်။



(ခ)

တောနက်နက်တစ်ခုထဲမှာ ရသေ့ကြီးတစ်ပါးထဲ ကျောင်း သင်္ကန်းနဲ့ သီတင်းသုံးနေတာ ဖူးမျှော်လိုက်ရတယ်။ ရသေ့ကြီး ကိုယ်တိုင် ဝါးခုတ်နှီးဖျာ ကျောင်းဆောက်တာ မမြင်လိုက်ရတော့ ရသေ့ကြီးဟာ ကျောင်းကို ဖန်ဆင်းထားတဲ့ တန်ခိုးရှင်အဖြစ် သတင်းပျံ့သွားတယ်။

အချိန်နဲ့ လုပ်ရပ်ကိုသိအောင် မဆင်ခြင်လို့ကတော့ တန်ခိုးရှင် တွေ များနေဦးမှာပါပဲ။ ဟိုးရှေးရှေးတုန်းက မြေလျှိုး မိုးပျံပုံပြင်တွေ ရမ်းမယုံနဲ့ဗျ။ ကမ္ဘာကြီးလုံးမှန်းသိတာတောင် မင်းတုန်းမင်း လက်ထက်လောက်မှ။

(ဂ)

အရာအားလုံးစွန့်လွှတ်ရင် ချမ်းသာပြီလို့ ဆရာက မိန့်ကြား တယ်။ "ဟုတ်ကဲ့ပါ ဆရာ ဆရာချမ်းသာစေရန်အလို့ငှာ ဆရာ့ ပိုင်ဆိုင်သမျှအားလုံးကျွန်တော့်ကို အလှူခံခွင့်ပေးပြီး ဆရာ့ ကျေးဇူးဆပ်ခွင့်ပြုပါ" လို့ ကျွန်တော်က ပြောတော့ ဆရာတအား စိတ်ဆိုးသွားတယ်။

ခွင့်လွှတ်ပါဆရာ။ ဆရာကိုယ်တိုင် မကျင့်နိုင်တဲ့တရား ဘယ်သူ့ကိုမှ မဟောပါနဲ့လား။

(ဃ)

လူကြိတ်ကြိတ်ထိုးနေတဲ့ သမားတော်ကြီးမို့ သွားပြမိပါ တယ်။ မင်းရောဂါနောက်ဘဝမှ အရှင်းပျောက်မယ်ဆိုလို့ လှည့် ပြန်လာခဲ့တယ်။ နေပါစေတော့ သမားတော်ကြီးရယ်၊ ကျုပ်က အခုဘဝလက်ငင်းရှင်းရှင်းကြီးကို ရောဂါပျောက်ချင်တာဗျ။

(င)

လူဆိုးဖမ်းမိလာပြီ၊ စီရင်တော့မယ်ဆိုတော့ စိတ်ဝင်စားတာပေါ့။ ဒီလိုနဲ့ အဲ့ဒီလူဆိုးကို သူလိုလူဆိုးတွေ သူ့ထက်တောင် ဆိုးချင်ဆိုးဦးမယ့် လူဆိုးတွေနဲ့ အတူထားဖို့ အမိန့်ချလိုက်တယ်။ လူဆိုးတွေ ပွားသထက်ပွားတဲ့ လောကကြီးသာ ဖြစ်တော့မပေါ့။

(စ)

လူသတ်သမားတစ်ဦးကို ကြိုးမိန့်ပေးတဲ့ ပွဲမှာပေါ့။ ပရိသတ်တွေထဲမှာ လူသတ်ဖူးတဲ့သူတစ်ယောက်လည်းပါတယ်။ ပရိသတ်တော်တော်များများက ပြောနေကြတယ် "ဝဋ်ဆိုတာ နောက်ဘဝမကူးဘူး" တဲ့။

လူသတ်ဖူးတဲ့သူက မချိတင်ကဲ ရေရွတ်တယ်။

"မပိရိလိုက်တဲ့ကောင် မင်းလိုကောင်မျိုးတွေကြောင့် ဝဋ်ဆိုတာနေရာ လွဲရောက်နေတာကွ" တဲ့။

(ဆ)

သဘော်ာပျက်ချိန် ရေမကူးတတ်ပေမယ့် စည်ပိုင်းလွတ်တစ်လုံးကြောင့် လွတ်ခဲ့တဲ့ မယ်ကံကောင်းအမျိုးသမီးကို လူတွေကဝိုင်းမေးကြတယ်။ အမျိုးသမီးက လူတော်တော်များများ ရွတ်တတ်တဲ့ ဂါထာလေးကို ရွတ်ပြပြီး ပြောတယ်။ ကျွန်မ ဒီဂါထာလေးအစွမ်းကြောင့် လွတ်လာခဲ့တာပါတဲ့။

"ဗျာ... မလွတ်ဘဲ သေကုန်တဲ့လူတွေကရော အဲ့ဒီဂါထာမရွတ်ဘူးထင်လို့လား။ စည်ပိုင်းရဲ့ အသုံးဝင်မှုကို လျစ်လျူရှုတဲ့ ခင်ဗျားကို ရေလယ်ခေါင်နောက်တစ်ခေါက် ချကြည့်ချင်လိုက်တာ။



ခင်ဗျားစိတ်ကြိုက်ဂါထာရွတ်နိုင်ပါတယ်။ စွမ်းမစွမ်းသိရတာပေါ့။ အဲ ... ဒါပေမယ့် စည်ပိုင်းတော့ မပါတော့ဘူးနော်။

(ဇ)

လူတွေဟာ ထီပေါက်ကိန်းရှိ၊ မရှိ ဗေဒင်မေးတတ်ကြတယ်။ ကျွန်တော်ကတော့ ထီးပေါက်ဖူးတဲ့ ဗေဒင်ဆရာ ဘယ်နှစ်ဦးရှိလဲဆိုတာသာ သိချင်နေမိတော့တယ်။

(ဈ)

လူဝင်စားဆိုပဲ အရင်ဘဝကို မှတ်မိတယ် ပြန်ပြောပြနိုင်တယ်တဲ့။ ကျွန်တော်ဖတ်ဖူးတဲ့ သမိုင်းစာအုပ်တွေ အားလုံး အဲ့လိုလူဝင်စား အရင်ဘဝမှတ်မိတဲ့လူတွေ ရေးထားတာ တစ်အုပ်မှ မတွေ့မိဘူး။ ကျောက်စာ အထောက်အထားရယ်၊ ရှေးသမိုင်းစာပေအကိုးအကားရယ်နဲ့သာ ရေးကြတာ အားလုံးသိကြတာပဲမို့လားဗျာ။

တကယ်ဆို လူဝင်စားတွေ အရင်ဘဝသိသူတွေခေါ်ပြီး ရေးပါလား။ စကားမပြောနိုင်တဲ့ ကျောက်စာတွေ ရှေးသမိုင်းစာပေအထောက်အထားတွေ ဘာတွေထက်သူတို့သာ တကယ်သိရင် ပိုတိကျနိုင်တယ်လေ။

ဇာနည်သွန့်လွင်

□ □ □

## ရွှေချယ်ခွင့်

တစ်ခါတုန်းက သိန်းငှက်မတစ်ကောင်ဟာ ကောင်းကင်မှာ ပျံဝဲနေတုန်း ‘ဥ’ အုချင်စိတ်က ထိန်းမရဖြစ်လာခဲ့တယ်။ ဖြစ်ချင်တော့ ကြက်မတစ်ကောင်ဟာလည်း အောက်မှာ ဥဝပ်နေတဲ့အချိန်နဲ့ ကြုံတာပေါ့။

ဒါကြောင့် သိန်းငှက်မဟာ မြေပြင်မှာ ဥဝပ်နေတဲ့ ကြက်မဝပ်ကျင်းရှိရာကို ထိုးဆင်းလာခဲ့တယ်။ သိန်းငှက်မကို တွေ့တော့ ကြက်မက အလန့်တကြား ပြေးထွက်သွားတာပေါ့။ ဒီလိုနဲ့ ကြက်မရဲ့ ဝပ်ကျင်းထဲကို သိန်းငှက်မဟာ ‘ဥ’ အု ပြီး ပြန်ထွက်သွားခဲ့တဲ့နောက်မှာ ကြက်မဟာ သူ့ဝပ်ကျင်းကို ပြန်ဝပ်နေခဲ့တယ်။

အချိန်တွေ တဖြည်းဖြည်း ကြာလာခဲ့တဲ့နောက်မှာတော့ သိန်းငှက်ဥလေးဟာ ကြက်ဥတွေနဲ့အတူ အကောင်ပေါက်လာခဲ့တော့တာပေါ့။ ကြက်နဲ့ သိန်းငှက်ဆိုတာ အရွယ်အစားအရာရော ပုံသဏ္ဍာန်ပါ ငယ်စဉ်က သိပ်မကွာတော့ ကြက်တွေ အားလုံးက သိန်းငှက်ကလေးကို ကြက်လို့ ထင်ကြသလို သိန်းငှက်လေးဟာလည်း သူ့ကိုယ်သူကြက်လို့ပဲ ထင်တာပေါ့။

“ဘုတ်ထိုင်းလေး” ဒါဟာ ကြက်တွေ သိန်းငှက်ကလေးကို ခေါ်တဲ့ နာမည်ပေါ့။ သိန်းငှက်ကလေးဟာ ကြက်တွေထက် စာရင်တော့ နည်းနည်းအကောင်ပိုထွားတာကိုး။



တစ်နေ့မှာတော့ သိန်းငှက်လေးအပါအဝင် ကြက်တွေ အုပ်လိုက်အစာရှာနေတုန်းမှာပဲ။

“ပြေးကြားဟေ့ ပုန်းနေကြ ဝပ်နေ ဝပ်နေ ဟာ သေကုန်တော့မှာပဲ”

အဲဒီလို ကြောက်လန့်တကြား အော်သံတွေနဲ့အတူ ကြက်အုပ်ကြီးတစ်ခုလုံး ကမ္ဘာပျက်တော့မယ့်အတိုင်း ပုန်းသူက ပုန်း၊ အော်သူက အော်နဲ့ ဆူညံပွက်လောရိုက်သွားတယ်။ သိန်းငှက်လေးဟာလည်း အခြားကြက်တွေ နည်းတူ ကြောက်လန့်တကြား ပုန်းနေတာပေါ့။

သိန်းငှက်ကလေးဟာ ပုန်းနေရင်းနဲ့ မလှမ်းမကမ်းမှာဝပ်နေတဲ့ ကြက်အိုကြီးကို မြင်တော့ လှမ်းမေးတယ်။

“အဘ ကျွန်တော်တို့ ဘာကို ကြောက်လို့ ပုန်းနေရတာလဲဟင်”

ကြက်အိုကြီးဟာ ထိတ်ထိတ်လန့်လန့်နဲ့ ဘေးဘီဝဲယာကို လှမ်းကြည့်လိုက်ပြီးမှ ဘုတ်ထိုင်းလေး အမေးကို ခပ်တိုးတိုး ပြန်ပြောတယ်။

“ဟိုး အပေါ်ကို မော့ကြည့်လိုက်စမ်း ဘုတ်ထိုင်းလေး ငှက်တစ်ကောင်ပျံဝဲနေတာ တွေ့လား”

ကြက်အိုကြီး ညွှန်ပြတဲ့ဆီကို သိန်းငှက်ကလေး မော့ကြည့်လိုက်ပြီး

“တွေ့တယ် အဘ အဲ့ဒါဘာကောင်လဲ” လို့ ပြန်မေးတယ်။

“အေး... အဲဒါသိန်းငှက်လို့ ခေါ်တယ်ကွ ငှက်တွေထဲမှာတော့ ဂုဏ်အရှိဆုံးနဲ့ စွမ်းအားအကြီးဆုံးပေါ့ကွာ။ သူတို့ဟာ ငါတို့လို ကြက်တွေနဲ့ အရွယ်အစားရော ပုံသဏ္ဍာန်ပါ သိပ်မကွာပေမယ့်

ပျံသန်းနိုင်ကြတာတော့ မိုးနဲ့ မြေလောက်ကွာခြားတယ်ဟေ့။ မင်းတို့ ငါတို့လို ကြက်မျိုးတွေကတော့ အန္တရာယ်နဲ့ ကြုံတဲ့အခါမှာ ဝါးတစ်ရိုက်သာသာလောက်ပဲ မနည်းအားခဲ ပျံနိုင်တာပေါ့ကွာ။ သိန်းငှက်ဆိုတာမျိုးက ဟိုး ပေပေါင်းထောင်သောင်းချီအမြင့်ထိ တက်နိုင်ပြီး တောင်ဝင်ရိုးစွန်းကနေ မြောက်ဝန်ရိုးစွန်းထိ ပျံနိုင်တယ်ကွ။ နောက်ပြီး ငါတို့လို တစ်နေကုန် မြေကြီးယက်ပြီးမှ မစို့မပို့ပိုးကောင်မွှားကောင် သေးသေးလေးတွေလောက်ပဲ မဝမလင် စားရတာမဟုတ်ဘူး။ အဲဒီ အမြင့်ကြီးကနေပြီးတော့ အောက်ကို လှမ်းကြည့်ပြီး ငါတို့လို ကြက်ကလေးတွေ ဝက်ပေါက်ကလေးတွေ၊ မြွေတွေအစရှိတဲ့ အကောင်တွေကို ထိုးသုတ်ပြီးမှ စားတာကွ။ အမြင့်ကြီးကနေလည်း ငါတို့လို အောက်က အကောင်တွေကို ကောင်းကောင်းမြင်နိုင်တယ်သိပ်ပြီး မျက်စိလျင်တဲ့ ငှက်မျိုးတွေပေါ့ကွာ။ အခုလည်း ငါတို့ကို မြင်သွားမှာစိုးလို့ ပုန်းနေကြရတာပေါ့ ဘုတ်ထိုင်းလေးရ”

“ဟာ စွမ်းလိုက်တာ အဘရယ် ကျွန်တော်လည်း သူ့လို ရဲရဲရင့်ရင့် ပျံသန်းရင်း ဂုဏ်သိက္ခာရှိရှိ ဝဝလင်လင်အစာ ရှာစားချင်လိုက်တာ”လို့ ဘုတ်ထိုင်းလေးကပြောတော့ ကြက်အိုကြီးက စိတ်ဆိုးမာန်ဆိုးနဲ့ ဘုတ်ထိုင်းလေးကို မျက်စောင်းထိုးပြီး ပြောလိုက်တယ်။

“ထွီ ဖြစ်မလားကွ ရာရာစစ ကောင်လေးရ မင်းက ကြက်မျိုး၊ ဟိုက သိန်းငှက်၊ ဘဝချင်း မိုးနဲ့ မြေလောက် ကွာခြားတယ်။ ကောင်းကင်စံငှက်ကို မြေပြင်ယက်ကြက်က တုဖက်ရင် မင်းဘဝ အသက်ဆက်ရှင်ဖို့တောင် ခက်သွားဦးမယ်။ ဟင်း… ကြက်မျိုးချင်း အတူတူ မင်းလို ဘုတ်ထိုင်းမျိုးဆို ဝါးတစ်ရိုက်တောင် ပျံဖို့ဝေးလို့



နှစ်တောင်သာသာတောင် ယောင်လို့ မှားလို့ ပျံနိုင်မှာမဟုတ်ဘူး။ ကြက်တွေကြားမှာ ကြက်လိုသာ ပျော်ပျော်နေစမ်းပါ”လို့ ဆုံးမရာ။ ဟနေ ကောင်းကင်ကို မော့ကြည့်လိုက်တော့ သိန်းငှက်ကြီးကို မမြင်ရတော့တဲ့အခါ မလှမ်းမကမ်းကို ထွက်သွားပြီး အစာကို ခြေထောက်နဲ့ ယက်ရှာနေလိုက်တာ ဘုတ်ထိုင်းလေးကို လှည့်တောင် မကြည့်တော့ဘူးတဲ့။

ဒီလိုနဲ့ သူ့ကိုယ်သူ ကြက်လို့ထင်တဲ့ သိန်းငှက်ကလေးဟာ ကြက်အိုကြီးရဲ့ ဆုံးမစကားကို နာယူပြီး သူ့ကိုယ်သူ ကြက်အဖြစ် ခံယူနေပေမယ့် သူခဏလေးမြင်တွေ့ခဲ့ရတဲ့ သိန်းငှက်ဘဝကိုတော့ အရမ်းအားကျသွားတာပေါ့။

သူနဲ့တွေ့တဲ့ တိရစ္ဆာန်တိုင်းကိုလည်း သိန်းငှက်တွေအကြောင်း အားရပါးရပြောပြလေ့ရှိတယ်တဲ့။

ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက သိန်းငှက်တွေ အကြောင်း အားပါးတရပြောပြနေတဲ့ ဘုတ်ထိုင်းလေးဟာ သူ့ကိုယ်သူ သိန်းငှက်မျိုးမှန်းမသိဘဲ ကြက်အိုကြီးရဲ့ ဆုံးမစကားကို မြေဝယ်မကျနားထောင်သွားတဲ့ ကြက်အလိမ္မာလေးဘဝနဲ့ပဲ တစ်ခါ တစ်ရံ အန္တရာယ်နဲ့ ကြုံတဲ့အခါ ဝါးတစ်ရိုက်သာသာ အားခဲ ပျံသန်းရင်း တစ်နေကုန်ပင်ပင်ပန်းပန်း မြေကြီးယက်ရှာဖွေပြီး မစို့မပို့ ပိုးကောင်မွှားကောင်လေးတွေလောက်သာ စားသောက်ရင်းနဲ့ပဲ သူ့ဘဝကို အဆုံးသတ်သွားရသတဲ့ဗျာ။

ကျွန်တော်တို့ကရော အမျိုးမျိုးသော တားမြစ်ချက်တွေ၊ အကြောင်းပြချက်တွေနဲ့ ဝါးတစ်ရိုက်လောက်ပဲ ပျံခွင့်ပြုတဲ့ ကြက်ကမ္ဘာနဲ့တူတဲ့ အုပ်စုကြီးထဲမှာ မစို့မပို့ ဘဝလောက်ကိုသာ တစ်နေ

ကုန် ပင်ပင်ပန်းပန်း ယက်ရှာနေရတဲ့ ကြက်ဘုတ်ထိုင်းတွေအဖြစ်နဲ့ နေတော့မလား။

စွမ်းအားမြင့်မားထက်မြက်တဲ့ သိန်းငှက်မျိုးတွေဖြစ်ဖို့ရော မကြိုးစားတော့ဘူးလား။

နိဂုံးချုပ်ပြောချင်တာက ကျွန်တော့်စာဖတ်ပရိသတ်အနေနဲ့ ကြက်ဘဝကို အပြီးတိုင်ပစ်ထားခဲ့ပြီး သိန်းငှက်လို ရဲရဲဝံ့ဝံ့မြင့်မြင့် မားမား ပျံသန်းသွားစေချင်ပါတယ်။

အားလုံးမှာ ရဲရဲရင့်ရင့် ရွေးချယ်ခွင့်ရှိတယ်ဆိုတာကိုတော့ ယုံလိုက်ပါ။

ဇာနည်ညွန့်လွင်

Anthony De Mello ရဲ့ Song of the Bird ကို ပြန်လည် ဆင့်ပွား ခံစားတင်ပြခြင်းဖြစ်ပါတယ်။

□ □ □

# စိတ်နဲ့ "ဟ" တဲ့ တံခါးဦးရဲ့ နိဒါန်းအစများ



ယံမိုး

# အခုတ်ကြားမြက်

ကြောက်ဖို့ကောင်းတဲ့အရာတစ်ခုပဲရှိတယ်။
အဲ့ဒါကတော့ အလိုလိုကြောက်နေတဲ့ ကြောက်စိတ်ပဲလို့
ဆာဝင်စတန်ချာချီလ် ပြောသွားခဲ့ဖူးတယ်။

အကြောက်တရားဖြစ်ဖို့ အ,သူတွေချည်း
ကြောက်ခဲ့ကြတာ မဟုတ်လောက်ဘူး
ထက်မြက်သူတွေလည်း ကြောက်ခဲ့ကြလိမ့်မယ်။

မှောင်တဲ့ဘက်မှာ နေသားကျလာဖန်များတော့
အကြောက်တရားဆိုတာ အလင်းဖြစ်လာခဲ့ရတယ်။

ကြောက်ဖို့ အကြောင်းတရားက
လုံလောက်ဖြစ်ရင် တစ်ခုခုတော့ လုပ်ပါ
လုပ်တဲ့ အကျိုးတစ်ခုခုမှာ အဖြေရှိပါတယ်။

ဖုံးပိတ်ထားတဲ့ အသိဉာဏ်တွေထဲမှာ
ဖုံးလွှမ်းလက်စ အဝိဇ္ဇာတွေအပြင်
ဖုံးဖုက်ခြင်းခံထားရတဲ့ စစ်မှန်ခြင်းတရားတွေ ရှိနေတယ်။

အဖုံးဆိုတာ အုပ်စရာတစ်ခုခုကြောင့် အသုံးကျလာရတာပါ
မရှန်းရဲမိလို့ အနာဂတ်တွေထိ ပြားပိလာတာဟာ
အတိတ်က ဖုံးဖိပါများလို့တော့ တံဆိပ်မကပ်နဲ့

ပြုတ်ကျလက်စ အောက်တန်းက စိတ်ဓာတ်တွေ
အပေါ်မတတ်ချင်တာလည်း ပါတယ်။

ဖုံးကွယ်ထားတာလား
ရှန်းဖယ်ကြည့်သင့်တယ်
အလုံပိတ်ထားတာဆိုရင် အပိတ်လုံနေသေးတာပဲ ဖြစ်လိမ့်မယ်။
အပိတ်ချည်းဖြစ်သမျှ တန်ဖိုးမဲ့၏
အပိတ်ရှိသမျှ အပေါက်ရှိတယ်။

အတားအဆီးကြားက ထိုးထွက်ရှင်သန်လာတဲ့
မြက်ခြင်းအတူတူ အုတ်ကြားမြက်ရဲ့ သတ္တိဟာ
ပိုရဲရင့်ပါတယ်။

အဖုံးအဖိအောက်က အကြောက်တရားကို
ရှန်းကန်ရင် သူ့ရဲကောင်းအမည်ပေးလိုက်ချင်ပါရဲ့
မြက်တစ်ပင်ရဲ့ သတ္တိတစ်ခုနဲ့တင်
တွန်းထွက်နိုင်ခဲ့သေးရင်
စဉ်းစားတွေးခေါ်နိုင်ခွင့်ရှိတဲ့ လူသားတွေဟာ
အကြောက်တရားကြားမှာ
အဖုံးအကာကြားမှာ
မရှန်းထွက်နိုင်ဘူးဆိုတာ …။

ယံမိုး

□ □ □

## ဥပေက္ခာမြုပ်ကွက်

မဆုံတဲ့ မျဉ်းဖြစ်မယ့်အတူတူ
သံလမ်းမျဉ်းပြိုင်နှစ်ကြောင်းအဖြစ်
ရှိနေချင်ပါတယ်။
ရထားတစ်စင်းအဖြစ်ရဲ့ တစ်စုံတစ်ခုအတွက်
အကျိုးပြုနေခွင့်လေးပေးပါရစေ။
အနာဂတ်ဆီကို ရွေ့နေတာဖြစ်ဖို့
ပစ္စုပ္ပန်မှာ ငါ့ကို မေ့ထားခဲ့လိုက်ပါလေ။
အထီးကျန်လွန်းတဲ့ မီးပြတိုက်တစ်ခုဟာ
ဦးတည်ရာမဲ့ သင်္ဘောတွေအတွက်
အမှောင်မှ အလင်းသို့ဖြစ်စေပြီး
လမ်းအမှန်ကို ပဲ့ညွှန်ပေးပါရစေ။
သွယ်ထားတဲ့ အချိတ်အဆက်နဲ့
မဆုံတဲ့ အဝေးမှာ ရှိနေပေးမှာပါ
ငါ့ဆီ ရောက်လာဖို့ မလိုအပ်ပါဘူးလေ။
ထပျံခါစ အရိပ်တစ်ခုနဲ့
ဆင်းသက်ခါနီး အရိပ်တစ်ခု
ဆုံနိုင်ခွင့်မရှိလည်း
ငှက်တစ်ကောင်အဖြစ်ကနေ
လွတ်လပ်ခွင့်တွေ ပေးပါရစေ။

အမြင့်ရောက်ရင်ဖြစ်ဖြစ်
ခိုနားတဲ့အခါဖြစ်ဖြစ် ငါ
လွင့်ပျောက်နေမှာပါလေ …။
ထာဝရဆန့်ကျင်ရာဘက်
ဝေးကွာနေမြဲမို့
မမြင်နိုင်တဲ့ ခံစားမှုအဖြစ်နဲ့
ပေါင်းသွယ်ခွင့်လေးရရင်တောင်
ဆုံဆည်းခြင်းကို ရေခဲရိုက်
ယူသူကို မသိနိုင်သော်လည်း
ပေးချင်သမျှ ပေးခဲ့နိုင်ပြီးရင်
ရရှိသလောက် အဆင်ပြေဖို့ပဲ
ငါ့ဘက်က အမြဲတပ်မက်ဆဲပါကွာ။
မင်းနေတဲ့ ဘက်မှာ အရာရာ
ပေါ့ပါးမြင့်မားနေပါလေ
ငါရောက်တဲ့ အောက်မှာ အတ္တစွတ်
နက်နက်တူးစွနေပါ့မယ်။
အစွန်းနှစ်ဖက်ရဲ့ ဝင်ရိုးဆုံချက်မှာ
ဥပေက္ခာတရားလေး
ဗဟိုတည်ထားကြရအောင်ကွာ
ငါ့ကို မေ့နေပါစေ… ။

ယံမိုး

□ □ □

# တွေးပါ

အတွေးမှာ တွေးလို့မရတဲ့အရာ ဘာမှမရှိပါဘူး
သို့သော် တစ်ခုပဲ
တွေးနေဆဲ အတွေးကို တွေးလို့မရတာက လွဲရင်ပေါ့ …
တူးဆွသမျှ တောရဲ့ အကျိုးအကြောင်းနက်နက်မှာ
အဆိုးအကောင်းက တစ်ဖက်စီ
(သို့မဟုတ်) ဒွန်တွဲလည်း နေနိုင်ပါတယ် …
အသံတွေ မမည်တော့ဘူး …
စကားတွေတော့ ပြောလို့ရတယ် …
ဆိတ်ငြိမ်ခြင်းဟာ ငြိမ်းချမ်းရာတစ်မျိုးပဲလေ …
အမှားတွေဟာ လွတ်လွတ်လပ်လပ်နဲ့ပေါ့ …
ဆန္ဒအတ္တတွေရဲ့ နိဗ္ဗာန်လည်း ဖြစ်နိုင်သေးတယ် …
ရပ်ဖို့မပါတဲ့ အရွေ့သက်သက်မို့
အသွားအရှက သွက်ခနဲ … သုတ်ခနဲ …
အချိန်ဆိုတာ အမှန်တရားဖြစ်တယ်ဆိုတာထက်
စစ်မှန်တဲ့ အမှန်တရားပေါ်လာဖို့ပဲဖြစ်တယ် …

အဓိပ္ပာယ်ထဲမှာ တစ်ခုခုရှိပါတယ်
"အဓိပ္ပာယ်ကို ခွဲခြမ်းကြည့်လိုက်ပါ" ဆိုရင်
ဒါဟာ သိပ်အဓိပ္ပာယ်မရှိပါဘူး
မရှိတဲ့ အဓိပ္ပာယ်ကကို
တစ်ခုခုဖြစ်နေပါပြီလေ
တစ်စုံတစ်ရာတိုင်းဟာ သတ္တိရှိနေနိုင်ပါတယ်
သတ္တဝါအမျိုးမှာ ကိုယ့်အကျိုးလောက်သာ
အရာရာထက် ယူပျိုးတာများတယ် …
ရရှိပြီးသား ဆတူအမျိုးအစားပါ …
လူသားမှာ လူသားဟာ
တခြားအများကြီး မကွာပါဘူး …
ပွားပြီးရင်း ပွားတာနဲ့
တားပြီးရင်း တားသွားတာပဲ ကွာမယ် …
အတွေးမှာ တွေးလို့မရတဲ့အရာ ဘာမှမရှိဘူး
သို့သော် တစ်ခုပဲ …
တွေးနေဆဲ အတွေးကို တွေးလို့မရတာက လွဲရင်ပေါ့ …။

ယံမိုး

□ □ □

## ဖရိုဖရဲရဲ့ အာလာပ သလာပ

တေးမှတ်ထားဖူးတဲ့ ခံစားမှုတစ်ခုကို
တိုင်ပင်လှမ်းခေါ်မိတယ် …
လျှော့တိလျှော့ရဲနဲ့လာတဲ့ ခြေသံက
နီးလိုက် ဝေးလိုက်ပါပဲ
တစ်စတစ်စ ပြန့်ကျဲနေတယ် …
မဟုတ်သေးဘူး …
ဖြန့်ခင်းထားခဲ့မိတာ
မြင်နေရတိုင်း ဆုတ်ကိုင်လို့မမီတဲ့ အငွေ့လိုပါပဲ …
စိတ်အရင်းတွေသာ ကျစ်ကြတ်လာခဲ့တယ်
မီလု မီခင်လေးနဲ့ ဘဝဟာ
သိပ်စိတ်ဝင်စားစရာကောင်းတယ် …
လက်ခံလိုက်ရတိုင်း ဖြစ်ခဲ့ပြီးသားချည်းပဲမို့
ဖြစ်ချင်တာတွေဟာ မဖြစ်နိုင်တာတွေများလား …
တွေးရင်းစိတ်မှာ အောက်ကျနောက်ကျနဲ့
အပေါက်အဟက ကွာလွန်းခဲ့တယ် …
ကိုယ့်ကိုယ်ကိုတောင် လေးစားခြင်းတိမ်းပါးသွားဖြစ်လို့
ဟိုက်ဟိုက်တတ်လာတဲ့ သက်ပြင်းအရှည်နဲ့သာ
ဘဝထဲကို သံမှိုနှက်မိတော့
အသက်ဟာ လောင်းရိပ်မိသလို ခပ်တိုတို …
ကြိုသတ်မှတ်ပြီးသား ဖြစ်စဉ်အဝန်းအဝိုင်းတစ်ခုပဲလား

အိမ်မက်တချို့မှာ ပန္နပွန်ကျကျ
နေထိုင်ဖူးတာလည်း ရှိတယ် …
နိမိတ်ဆိုတာ အတိတ်မဖြစ်ခင် မနက်ဖြန်ဖြစ်ဖူးခဲ့ရုံပါ
တစ်နေ့တော့ အတူတူပျောင်းမြေ့ကြသေးတာပေါ့ …
အသစ်တွေလိုတယ်
အသစ်တွေလိုတယ် ဟောင်းဖို့
အဟောင်းတွေ ဖော်တယ်
အဟောင်းတွေ ဖော်တယ် သစ်လို့ …
ကပ်ရပ်လေးခွာ ခွာကြည့်တယ်
ပါးပါးမှ တကယ့်လျှလျှလေးပဲ
အတုခိုးတာပေါ့ အတူခိုးချတာမဟုတ် …
သိုမှီးထားသမျှ မှီငြမ်းထားတာမဟုတ် …
ရှင်းပြလို့ နားလည်ဖို့ ခက်တယ်
အနာတွေ ကျက်သင့်ပြီ …
အဆာတွေ ဖြည့်ရမယ် …
ဖေးတတ်လာစ အနာကင်းဖတ်လေးများဟာ
ယားသလိုလို နာသလိုလိုနဲ့
အခွံတွေ ခွာပေးရမယ် …
အနှစ်တွေ ပြည့်ပါစေ …။

ယံမိုး

□ □ □

## သို့လော သို့လော

တစ်ဖက်စီ ကွဲပြားခြားနားတာတွေကို
တိတိကျကျ ကြားနေခြင်းဟာ
ရည်ရွယ်ချက်ဆိုတာ အပြည့်အဝပါ,ပါတယ် …
ရွေးချယ်မှု မပြုနိုင်တာရယ်
အနေအထားများရဲ့ မရေမရာ ဖြစ်စဉ်များရယ်ကြောင့်
ငါဟာ ဝိရောဓိထဲမှာ တိုးလို့တွဲလန်းနဲ့ပေါ့ …
ရပ်တည်မှုတစ်ခုခုထဲ
ခုန်ဆင်းလိုက်ဖို့ကျ မချင့်မရဲနဲ့
လွှတ်ချချင်တဲ့စိတ်မှာ
သံယောဇဉ်က လက်ကျန်ကလေးကျန်နေတယ် …
မမှားချင်လို့ လက်မလွှတ်သော်လည်း
လွှတ်ချလိုက်ဖို့ကျမှန်မှ မှန်ပါ့မလားပေါ့ …
ဆုံးဖြတ်ခြင်းကို ဖြစ်လာစေဖို့
ကျိုးကြောင်းဆီလျော်မှုတွေ …
တွေးတောဆင်ခြင်မှုတွေ …
မျှော်လင့်ယုံကြည်ခြင်းတွေနဲ့
တိုင်းတာခဲ့မိတယ် …
ပြတ်သားတဲ့ အဖြေတစ်ခုအတွက်
တူးခဲ့ရသမျှ အခြေအနေများက
ပြန်မေးခွန်းထုတ်ဖွယ် ဖြစ်ဖြစ်လာတော့…

ဒွိဟများနဲ့ ငါဟာ... ငွကျ ကျခဲ့တယ်...
လွတ်မြောက်ချင်ပါတယ်လေ
မှတ်တိုင်လိုလို ဂိတ်ဆုံရာကို လှမ်းခဲ့တယ်...
ယုံကြည်ရာအသွယ်သွယ်က ပန်းတိုင်ဆီသို့
အရှိန်အဟုန်ပြင်းပြင်း စီးဆင်းနေတော့
ကိုယ့်မှာ ချီ့ချီ့တဲ့တဲ့လေးမေးရတယ်...
"ခင်ဗျားတို့ ဘယ်သွားနေတာလဲ"...
ကိုယ်စီးရမယ့်ကား ကိုယ်မသိတော့
ဘယ်မှလည်း မရောက်ဖြစ်တော့ပြန်ဘူး...
"ထိုင်နေတာ ကောင်းပါတယ်"လို့ တွေးတုန်း
မှတ်တိုင်မှာ လူတွေလည်း ကုန်ပြီ
ငါ့မှာသာ ထီးထီးကြီးငေါင်လို့...
ဩော်... တစ်ခုခုမှ ထည့်မထားရင်
ဟာလာဟင်းလင်းနဲ့ ဗလာကြီးပါလား ...
နောက်ကျတဲ့ အသိမှာ နောင်တ ထပ်မကပ်စေရတော့ဘူး...
ဆုံးဖြတ်ချက်ကို တိတိကျကျဖြစ်လိုရင်းနဲ့
မတ်တပ်ထရပ်လိုက်တယ်...
တစ်စုံတစ်ခုရှိဖို့ တစ်စုံတစ်ခုတော့ လုပ်ဖို့လိုတယ်
အကျိုးအပြစ်တွေရဲ့ ဗိုင်းရပ်စ်များဟာ
အတွင်းမှာ လှိုက်စားခဲ့ပြီးလို့ပါပဲ ...။

ယံမိုး

□ □ □

# အလယ် (သို့) အလတ်

လေးမိတ့် အချိန်စီးစီးအတွေးမှာ
အနှစ်ကြီးတွေထည့် ပါးပါလေးထုတ်
မပေါ့ရှံ ပွပွလေးကျစ်
သိမ်သိမ်မွေ့လျက် ပေါက်ခွဲပစ်ချင်တယ်...
စိုးမိုးခံယုံကြည်ရာ ဘောင်အတွင်းမှာပဲပေါ့...
ပေးချင်တဲ့အရာ တစ်ခုအတွက် မပီပြင်ခင်
မပေးဖြစ်မယ့် အရာတွေသာ များလာဖြစ်တယ်
အဆုံးရောက်မှ ထွက်လေ့ရှိတဲ့အဖြေဟာ
တဖန်တခါတော့ လမ်းခုလတ်တင်
ပေါ်လွင်ဖြစ်ပြီး သတ္တိနဲ့ တန်ဖိုးကိုပြတယ်...
အစက ကောင်းကောင်း မကောင်းကောင်း
အနှောင်းမှာ သေချာချာ မသေချာချာ
ကြားထဲ၌ရပ်မနေဘဲ ရွေ့လျားနေဖို့သာ အဓိကပါ
ပြဿနာတစ်ခုတွက်ဆို အဆွရဲ့နောက်က
အစကိုသာ ဆွဲထုတ်တတ်ဖို့လိုပြီး
အပိတ်ဟာ ဆွဲထုတ်သွားတဲ့ အစနဲ့အလယ်မှာ
ဆုံမိရင် အဖြေကိုရောက်ပါပြီ...
အလယ်မို့ အလတ်ဖြစ်သွားရသလား...
အကြီးအငယ် ကွာဟသွားလို့
အလယ်ကြားရောက်ရှိရသူပါ

လတ်သွားရတာ မဟုတ်ဘူး
ကျနော့်ကို အလတ်လို့ မခေါ်ပါနဲ့
ဝဲယာရဲ့ သွက်ဝိုက်တဲ့ အားတစ်ခုခုကြောင့်
အလယ်တွေ အလတ်ဖြစ်နေရတုန်းပဲ...
ကြားနေသူမို့ အနေအစာခါးရတာပါ...
မသိသလောက် လုပ်ချင်သူက
သိသလောက် မလှုပ်ရှားသူထက်
အဆိပ်အတောက်တော့ မဖြစ်ပါဘူး...
အမှားဆိုတာ အနာဂတ်သေတဲ့
အမှန်ရဲ့ အတိတ်ပါပဲ...
ဆိတ်ဆိတ်နေ ဝန်ခံခြင်းမို့
အားပါတဲ့ ဘက်မှာနေလိုက်ပါ
ခင်ဗျားနဲ့ကျုပ်ဟာ ရန်သူမဟုတ်ဘူး
အကြံမတူပေမယ့် ဉာဏ်အကူ
စံတူတာတော့ ညီပါစေ...
ချိန့်မှုကတော့ အနှစ်သာရမဲ့လျက်ပေါ့...
နောက်ဆုံး မည်သို့ပင်ဖြစ်စေကာမူ
အရှုံးထဲက အမြတ်ဆိုတာဟာ
သေဆုံးပြီးသားအချိန်တွေ ပြန်ရှင်သန်လာစေတာပဲလေ...
ဒီလိုနဲ့ ဒါတောင် ခုထိ...
သို့လော... သို့လော...။

ယံမိုး

□ □ □

## စာမူ (၈)

မမြင်နိုင်တဲ့ အခြားတစ်ဖက်ရဲ့ အသံမဲ့ကျိုးကျေ
အခိုက်အတန့်သာသာ အတူနေခဲ့ဖူးသူနှစ်ဦးအတွက်
ဖြူစင်ခြင်းအမှုကို မေတ္တာမှာ ကမ္ဘည်းတင်တယ်...
အသွေးသားတွေက မတော်ပြန်တော့ အဖိုနဲ့ အမဆိုတာ
လူ့အနွတွေအတွက် အတွေးမှာ အရောင်တွေ
စွက်လို့ပေါ့ ... အယုံအကြည်ကွဲလွဲနဲ့ အိမ်ရှင်မဟုတ်တဲ့
ရပ်ခြားမြေရဲ့ ဒုက္ခတွင်းဝမှာ ချော်ကျလုဆဲဆဲအလို...
အို ရွှေလုံမ... အပျိုငယ်...
မိုးတွေလည်း သည်းလို့
လကလည်း မိုက်လို့
အကျီကလည်း ပါးလို့
ကျားရဲပြွန်းတဲ့ လူ့အလိမ္မာတောမှာ
ရှင်ကြီးအပြင် ရှင်ငယ်ပါ အစိုးမရနိုင်ပါ...
ပြသာဒါးနဲ့ ရက်ရာဇာ နဂါးခေါင်းဘယ်ပဲလှည့်လှည့်
တောမိုက်ရောက်တဲ့ အခိုက်တောဂိုက်ပဲပေါက်ရမှာပေါ့...
စိတ်ဟာ နူးနပ်လွယ် ပေါင်းထည့်ခံဖို့လည်း လွယ်တယ်
ခြေနှစ်ချောင်းတွေ ဘယ်လိုဝင်ဝင် ထွက်ထွက်
အမြတ်မထွက်တဲ့ အဖြုန်းဟာ ဂရုဏာသက်သက်သာပါပဲ...
သတ်မှတ်ချက်အတိုင်း အအုပ်မိုး မခံလိုပြီး
ယထာဘူတကျကျ အမြင်တွေ ရှင်းရပါတယ်

နားလည်မှုနဲ့ သရုပ်ပြခဲ့တဲ့ အတုအယောင်ဇာတ်လမ်းမှာ
ကျွန်တော်ဟာ လင်ဖြစ်၍
သူမဟာ မယားဖြစ်ခဲ့ဖူးတယ်...
ကိုယ်စီသိက္ခာများအတွက် သစ္စာစစ်တဲ့ မောင်ကြီးနှမ
အဖြစ်မှန်များက နှစ်ကိုယ်ရည်ကြားမှာ
သက်သေတည်ရင်းပေါ့
အချစ်မဟုတ်တဲ့ အပြစ်တွေကြောင့်
လူတကာအပြောဟာ စိတ်မှာ လာထင်ဟပ်သင့်သလား...
မောစရာလို့ပဲ
အတူတကွ ရယ်ဖြစ်ကြသေးတယ်...
နှစ်ဦးကြားက မြင့်မြတ်မှုကို
သံသယလေးနဲ့တောင် တဏှာမစွက်ပါနဲ့
ရောက်ရာအရပ်မှာ ရဲရင့်ပါ
ဖြစ်သမျှ အခြေမှာ နေရင်း
ပျက်သမျှ အကြောင်းကိုလည်း ပြင်ပါ ... ညီမငယ်
သက္ကရာဇ် အချို့ကြွေကျွန်မ်းလာပြီးတဲ့နောက်
တွေ့စပ်ရည်စူးပြီးသား
ကျွန်တော်ရဲ့ အိုမင်းချင်တဲ့ ဘဝလေးလည်း
ဆက်လျက် ပျိုနုနေရဆဲလေ...
ကြားစကားရဲ့ အကြောင်းတစ်ခုနဲ့ ချစ်ရသူသဝန်တိုမှုက
အကျိုးကို စယုတ်စေတယ်
စွဲချက်တင်တဲ့ အမှုကိုက
"တိတ်တာဆိတ် အိမ်ထောင်ကျပြီးသား"တဲ့... လေ



ချစ်သူ့သံသယကို သရုပ်ပြဇာတ်ရဲ့ အရိပ်က
မအုပ်မိုးနိုင်ခဲ့ပါဘူး... နောက်ဆုံး
အမှန်တရားဟာ အမှားစကားနဲ့ ခံတော့
အပြစ်ရှိသူသာ ကိုယ်ဖြစ်လာခဲ့တယ်...
တစ်ဆင့်ကြားတဲ့အမြင်ကို
တစ်ဖက်ကန်းတဲ့အသိရှိသူအတွက် ရှင်းပြဖို့အခြေအနေ
ဆိုတာ အခွင့်အရေးလုံးဝမရှိနိုင်ပေ...
ချစ်ရသူနဲ့ ခွာပြဲပြီးတဲ့နောက်
လိပ်ပြာလုံခဲ့လို့ နောင်တဆိုတာ ဘာပဲဖြစ်ဖြစ်
ကျွန်တော့်အတွက်တော့ ကင်းပါတယ် ...
တစ်ဖက်သတ်အမြင်ရဲ့ ထောင့်တစ်ခုအနေနဲ့
တဒင်္ဂအတွင်း အယူအဆရလဒ်က
ဆုံးရှုံးမှုသာ ရှိခဲ့တယ်
မသိနိုင်ခြင်းနောက်ကွယ်မှာ
သိပ်ကြောက်စရာကောင်းအောင်
လူတစ်ယောက်ရဲ့ မျှော်လင့်ရှင်သန်ရာ ဘဝတစ်ခုဟာ
အသံမပြည်ခဲ့ဘဲ
ကျိုးပျက်ပေးခဲ့ရပါတယ်...
စကားလေးတစ်ခွန်း...
အမြင်လေးတစ်ချက်... က
အသိတွေတောင် ကန်းသွားစေနိုင်တယ်ဆိုတာ...

ယံမိုး

□ □ □

## မြင့်မြတ်နှလုံးသားနဲ့ စက္ကူ

ခံစားမှုအတ္တမဲ့တဲ့ စက္ကူအဖြစ်ကနေ
အေးချမ်းကြည့်ပါရစေ... အသုံးခံပါရစေ...
သက်ရှိသော ခန္ဓာတွေ
ထုနဲ့ ဒေးသဂြိုဟ်ခံပြီးမှ
မွေးဖွားလာခဲ့ရတာ စက္ကူပေါ့...
သူဟာ တကယ်တော့
အသက်အရှက်
အသက်အကိုင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ အသက်ရှိတဲ့
အသက်ပင်ကြီးလေ...
ကွာရှင်းပြတ်စဲခြင်းမှာလည်း သုံးတယ်



လက်ထပ်စာချုပ်မှာလည်း သုံးတယ်...
လူသားတို့ရဲ့ ယုံကြည်ရာ ဘဝတွေအတွက်
လိုအပ်တိုင်း အသုံးခံတယ်...
နောက်...
ပညာဆိုင်ရာမှာ သုံးတယ်...
စည်းစိမ်ဆိုင်ရာမှာ သုံးတယ်...
အာဏာတွေ ပါဝါတွေအပြင်
နေ့စဉ်ဖြတ်သန်းရာ နေရာတကာမှာ သုံးတယ်...
အကျိုးကျေးဇူးတရားအတွက်
အမေ့ခံ လိုသုံးအဖြစ်
လိုအပ်တိုင်း အသုံးခံတယ်...
မွေးဖွားခြင်း စာရင်းမှအစ
သေဆုံးခြင်း စာရင်းမှာအထိ
ပုံသဏ္ဌာန်အမျိုးမျိုးနဲ့
ကြုံလာမယ့် အစုန်အဆန်ကို
အတ္တမစွက်တဲ့ ဥပေက္ခာဖြင့် အသုံးခံတယ်...
ကဲ ဘာလိုသေးလဲ... ကျွန်တော်တို့အတွက်
သူ့အတွက်မရှိသော
အကျိုးနဲ့ ပြုပေးထားတဲ့
အကြောင်းကိုတောင် မမှုဘဲ
ဆွဲဖြဲခဲ့ဘူးတာ
ကျွန်တော်ဟာ လူမိုက်...
ကျွန်တော်ဟာ လူ့အမိုက်...

လိုသုံးဆိုတဲ့ စကားနဲ့ အသုံးလိုတဲ့ စကားဟာ
ပါးပါးနက်နက်လေးစူးစေသော ဆူးတစ်ချောင်းပါ…
လိုအပ်တဲ့ ကွက်လပ်ကို ဖြည့်ဖို့
အသုံးလိုရာမှ အသုံးကျကျ
အသုံးချခံရခြင်းဟာ လိုသုံးမဟုတ်ပါ…
ကျွန်တော်တို့ရဲ့ အသုံးချခံတွေထဲမှာမှ
အသုံးကျလွန်းလို့ အသုံးချခဲ့ကြတာပါ
စက္ကူကို မဆွဲဖွဲ့ကြပါနဲ့
သိမ်မွေ့လွန်းတဲ့ သူ့အသက်ရှူသံတွေ
နာကျင်လွန်းတဲ့ သူ့ငြီးတွားသံတွေ
ကျွန်တော်တို့ ကြားမိသင့်တယ်
တကယ်ဆို သူဟာ အသက်ရှိတဲ့
မေတ္တာနှလုံးသားနဲ့ သူပါ
မြင့်မြတ်လှတဲ့ ကျွန်တော်တို့လူသားတွေ
စက္ကူရဲ့ အကျိုးသတ္တိလောက်
အသုံးချခံပြီး အသုံးကျပြီးပြီလားဆိုတာ…

ယံမိုး

□ □ □

# နေနဲ့ ည ဆက်သွယ်မှု

နေဟာ နံနက်ခင်းတွင်
(အမှောင်မှ အလင်းသို့)
ထွက်သွားခဲ့ပြီမို့ ညနေမှာ နေဝင်ခဲ့ရင်း
ငါဟာ အမှောင်ဘက်ကနေ
နေ့တစ်နေ့ကို
"နေထွက်လာပြီး နေဝင်သွားသည်"ဟု
ခေါက်ရိုးကျိုးမှတ်ယူမိတယ်
နေဟာ နံနက်ခင်းတွင်
(အလင်းသို့ အမှောင်မှ)
ဝင်လာပြီမို့ ညနေမှာ နေထွက်ခွာသွားရင်း
ငါဟာ အလင်းဘက်ကနေ
နေ့တစ်နေ့ကို
"နေဝင်လာပြီး နေထွက်သွားသည်"ဟု
အတွေးတချို့သစ်မိတယ်
ပညတ်ချက်အထွေထွေထဲ
ငါနဲ့ ငါဟာ အငြင်းပွားစရာအပြည့်ပေါ့
ဖြစ်နိုင်ချေရှိသမျှ အခင်းအကျင်းနဲ့
ဖန်တီးခံသတ်သတ်မှတ်မှတ်တွေကြား
ငမောင် တောင်လား မြောက်လား
မသိခဲ့တဲ့ အဖြစ်အပျက်က ခပ်များများရယ် …

တချို့အဖြစ်အပျက်တွေအတွက်
ထင်ထင်ရှားရှားသိမနေဖို့လည်း
လိုအပ်တယ် ထင်ပါရဲ့…
ဖျော့သမျှအရောင်တွေ
မှိန်လွင့်သွားတတ်တာ သဘာဝတစ်ခုပဲဟာ
နေ့ဟာ နေ့ဘာသာဖြစ်ပြီး
ညဟာ ညဘာသာဖြစ်တာပဲ
အယူအဆရေစီးကြောင်းတစ်ခုရဲ့
အရှိန်အဟုန်ထဲ ဖာသိဖာသာနဲ့
သဟဇာတဖြစ်ဖို့လိုသလား…
အထင်အရှားနဲ့ အဖြေတစ်ခုရဖို့ လိုသလား…
ဝင်ဝင်ထွက်ထွက် အလင်းဟာ
နေ့တစ်နေ့ ပီပီသသဖြစ်ဖို့နဲ့
ထွက်ထွက် ဝင်ဝင်အမှောင်ဟာ
ညတစ်ည ပီပီသသဖြစ်ဖို့သာ
အဓိပ္ပာယ်စစ်စစ်ရဲ့ ငြိမ်းအေးရာဖြစ်မယ်…
အငြင်းပွားခြင်းကြောင့် ရလဒ်ရဲ့ အရှုံးကို
အစကတည်းက မပေါ်နိုင်ခဲ့ရင်
အမြတ်ကို ရင်းနှီးထားဖို့တောင် မလိုအပ်ပေ
ငြင်းခုံဖြစ်တိုင်း အရည်အသွေးတတ်တာမျိုးမှမဟုတ်ဘဲ
မလိုအပ်တဲ့ အန္တရာယ်လည်း ဖြစ်နိုင်တာပဲလေ…

ယံမိုး

□ □ □

## အကျဉ်းကျခံရတဲ့ မြို့ပြဇာတ်လမ်း

တိုးတက်ဖွံ့ဖြိုးခြင်း ပုဒ်မနဲ့ မြို့ပြဟာ
အကျဉ်းကျခံခဲ့ရတယ်…
တရားလိုကတော့ အနာဂတ်တွေပေါ့…
အဖြစ်အပျက်ဇာတ်လမ်းအခင်းမှာ
သမိုင်းက တရားခံဖြစ်ခဲ့တယ်
မွေးဖွားမယ်ဆိုကတည်းကမှ မြို့ပြဟာ
အတိုင်းအတာနဲ့ ရိုက်နှက်ခံရပြီးသား
တဖြည်းဖြည်းနဲ့ ဆုံနိုင်သမျှ လက်ခံရင်း
လက်အံသေတဲ့ ပုံသဏ္ဌာန်တွေဟာ
နေသားတကျပေါ့…

ငယ်သူတွေ နေ့နေ့ညညတိုးကြ ကြိတ်ကြနဲ့
ရိပ်သာသို့ ကြီးသူတွေကိုလည်း ပို့ကြစွန့်ကြပေါ့
ဇယ်မယ်ကလေးတွေနဲ့ ခလုတ်တိုက်မိတိုင်း
မြို့ပြဟာ ကိုယ်ဝန်ကြီး ကြီးလာခဲ့ပြီး
အဖြေမပေါ်တဲ့ ပြစ်မှုအမြောက်အမြားကြားမှာ
ဥပဒေသတွေသာ ပုဒ်မတွေတိုး တိုးလာခဲ့တယ် …
ကျားရဲရာ မုဆိုးဖြစ်မှ ရှင်သန်မှာမို့ အလုံးအရင်းနဲ့
သားကောင်လား … မုဆိုးလား မကွဲပြားခင်
မီးကို တိုးတဲ့ ပိုးဖလံမျိုးဘဝတွေ ဖြစ်လာကြတယ်
လမ်းတွေ များတယ် … ဘဝတွေ များတယ်
ဘောင်အကန့်အသတ်မှာ
စနစ်တွေက ခြားနားသေးတယ်
အချိန်တွေ မအားကြတော့သလို
နာရီပိုင်ရှင်တွေဟာ အချိန်ရဲ့သားကောင်အဖြစ်နဲ့
အရှိန်ဟုန်ပြင်းပြင်း စီးမျောနေကြပြန်တယ်
ပရဟိတတွေများလာပြီး အတ္တဟိတကျကျ
သံသယတံခါးတွေ အိမ်အချင်းချင်း ခြားထားဆဲပါ
ယုံကြည်ရာ ကိုးကွယ်မှုများမှာ
ကုသိုလ်ရေးတွေ များသလောက်
တိရစ္ဆာန်ရုံကတော့ ဆွဲဆောင်မှုအပြည့် …
အပျောက်အရှတွေနဲ့
အပေါက်အဖာတွေနဲ့
မြို့ပြဟာ ဆင်ခြင်တွေနဲ့ ဖုံးထားသေးတယ်…



မြို့တွင်းမှာ တောက်ပြောင်ခြင်းတွေဟာ
အပြိုင်းပြိုင်းထလို့
မြို့ပြင်ရဲ့ တောက်လောင်မှုတွေကလည်း
တလှိုင်းလှိုင်းကြွလို့
ညတစ်ညရဲ့ အလှဟာ ငွေသော်တာထက်
နီယွန်မီးနဲ့ ဖြန့်ခင်းထားတယ် …
အိပ်စက်ဖို့ တိတ်ဆိတ်လို့မဖြစ်နိုင်တော့တဲ့အခါ မြို့ပြဟာ
သူကိုယ်တိုင်ပဲ ဆူညံပလိုက်တော့တယ်
လွတ်လပ်စွာ လေကို ရှူရှိုက်လိုပေမယ့် ဂယက်ပွက်နေသမျှ
အပူက ရိုက်လာဆဲမို့
ရှိုက်သွင်းထားရတဲ့ အောက်ဆီဂျင်တွေတောင်
ချို့တဲ့ အရောင်ပြောင်းနေလေပြီ …
ယဉ်ကျေးမှုတွေ ဖောက်ထွက်ရာ …
အကျင့်သိက္ခာတွေ လဲလှယ်ရာ …
ဆန်းသစ်မှုတွေ ထွန်းကားရာ …
အရာရာဖြစ်ခွင့်ရှိသမျှ ဖြစ်နိုင်စရာမှာ မြို့ပြဟာ
နိဒါန်းဖြစ်ပြီး နိဂုံးလည်းဖြစ်တယ် …
ဦးနှောက်နီးကြားမှုတွေ ဖွံ့ဖြိုးနေတိုင်း
နှလုံးသားရဲ့ တန်ခိုးထွားမှုတွေဟာ
ဆိတ်သုန်းရာအဖြစ် စတေးခံရစမြဲပေါ့
အောင်မြင်ရာ ကြီးပွားရာ ဘုံနန်းများသဖွယ်
ပန်းတိုင်တွေ တရိပ်ရိပ်မြင့်လာခဲ့ကြတာ
လူနေအိမ်တွေတောင် ကောင်းကင်ထိ

ရောက်လို့နေကြရတယ် …
အမြင့်ကကြည့်ရင်း အနိမ့်ရဲ့ သဘောတရားနဲ့
သဘာဝအန္တရာယ်မှာတော့ မျက်ဖြူစိုက်စရာပါပဲ…
အောင်မြင်တိုးတက်ရေးတွေ များသလို
ပျက်စီးပေးလိုက်ရတာတွေလည်း ခါးသက်လှတယ်
အော်ဂဲနစ်အသီးအရွက်တွေရယ်
ရေခဲရိုက်အစားအသောက်တွေဟာ
မြို့ပြရဲ့ ချပ်ဝတ်တန်ဆာတွေအဖြစ်
အသုံးတော်ခံလို့ပေါ့ …
အာဟာရတွေ မပြည့်ဝတော့တဲ့အခါ
လူတွေ အထပ်ထပ် မူတွေ အဆက်ဆက်နဲ့
အကျဉ်းအကျပ်ကြားမှာ မွန်းကျပ်လွန်းပြီး
နောက်ဆုံး
မြို့ပြဟာ မြို့ပြမှာပဲ
ဂူသွင်းခွင့်မရဘဲ
အငွေ့အဖြစ် သင်္ဂြိုဟ်လိုက်ရတော့တယ်

ယံမိုး

□ □ □

## ဆံသဆိုင်ရဲ့ နိုင်ငံရေးအခင်းအကျင်း

အလင်းမဲ့ဆွံ့အသူနဲ့
ပုံစံသွင်း ဆံညှပ်ပေးသူကြား
စေတနာက အသိရဲ့ မြင့်မြတ်မှုကို
ဖော်ကျူးနိုင်တယ်
ဒီအခက်ကို လွယ်တတ်စေလို့
မေတ္တာဟာ ပြဿနာအတွက်
ငြိမ်းချမ်းရေးပဲ …
ဒုက္ခိတရဲ့ ဘုံဆိုင်အဖြစ်
ဆံသလာသူနဲ့ ဆတ္တာသည်ဟာ
နားကန်းဆွံ့အတယ်ဆို
အမြင်တစ်ခုတည်းမှာ
ကွဲပြားခြင်းကို ညှိလို့ ယူမယ်
ပျော်စရာအချက်နဲ့
သည်းခံတတ်ဖို့ ကြိုဆိုပါ၏ …

ဆံသဆိုင်တစ်ခုရဲ့ပွဲကိုင်ရှင်ဟာ
ဆွံ့အနားမကြားသူဆို
အမူအရာအားဖြင့် ညှပ်တဲ့အခါ
ရယ်ဖွယ်ကောင်းသော်လည်း
ဖလှယ်ပြီး ကြည့်တဲ့အမြင်မှာ
အသိဟာ တန်ဖိုးမြင့်မယ် …
အမြင်အကြားစကား
မချို့ယွင်းကြသူတွေဖြစ်လျက်
နှုတ်ဆိတ်ကန်းနေခဲ့ပါရင်
ပုံစံခွက်မှာ အကျိုးအကြောင်းဟာ
အဆိုးသာ ဆိုက်လို့
အကောင်းကို မဲ့စေတယ် …
ဦးခေါင်းတစ်ခုလုံး ထိုးပေးထားတာ
ရွေးချယ်ခံဖို့ထက် ယုံကြည်ရာ
သူ့ကို ရွေးကောက်စံအပ်စေတာပါ
ကိုယ့်အသိရဲ့ မြတ်နိုးမှုကို
သူ့အသိနဲ့ မေတ္တာမျှလို့
လိုသလို ပုံအပ်သွင်းဖို့
ပြုပြင်ပြောင်းလဲကြပါစို့…

ယံမိုး

□ □ □



# ဆုရော

# ချောင်းကြည့်ပေါက်လေးများ

# ဖန်ဆင်းခွင့်

(၁) ပြတင်းတံခါးကို ဖွင့်လိုက်တာနဲ့ ပင်လုံးကျွတ်
ပွင့်ဝေနေတဲ့ သနပ်ခါးပန်းရနံ့တွေက အခန်းထဲကို
သင်းသင်းပျံ့ပျံ့ တိုးခွေ့ဝင်ရောက်လာတော့တယ်။
ပြီးတော့ စံပယ်ရုံနဲ့ ဇီဇဝါရုံတွေကို ဖြတ်ပြီး
တိုက်ခတ်လာတဲ့ မနက်ခင်းလေပြေနုနုအေးအေး
လေးကလည်း ကျွန်မစိတ်နဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို
အေးမြလန်းဆန်းသွားစေတယ်။
ပြတင်းတံခါးလေးကတစ်ဆင့် ခြံဝန်းလေးထဲ
ကြည့်မိတော့ အိုး… အရောင်အသွေးစုံတဲ့ သစ်ခွပန်း
တွေဆိုတာ မြင်ရတဲ့သူအသက်ရှူမှားလောက်အောင်
အစွမ်းကုန်ဖူးပွင့်ဝေဆာလို့။ ပြီးတော့ ကျွန်မတို့
တစ်ခြံလုံးကို အရိပ်အာဝါသကောင်းကောင်းကြီးပေးတဲ့
ခရေပင်ကြီးတွေအောက်မှာတော့ ပန်းခရေ
အကြွေလေးတွေဆိုတာ ဖွေးဖွေးလှုပ်။
ကျွန်မလည်း ကလေးလေးတစ်ယောက်လို
ဟေး ခနဲအော်ဟစ်ပြီး ပန်းကောက်ဖို့အတွက်
ခြံထဲကို ဆင်းလာခဲ့လိုက်တယ်လေ။
ခြံထဲရောက်တော့ ရေစည်ကို အုပ်မိုးပြီး
ဆောက်ထားတဲ့ ပူးစင်ကြီးက
ကြီးမားဖွံ့ထွားတဲ့ ဗူးသီးတွေကို

ခူးဆွတ်ပြီး အိမ်နီးနားချင်းတွေကို ဝေငှဖို့အတွက်
မေမေတစ်ယောက်
အလုပ်ရှုပ်နေတာကို တွေ့လိုက်ရတယ်။
ဖေဖေကတော့ ထုံးစံအတိုင်း
ကန်စွန်းခင်း မုန်လာခင်း ချဉ်ပေါင်ခင်းစတဲ့
သီးပင်စားပင်တွေကို ဝီရိယကောင်းကောင်းနဲ့ မနက်
စောစောစီးစီး ရေလောင်းပေါင်းသင်လုပ်နေလေရဲ့။
ဒါနဲ့ ညီမလေးရော...
ဟော... ဟိုမှာ တွေ့ပါပြီ...
ကျောင်းစိမ်းဝတ်စုံနဲ့ ညီမလေးက သူ့အတန်းပိုင်
ဆရာမအတွက် ကောင်းပေ့လှပဆိုတဲ့ ကစ်စ်မီပန်း
လှလှတစ်ခက်ကို စိတ်ကြိုက်ရွေးချယ်ပြီး ခူးဆွတ်လို့။
မမကတော့ မီးဖိုချောင်တာဝန်ကို ယူထားရသူပီပီ
တစ်ခြံလုံးမှာရှိတဲ့ သီးပင်စားပင်တွေကို
တစ်ပျော်တစ်ပါးကြီး
ကြီးခူးဆွတ်ယူငင်နေလေရဲ့လေ။
ဖေဖေ မေမေ ညီမလေးနဲ့ မမတို့ကို ကြည့်ပြီး
ကြည်နူးလို့ မဆုံးသေးဘူး။
ဖွားဖွားကြီးက ဘုရားပန်းအိုးတွေ သယ်ပြီး
ရေစည်ကို လျှောက်လာတယ်။
ပြီးတော့ ငွားငွားစွင့်စွင့် ပွင့်လန်းနေတဲ့ နှင်းဆီပန်းတွေကို
တစ်ခက်ခြင်း စိတ်ကြိုက်ခူးဆွတ်ပြီး
ဘုရားပန်းအိုး ထိုးတော့တယ်။



ဖွားဖွားကြီးရဲ့ မျက်နှာက ကြည်နူး
စိတ်ကြောင့် ကြည်လင်ပြုံးချိုနေတယ်။
ဖိုးဖိုးကြီးကတော့ တောအုပ်ကလေးတစ်ခုနဲ့တူတဲ့
ခြံဝန်းလေးထဲမှာ အေးအေးသက်သာနဲ့
လမ်းလျှောက်နေလေရဲ့။
(၂) ဟုတ်တယ်။ ကျွန်မတို့ ခြံဝိုင်းလေးက နတ်ဘုရား
ပုံပြင်တွေထဲမှာပါတဲ့ တောအုပ်ကလေးနဲ့
တူတယ်။ သီးပင်အစုံစားပင်အစုံအပြင် ပန်းပေါင်း
အစုံအလင်နဲ့ အရိပ်အာဝါသကောင်းတဲ့ ကျွန်မတို့
အိမ်လေးဟာ သိပ်ကို နေလို့ကောင်းတယ်။
ရာသီပေါ် သီးပင်စားပင်တွေကို ကိုယ်တိုင်စိုက်ပျိုး
စားသောက်ရတဲ့ ကျွန်မတို့ တစ်မိသားစုဟာ
ရောဂါဘယလည်း သူများတွေထက်
ကင်းဝေးကြတယ်လေ
မိသားစုစားသောက်ရုံအပြင်
အိမ်နီးချင်းတွေကိုပါ ဝေငှနိုင်တော့ ကျွန်မတို့မိသားစု
လေးက လူချစ်လူခင်လည်း အင်မတန်များရသလို
အိမ်နီးချင်းတွေရဲ့ လေးစားအားကျမှုကိုလည်း
ခံရတယ်။
"အလတ်မရေ... ဟေး... အလတ်မ ဘာရပ်လုပ်နေလဲ"
ဖေဖေ့ခေါ်သံကြောင့် ရုတ်တရက်လန့်သွားပြီး
ကောက်ထားလက်စ ခရေပန်းခြောက်ကလေးတွေလည်း
မြေပြင်ပေါ်သို့တစ်ဖန်သက်ဆင်းသွားရတော့သည်။

ပါးစပ်မှလည်း "လာပြီ... ဖေဖေ"လို့ အော်ရင်း
ခရေပန်းခြောက်တွေကို ပြန်ကောက်ယူလိုက်မိတယ်။

(၃) အို...
ကြည့်စမ်းပါဦး...
ဒီနေ့ညနေ ရုံးက အပြန်မှာ စိုက်ပျိုးရေးခြံတစ်ခြံက
ဝယ်လာတဲ့ မျိုးစေ့လေးတွေကို ဆုပ်ကိုင်ရင်း
ကျွန်မတစ်ယောက် စိတ်ကူးယဉ်ပုံဖော်နေမိလိုက်တာ။
ဘယ်လောက်တောင်များလဲဆိုရင်
လက်ထဲမှာ ကိုင်ထားမိတဲ့ ခရေမျိုးစေ့လေးတွေတောင်
ခရေပန်းခြောက်လေးတွေအဖြစ်ကို
ရောက်သွားရသည်အထိ ကိုယ့်အဖြစ်ကိုယ်
ရှက်သလိုလို ဖြစ်သွားမိတယ်။
ဘာပဲဖြစ်ဖြစ်ပါလေ
သစ်တောတစ်အုပ်ဖြစ်လာမယ့် မျိုးစေ့လေးတွေကို
ကျွန်မလက်ထဲမှာ ဆုပ်ကိုင်ထားမိပြီပဲ။
ခြံထဲက မြေလွတ်မြေရိုင်းတွေကို ကြည့်ပြီး ကျွန်မ
အားရပါးရ တစ်ချက်ပြုံးလိုက်မိတယ်။

သုရော

□ □ □

## လျှောက်လမ်းများ

(၁) မောင်နှင့်လမ်းခွဲမည်။
ထိုဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်ဟု
မောင့်ထံ နာနာကျင်ကျင်ဖုန်းဆက်ပြောမိသည့်နေ့က
မောင့်ရဲ့ ခြောက်ကပ်ကပ်ရယ်သံအချို့တစ်ဝက်ကို
အရင်ဆုံးကြားလိုက်ရသည်။ ထို့နောက်
မောင်ကပင်ဆက်၍...
"သေချာစဉ်းစားပါဦး မလေးရဲ့...
သေချာပြီလို့ဆုံးဖြတ်ပြီးရင် မောင့်ဆီဖုန်းခေါ်လိုက်
မောင်လာတွေ့ပါမယ်... ခုလောလောဆယ်
မလေးစိတ်တွေ အရမ်းလှုပ်ရှားနေတယ်...
ခဏဖြစ်ဖြစ်အနားယူလိုက်ဦး...
အရမ်းချစ်တယ်နော် ဘိုင့်ဘိုင် ..."
ဟူသော စကားလုံးများသုံး၍ အရင်ဦးအောင်
စကားဖြတ် ဖုန်းချသွားခဲ့သည်ချည်းဖြစ်သည်။

အံ့ဩမိသည်က သူမဘက်ကသာ လမ်းခွဲစကား
ပြောဖို့အတွက် နေ့ရက်ပေါင်းများစွာ နာရီပေါင်းများစွာ
ကြာအောင် တုန်လှုပ်ချောက်ခြားခဲ့ရသလောက်
ထိုစကားကို ကြားတော့ မောင့်ရဲ့ တုံ့ပြန်သံက
ကြောက်စရာကောင်းလောက်အောင် အေးစက်
တည်ငြိမ်နေခဲ့တာကိုပဲဖြစ်သည်။ တကယ်ဆို
မောင်လည်း သူမနည်းတူ တုန်လှုပ်ခြောက်ချားခဲ့ရမှာ
မဟုတ်ပါလား။ ထိုနေ့ကတည်းကစ၍ မောင့်အချစ်ကို
စတင် သံသယဝင်မိတော့တာပဲဖြစ်သည်။
"မောင်က မေလေးကို နားလည်တာကိုး မေလေးရ...
မေလေး မောင့်ကို အရမ်းချစ်တယ်ဆိုတာ
မောင်သိနေတာပဲ...က အခြေအမြစ်မရှိတဲ့ မေလေးရဲ့
လမ်းခွဲစကားကို နားထောင်ပြီး မောင်က
ဟန်ဆောင်ပန်ဆောင် ကြေကွဲပြရဦးမှာလား...
မေလေးကသာ မောင့်အပေါ်နားမလည်တဲ့
စိတ်တွေနဲ့ လမ်းခွဲစကားကို ပြောထွက်တာပါ
မောင်ကတော့ မေလေးအပေါ်မှာ အစအဆုံး
နားလည်တယ်ဗျသိလား"
ထိုစကားလုံးများအောက်မှာ သူမတစ်ယောက်
အမှတ်မရှိဘဲ ပြန်လည်ပျော်ဝင်သွားခဲ့ရပေါင်း
ဘယ်လောက်တောင် များခဲ့ပြီလဲ။ မောင်ပြောတဲ့
သူမအပေါ် အစအဆုံးနားလည်ခြင်းဆိုသည်မှာ
သူမဖြစ်စေချင်သော ဆန္ဒများကို နားလည်ခြင်းမျိုး



မဟုတ်ဘဲ သူမစိတ်ရှိသလောက် ပေါက်ကွဲပြီးသောအခါ
သူမ၏ စိတ်ကို ဘယ်လိုစကားလုံးအသုံး
အနှုန်းများဖြင့် ပြန်လည်ချုပ်ကိုင်ရမလဲဆိုတာကို
အစအဆုံးနားလည်ခြင်းသာဖြစ်ပါလိမ့်မည်။ မောင်သည်
တကယ်တော့ လူလည်တစ်ယောက်သာဖြစ်သည်။
"မောင် ဘယ်တော့မှ မေလေးကို နားလည်မှာ
မဟုတ်ဘူး နားမလည်တာထက် နားလည်ဖို့ကို
မောင်မကြိုးစားတာ"
ထိုသို့ပြောလာလျှင် မောင်က ဂိမ်းဆော့ခြင်းကို
မပျက်စေရဘဲ ...
"မေလေး... မောင်နဲ့ပြောရင် စာသံပေသံတွေ ရှောင်...
ဟုတ်ပြီလား... မေလေး မောင့်ကို ဘာဖြစ်စေချင်တာလဲ
မောင်ဘာလုပ်ပေးရမလဲဆိုတာသာ ပြော...
ဝတ္ထုထဲက စကားတွေ မောင့်ကို လာမပြောနဲ့
မောင်မကြိုက်ဘူး..."
ဘာလုပ်ပေးရမလဲဆိုတာကိုသာ မောင့်ကို ပြောတဲ့လား။
တကယ်တော့ မောင်ဟာ နှလုံးသားနဲ့
ခံစားပြီး ဦးနှောက်နဲ့ အလုပ်လုပ်တဲ့
လူသားတစ်ယောက်မဟုတ်ဘူးလား။
မောင့်အသိတရားတွေက
စက်ရုပ်ဆန်လိုက်တာ။
နောက်ဆုံးတော့လည်း
သူမ စိတ်ရှိလက်ရှိ လုပ်ပစ်လိုက်နိုင်သည်က

မောင်ဆော့နေတဲ့ ဂိမ်းထဲက အရုပ်ကောင်လေးတွေကို
နာနာကျင်ကျင် ကြည့်ပစ်လိုက်တာပင်။
"မောင်တွေ့ဖူးသမျှတော့ စာပေသမားလို့ခေါ်တဲ့
လူတော်တော်များများက အတ္တကြီးကြတယ်
သူတို့လောက် ဘယ်သူမှ မသိဘူးလို့ ထင်ဂဏ်ကြသလို
သူတို့လောက် ဘယ်သူမှ လောကကြီး
အကြောင်းကို နားမလည်ဘူးလို့ပဲ တွေးတတ်ကြတယ်
အဆိုးဆုံးကတော့ စာမဖတ်တဲ့သူဆို
အော်တိုမစ်တစ် အထင်သေးပစ်လိုက်ကြတာပဲ။
အသိပညာဆိုတာ စာအုပ်ထဲကပဲရနိုင်တယ်ဆိုပြီး
အရိုးစွဲနေတဲ့ သူတို့အဖြစ်ကို မောင်ကတော့
သနားတယ်... တစ်ခါတစ်ခါရယ်ချင်တယ်"
မောင့်ကို စာဖတ်ဖို့ပြောတိုင်း မောင့်နှုတ်ခမ်းမှ
အားမနာလျှာမကျိုး ထွက်ကျလာတတ်သော
စကားပင် သူမစာအုပ်တွေကို ချစ်မြတ်နိုးတာ
မောင်သိသည်။ သိသိကြီးနှင့်ပင် မောင်သည်
ထိုသို့ ထိုးနှက်တတ်ပြန်သည်။ တစ်ခါတစ်ခါကျတော့
ချစ်သူဘဝဆိုတာ တစ်ယောက်စိတ်ကို တစ်ယောက်က
နာကျင်အောင် ထိုးနှက်ဖို့ သက်သက်များလားလို့
တွေးမိသည်။ ထိုအတွေးများနှင့် အိပ်ယာဝင်းရင်း
မောင်ပါဝင်သည့် အနာဂတ်အတွေးပုံရိပ်တွေလည်း
ပျောက်ရှခဲ့ပေါင်းများပြီ။
"ကျွန်မတို့ ချစ်သူဘဝက ဘယ်လိုအဓိပ္ပာယ်တွေ



ရှိနေလဲ မောင် ဖွင့်ဆိုကြည့်စမ်းပါ ...
ကျွန်မက စာဖတ်ရတာ ဝါသနာပါတယ် မောင်က
ဂိမ်းဆော့ရတာ ဝါသနာပါတယ်... စာအုပ်စာပေ
တွေအပေါ်မှာထားတဲ့ မောင့်သဘောထားကို မောင်
ပြောင်းလဲပစ်မှာမဟုတ်သလို မောင့်ဦးနှောက်ထဲမှာ
အချိန်ပြည့်နေရာယူထားတဲ့ မောင့်ရဲ့ ဂိမ်းတွေကိုလည်း
ကျွန်မနည်းနည်းလေးမှ အထင်မကြီးဘူးဆိုတာ
မောင်နားလည်ထားစမ်းပါ ကျွန်မတို့နှစ်ယောက်မှာ
ပြောစရာစကားတွေ ရှားပါးကုန်ပြီဆိုတာရော
မောင်သတိထားမိလား အရည်မရအဖတ်မရတဲ့
မောင့်ဂိမ်းထဲက အရုပ်ကောင်တွေအကြောင်းတော့
ကျွန်မကို လာမပြောနဲ့ ကျွန်မစိတ်မဝင်စားဘူး
မဖြစ်ပါဘူး။ ကျွန်မတို့ လမ်းခွဲကြမယ် ...
လမ်းခွဲကြမှကို ဖြစ်တော့မယ် မောင်"
မောင့်ကို စိတ်ရှိလက်ရှိ ပေါက်ကွဲပြီးသွားတော့
မောင်က သူမကို တွေတွေငေးငေးလေးစိုက်ကြည့်နေပြီး
ဘာစကားမှမဆို သူမကတော့ မောင့်မျက်လုံးတွေကို
ရင်ဆိုင်ဖို့ အင်အားအနည်းငယ်မျှပင်
မကျန်တော့ နောက်မှ မောင်က
"မေလေးက တစ်လမ်းမောင်းသမားပဲ
မောင်တို့ ကွဲလွဲကြတယ်ဆိုတာ သဘာဝကျပါတယ်
တစ်ယောက်တစ်လမ်းစီ လျှောက်နေကြတယ်
ဆိုပေမယ့် ပျော်ရွှင်မှုရပုံခြင်းကတော့ မောင်လည်း

မလေးထက် မသာရင်တောင် မလေးအောက်
မလျော့ဘူး မောင်စိတ်မဝင်စားတဲ့ မလေးတို့
စာပေတွေအကြောင်း မောင့်ကို မပြောခိုင်းပါနဲ့
မလေး ပြောချင်တယ်ဆိုရင် မောင့်ဂိမ်းထဲက
အရုပ်လေးတွေအကြောင်းကို မလေးနားလည်အောင်
မောင်သင်ပေးမယ်”

အံ့ဩရပါသည်။ ထို့နောက် မောင်ကပင် ဆက်၍

“မလေး မောင့်ကို လမ်းခွဲချင်တယ်ဆိုတဲ့
ဆုံးဖြတ်ချက်က မလေးနှလုံးသားထဲမှာ
အတည်ပြုပြီးသွားပြီလား မောင်ကတော့
မလေးကို ချစ်တယ်... မောင်နဲ့ ဝါသနာမတူလည်း
မလေးကို မောင်ချစ်တယ်... မောင်ပြောနိုင်တာ
ဒါအကုန်ပဲမလေး မလေးနှလုံးသားကို
ပြန်မေးပါ သေချာပြီဆိုရင် မောင့်ဆီဖုန်းဆက်ပြီး
လှမ်းခေါ်ပါ မလေးကျေနပ်အောင် မောင်
လမ်းခွဲပေးမယ် ဟုတ်ပြီလား”

လမ်းခွဲပေးမယ်တဲ့လားမောင်ရယ်။ မလေးကတော့ ပြောခဲ့မိတဲ့ လမ်းခွဲစကားကို ကိုယ့်နှလုံးသားကိုယ် ပြန်မေး၍ ပြန်လည်အတည်ပြုရမှာဖြစ်ပြီး လမ်းခွဲကြဖို့အတွက်ကိုတော့ မောင့်ဘက်က အဆင်သင့်ပြင်ဆင်ပြီးပြီဆိုတဲ့ သဘောတရားလား? မောင်သည် တော်တော်လေးကို မသိဆိုးရွားနိုင်လွန်းလှသည်။

“မလေးတို့ စာအုပ်သမားတွေက စကားကို



ဝေ့လည်ကြောင်ပတ်ပြောလိုက်ရမှ နေသာထိုင်သာ
ရှိတတ်ကြတယ်ထင်တယ်... မောင့်ကို ဘယ်လို
နေစေချင်တာလဲ... မလေးပွင့်ပွင့်လင်းလင်း
ပြောမှ မောင်သိမှာလေ မလေးစိတ်ကို
ထွင်းဖောက်ပြီး မြင်နေရအောင်
မောင်က တန်ခိုးရှင်လည်းမဟုတ်ဘူး
မလေးပြောပါ မောင်
ဘယ်လိုနေမှ မလေးနဲ့ အဆင်ပြေမှာလဲ”

သူမဖြစ်စေချင်သမျှ ပြောခဲ့ပေါင်းလည်း များခဲ့ပြီ။ မောင်နှင့်ပတ်သက်၍ ဖြစ်စေချင်သမျှ ဆန္ဒမှန်သမျှက မောင့်ရဲ့ အကျိုးအကြောင်းဟု ခေါင်းစဉ်တပ်ထားသော အဆင့်မြင့် ဆင်ခြင်များအောက်မှာ ပျောက်ရှခဲ့ရပေါင်းလည်း များလှပြီ။ သူမက မောင်နှင့် အတူတူတွေ့ချိန်တွေ ရောက်ရင် မောင်နှင့်စကားတွေ အများကြီး ပြောချင်သည်။ သူမဖတ်ခဲ့ရပြီးသော စာအုပ်ထဲမှ အကြောင်းအရာတွေကို မောင့်ကို ပြောပြချင်သည်။ လေးစားအားကျရသော စာရေးဆရာတွေအကြောင်း ပြောမည်။ ပြီးတော့ မောင်က တစ်လှည့်ပြောလာမည့် အတွေးအမြင်တွေအကြောင်း နားထောင်ချင်သည်။ သို့သော် တကယ်တမ်း မောင့်နှုတ်ဖျားက ထွက်ကျလာသော စကားများက သူမပြောနေသော စာအုပ်အမျိုးအစားများကို သူမကြိုက်ကြောင်းနှင့် သူမပြောနေသော စာရေးဆရာတို့ကို ကြားတောင်

မကြားဖူးကြောင်းဆိုတာတွေပဲဖြစ်သည်။
ထို့နောက် မောင်က ဆက်ပြောမည်။ ဂိမ်းကို
ဘယ်လိုဆော့ခဲ့သည့်အကြောင်း ပြီးတော့
သူငယ်ချင်းတွေဆုံရင်
ဘယ်လိုစနောက်ပြီး မည်သို့ ရယ်မောခဲ့ရသည်
ဆိုတဲ့အကြောင်းစသော သူမနှင့် မပတ်သက်သော
သူမစိတ်မဝင်စားသော စကားများစွာကို မောင်
အချိန်များစွာကြာအောင် အလိုက်ကန်းဆိုး မသိစွာ ပြောမည်
ဒီလိုနဲ့ သူမပြောသော စကားများကို
မောင်က နားမလည် မောင်ပြောသော စကားများကို
သူမက စိတ်မဝင်စားနှင့် ချစ်သူနှစ်ယောက်တွေ့ဆုံချိန်တွေက
စိတ်အလိုမကျခြင်းများနှင့် ကုန်ဆုံးခဲ့ရသည်ချည်း။
"မောင်... ကျွန်မတို့တွေ့ကြရအောင်
မောင်လာခဲ့ပါ... အတည်ပြုပြီးပြီဖြစ်တဲ့စကားကို
မောင့်ကို ကျွန်မပြောပြချင်လို့"
မောင့်ဘက်က ခဏတာတိတ်ဆိတ်သွားတာကို
သတိထားမိသည်။ ထို့နောက် မောင်က
"အိုကေ... မောင်လာခဲ့မယ်"
မောင့်စကားအဆုံးမှာတော့ သူမပါးပြင်တစ်ခုလုံး
ပူနွေးသွားတာကို တုန်လှုပ်ချောက်ခြားစွာ ခံစား
သိရှိလိုက်ရပါသည်။
(၂) မေလေးနဲ့ပတ်သက်ပြီး သူရှုံးနိမ့်ခဲ့ရပေါင်းများပြီ။
ယောကျ်ားတစ်ယောက်ဟာ အနည်းဆုံးတော့



ချစ်သူမိန်းကလေး၏ အထင်ကြီးလေးစားမှုကို
ခံရဖို့ မခံရဖို့ဆိုသည်ထက်
ချစ်သူ၏ အထင်သေးမှုကိုတော့
မခံချင်သူတွေချည်းမဟုတ်လား။
မေလေးနှင့်ပတ်သက်ပြီး
သူ့စိတ်ဓာတ်တွေ သေဆုံးခဲ့ရပေါင်းများပြီ။
သူ့အပေါ်တွင်
မေလေးကြည့်သော အကြည့်
သူ့အပေါ်တွင်
မေလေး သုံးနှုန်းသော
စကားအသွားအလာအရာအားလုံးက
စာအုပ်စာပေတွေ မဖတ်ရှုခြင်းကို အခြေပြု၍
အထင်သေးစိတ်တွေနဲ့ ပြည့်နှက်နေခဲ့သည်ချည်း။
"စာဖတ်ပါ မောင်ရဲ့ မောင့်ကို ကြည့်လိုက်ရင်
တစ်ချိန်လုံး ဂိမ်းချည်းပဲ... ဘာမှလည်း တိုင်ပင်ညှိနှိုင်းလို့
မရဘူး... မောင့်ရဲ့ အဲဒီဂိမ်းတွေက လူ့လောကကို
ဘယ်လောက်အကျိုးပြုနေလို့လဲ အချိန်ကုန်တာနဲ့
ငွေကုန်တာအပြင် ကျန်းမာရေးထိခိုက်တာက လွဲလို့
ဘာတွေ အကျိုးဖြစ်ထွန်းနေလို့လဲ"
ထိုအချိန်မှစတင်၍
မေလေးပြောသမျှ ဘက်တိုက်ခဲ့ခြင်းကို
သူစတင်ခဲ့တာပဲဖြစ်လိမ့်မည်။

"မေလေးကို မောင်တစ်ခုမေးမယ် သေချာဖြေနော်
မေလေးစာအုပ်တွေကို ဘာကြောင့်ဖတ်တာလဲ
ဘယ်လိုစိတ်ခံစားချက်နဲ့ စာအုပ်တွေကို ဖတ်ရတာလဲ"
မေလေးသူ့ကို ပြုံးပြီး ကြည့်သည်။ စာအုပ်စာပေ
ဖတ်ခြင်း၏ အနှစ်သာရနှင့် သဘောတရားကို
နားမလည်လောက်အောင် အမှောင်ဖုံးနေသော
လူတစ်ယောက်ကို ကြည့်ခြင်းမျိုး။
ထိုအကြည့်တွေကို မနှစ်မြို့ပါ။
ဖြစ်နိုင်လျှင် မေလေးကို အတွေးထူထူကြီးများထဲမှ
ကင်းလွတ်ပြီး လောကကို အမြင်ရှင်းရှင်းဖြင့်
ကြည့်စေချင်သည်။ မေလေးကို အရာရာသိတတ်
နားလည်အမိပ္ပာယ်ဖွင့်ဆိုနေတတ်သော မိန်းကလေး
တစ်ဦးအဖြစ်ထက် ဘဝကို ရိုးရှင်းသော အတွေး
အေးအေးလေးများဖြင့် နေထိုင်သော မိန်းကလေး
တစ်ယောက်သာ ပို၍ ဖြစ်စေချင်သည်။
"စာဖတ်တယ်ဆိုတာ စိတ်ဘဝကို သာယာစေတယ်
စာအုပ်ထဲက အကြောင်းအရာတွေက ယူတတ်ရင်
ပညာတွေချည်းပဲ... စာအုပ်ထဲက အသိဉာဏ်ပညာတွေကို
မောင်နဲ့အတူ ဖလှယ်ရင်း ဘဝကို ပျော်ပျော်ရွှင်ရွှင်
ဖြတ်သန်းသွားချင်တာ ... ခုမောင်က
ဘာမှ ဆွေးနွေးလို့မရဘူး မောင့်ကို စကားပြောရတာ
ဘာမှမရေးထားတဲ့ ဗလာစာရွက်တစ်ရွက်ကို
ဖတ်နေရသလိုပဲ"



စာအုပ်ဖတ်ခြင်းက မေလေး၏ စိတ်ဘဝပျော်ရွှင်ရာဆိုလျှင်
ဂိမ်းကစားခြင်းကလည်း သူ့စိတ်ဘဝ၏
ပျော်ရွှင်ရာ တစ်မျိုးပင်။ လူတစ်ယောက်သည်
ကိုယ်ဝါသနာပါရာ အကြောင်းတစ်ရပ်ခြင်းဆီဖြင့်
ကိုယ့်ပျော်ရွှင်ရာ ကိုယ်ဖန်တီးယူနေကြသူချည်း။
ပျော်ရွှင်ဖို့အတွက်ဆိုသော
ပန်းတိုင်ကို အရောက်သွားတာချင်းအတူတူ
ဖန်တီးရာလမ်းကြောင်း မတူညီခြင်းတစ်ခုကြောင့်
ဂိမ်းကစားသော ယောကျ်ားတစ်ယောက်သည်
စာအုပ်ဖတ်သော မိန်းမတစ်ယောက်၏
အထင်သေးခြင်း စိတ်ပျက်ခြင်း
ပြစ်တင်စကားပြောဆိုခြင်းတို့ကို
အချစ်ဟူသော ကြားခံနယ်တစ်ခုပိုင်းခြား၍
ခံချင်တိုင်းခံရတော့မည်လား ... မဖြစ်နိုင်ပါ ...။
သူမေလေးကို ချစ်သည်။ အသက်တမျှချစ်သည်။
သို့သော်...
"မောင်... ကျွန်မတို့ တွေ့ကြရအောင်
မောင်လာခဲ့ပါ... အတည်ပြုပြီးပြီဖြစ်တဲ့ စကားကို
မောင့်ကို ကျွန်မပြောပြချင်လို့"
ရင်ထဲမှာ ကမ္ဘာတစ်ခုပြိုကျသွားတာ
ဘယ်သူမှ မသိလိုက်"
"အိုကေ... မောင်လာခဲ့မယ်"

(၃) အင်းလျားသည် တိတ်ဆိတ်နေလေသည်။ နှစ်ဦးသား ကိုယ်အသက်ရှူသံကိုယ် ပြန်ကြားနေရသလို ပြိုင်တူ ခံစားလိုက်ရသည်။

"ကျွန်မတို့ လမ်းခွဲကြရအောင် မောင်"

"ဒါ… အတည်လား"

"အင်း…"

"အိုကေ… မောင်တို့လမ်းခွဲကြတာပေါ့"

အင်းလျားသည် ပြန်လည်တိတ်ဆိတ်သွားပြန်သည်။

စုံတွဲတစ်တွဲက စကားပြောလိုက်

ရယ်လိုက် မောလိုက်ဖြင့်

သူတို့နှစ်ယောက်အနီးမှ ဖြတ်လျှောက်သွားသည်။

"ငယ်လေးကမှ ဘာမှမသိတာကိုကိုရဲ့

ကိုကိုပြောပြမှ သိမှာပေါ့… ဟီး…"

"စာတွေဖတ်ပေါ့ ငယ်လေးရဲ့ အပျင်းထူမလေး"

"……………………

……………………

……………………

……………………

……………………

ထိုစုံတွဲလေးအား နှစ်ဦးသား အားကျစွာ ငေးမော လိုက်ကြည့်ရင်း တစ်ယောက်ကို တစ်ယောက်ကျောခိုင်း နှုတ်ဆက်ခဲ့ကြသည် …။ Good Bye!

သုရော

□ □ □

## ဆေးထိုးကြမ်းသူများ

ကောင်လေး ကြယ်ခေါက်နေတယ်။

သူချစ်တဲ့ ကောင်မလေးကို မွေးနေ့လက်ဆောင်အဖြစ်

ပေးဖို့အတွက်တဲ့ ကောင်လေးကို ကြည့်လိုက်ရင်

အမြဲလိုလိုကြယ်ထိုင်ခေါက်နေတာပဲ။

လက်ထိပ်လေးတွေ နီရဲတက်ပြီး နာကျင်လာတဲ့

အချိန်ရောက်မှ မျက်လုံးတွေ ပြာဝေလာပြီး

ဆက်ခေါက်ဖို့ လုံးဝအဆင်မပြေတော့တဲ့

အချိန်ရောက်မှ ကြယ်ခေါက်တဲ့အလုပ်ကို

ကောင်လေးရပ်နားတယ်။

အတန်းချိန်ပြီးလို့ သူငယ်ချင်းတွေက ကန်တင်း

သွားဖို့ခေါ်ရင်လည်း ကောင်လေးမလိုက်တော့ဘူး။

အချစ်ရဲ့ သင်္ကေတအဖြစ် ကြယ်အလုံးပေါင်း
၁၅၀၀ ပြည့်ဖို့အတွက် ကောင်လေး
ကြယ်တွေကို ကြိုးစားပမ်းစားခေါက်တယ်။
ကောင်လေးရဲ့ ကောင်မလေးက အစိမ်းရောင်လေးတွေကို
နှစ်သက်တော့ ကောင်လေးခေါက်တဲ့
ကြယ်လေးတွေက အကုန်လုံး အစိမ်းရောင်
တွေချည်း။ ကောင်မလေးရဲ့ မွေးနေ့ကလည်း
တဖြည်းဖြည်းနီးကပ်လာပြီ။ ကြယ်အလုံးပေါင်း
၁၅၀၀ ပြည့်ဖို့ကလည်း တော်တော်လေးလိုနေ
သေးတယ်။ ဒီတော့ ကောင်လေးက မွေးနေ့
အမီပေးနိုင်ဖို့ ကြယ်တွေကို တစ်နေ့ထက်တစ်နေ့
တိုးတိုးပြီး ခေါက်တယ်။ ကောင်လေးရဲ့
သူငယ်ချင်းတွေကလည်း ဘယ်သွားသွား
မလိုက်ဘူးလို့ ငြင်းဆန်တတ်တဲ့ကောင်လေးကို
နောက်ပိုင်းကျတော့ မခေါ်ကြတော့ဘူး
ကောင်လေးကတော့ အားတဲ့အချိန်တိုင်း ကြယ်တွေ
ထိုင်ခေါက်လို့ ...။
ဒီလိုနဲ့ ကောင်လေးကြယ်တွေ ထိုင်ခေါက်လာ
လိုက်တာ ကောင်မလေးရဲ့ မွေးနေ့မနက်
အရောက်မှာပဲ ကြယ်အလုံးပေါင်း
၁၅၀၀ ပြည့် သွားတယ်။
ကောင်လေးက အစိမ်းရောင်ကြယ်လေးတွေကို ဖန်ဘူးလေးထဲ
သေချာထည့်ရင်း



ကြည်နူးစွာနဲ့ သီချင်းလေးတောင် တအေးအေး ညည်းလို့
သူကိုယ်တိုင် ကြိုးစားပမ်းစားခေါက်ထားတဲ့
အစိမ်းရောင်ကြယ်ဗူးလေးကို ကြည့်ရင်း
ကြည်နူးပျော်ရွှင်သွားမယ့်
ကောင်မလေးရဲ့ မျက်နှာလှလှလေးကို ပုံဖော်မြင်ယောင်ရင်း
ကောင်လေးပီတိဖြစ်နေတယ်။ ရေမိုးချိုး အဝတ်အစား
လဲပြီးတော့ ကောင်မလေးဆီသွားဖို့အတွက်
မနေ့ကမှဝယ်လာတဲ့ ပြိုင်ကားအနီရောင်လေးပေါ် တက်ပြီး
ကားစက်နှိုးလိုက်တယ်။
အဲဒီအချိန်မှာပဲ ရုတ်တရက်ဆိုသလို ကောင်လေး
ဆီကို သူငယ်ချင်းတွေ ရောက်ချလာတယ်။
ရုပ်ရှင်သွားကြည့်ရအောင် လာခေါ်တာလို့လည်း
ပြောတယ်။ ကောင်လေးက သူ့သူငယ်ချင်းတွေကို
သူခေါက်ထားတဲ့ အစိမ်းရောင်ကြယ်ဗူးလေးကို
ဝမ်းသာအားရမြှောက်ပြရင်း ဒီနေ့ဟာ
သူ့ကောင်မလေးရဲ့ မွေးနေ့ဖြစ်ကြောင်းနဲ့
သူခေါက်ထားတဲ့ ကြယ်လေးတွေဟာလည်း
၁၅၀၀ ပြည့်သွားပြီဖြစ်တဲ့အကြောင်း ဝမ်းမြောက်
ဝမ်းသာပြောတယ်။ ကောင်လေးရဲ့ သူငယ်ချင်း
ကောင်မလေးက ကြယ်ဗူးလေးကို လှမ်းယူရင်း
"ဟင်... နင့်ကြယ်တွေက
အနီရောင်တစ်မျိုးထဲလားဟ... ကြယ်ဗူးထဲမှာ
ကြယ်တွေက အရောင်စုံနေမှ လှတာ..."

ဒီလိုပြောတယ်။ ကောင်လေးက သူ့သူငယ်ချင်းဆီက
ကြယ်ဖူးလေးကို ပြန်လှမ်းယူရင်း...
"အစိမ်းရောင်လုပ်ပါဟာ ဒီလိုဟာ
အစိမ်းရောင်ချည်းရွေးခေါက်တယ်ဆိုတာက
ငါ့ကောင်မလေးက အစိမ်းရောင်ကြိုက်တာလေ
အဲ့ဒါကြောင့် အစိမ်းရောင်ချည်း သီးသန့်ရွေး
ခေါက်ထားတာ"
ကောင်လေးရဲ့ စကားအဆုံးမှာ ကောင်လေးရဲ့
သူငယ်ချင်းတွေက တစ်ယောက်မျက်နှာအံ့ဩစွာနဲ့
ကြည့်လိုက်ကြတယ်။ တစ်ယောက်က
"မင်းခေါက်ထားတာ သေချာပြန်ကြည့်ဦး
အနီရောင်တွေကွ"
ကျန်သူငယ်ချင်းတွေကလည်း အနီရောင်ပါလို့
တစ်ညီတစ်ညွတ်ထဲ ထောက်ခံကြတယ်။
ကောင်လေးတွေဝေသွားတယ်။
သူ့ကြယ်ဖူးလေးကို သူပြန်ကြည့်ရင်း...
"အစိမ်းရောင်ပါကွာ"လို့ ခပ်တိုးတိုးညည်းတယ်။
ဒါကို သူငယ်ချင်းတစ်ယောက်က
"အေးကွာ... မင်းက အစိမ်းရောင်ဆိုလည်း
အစိမ်းရောင်ပေါ့... ဒါပေမဲ့ ငါတို့ကတော့
အနီရောင်လို့ပဲမြင်တယ်... ငါတို့က
မင်းကောင်မလေး စိတ်ဆိုးသွားမှာ စိုးရိမ်တာပါ...
သူက အနီရောင်မကြိုက်ဘူးလေ"



သူငယ်ချင်းရဲ့ စကားအဆုံးမှာ ကောင်လေး
ငိုင်ကျသွားတယ်။ ခေါင်းထဲလည်း မိုက်ခနဲ
ဖြစ်သွားသလို ခံစားလိုက်ရတယ်။ ကြယ်တွေကို
နေ့မနား ညမနားခေါက်ခဲ့လို့နဲ့တူတယ်။ ခုနက
ကြည်စင်နေခဲ့တဲ့ စိတ်တောင် အခုနောက်ကျိ
ရှုပ်ထွေးသွားတယ်။ ပြီးတော့
အရောင်ခွဲခြားမှုက စင့်ကလျားဖြစ်တဲ့ရောဂါအကြောင်း
ဟိုတလောကတင် သူဝက်ဆိုက်တစ်ခုမှာ
ဖတ်လိုက်ရတယ်။ ဒါ... ဒါဆို သူရော...။
သူငယ်ချင်းတွေကို ကြည့်လိုက်တော့လည်း
အကုန်လုံးက သူ့ကို စိတ်မကောင်းစွာ ကြည့်လို့။
သူငယ်ချင်းကောင်မလေးတစ်ယောက်က
"သူနားလည်အောင် ရှင်းပြလိုက်ပေါ့ဟာ
သူနားလည်ပေးမှာပါ... သူငယ်ချင်းဖိုက်တင်း"
သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်
ကောင်လေးကို အားပေးကြတယ်။ အဲဒီနောက်မှာပဲ
သူငယ်ချင်းတစ်ယောက်က သူ့ပြိုင်ကား
အနီရောင်လေးကို ပွတ်သပ်ကြည့်ရင်း...
"ဒါဘယ်တုန်းက ဝယ်လိုက်တာလဲကွ
မိုက်တယ်... အစိမ်းရောင်ဆိုတော့ မျက်စိလည်း အေးတယ်"
ဟင်... သူ့ကားက အနီရောင်ပါ။
ဘယ်လိုဖြစ်ပြီး အစိမ်းရောင်လို့ပြောနေကြပြန်တာပါလိမ့်။
ကောင်လေး ရုတ်တရက်ဝမ်းနည်းသွားတယ်။

သူ့မှာ အရောင်ခွဲခြားနိုင်မှုနဲ့
ပတ်သက်ပြီး ရောဂါတစ်ခုရှိနေတာက သေချာ
သွားသလို ခံစားလိုက်ရတယ်။ သူ့မှတ်ဉာဏ်တွေက
အနီရောင်ကို အစိမ်းရောင်လို့ မှတ်နေပြီး
အစိမ်းရောင်ကိုတော့ အနီရောင်လို့ မှတ်နေပြီလို့
ကောင်လေး ဝမ်းနည်းစွာနဲ့ တွေးရင်း
သူ့သူငယ်ချင်းတွေကို လက်ပြနှုတ်ဆက်လိုက်တယ်။
ပြီးတော့ ကားကို စက်နှိုးပြီး ခြံထဲကနေ
မောင်းထွက်လာခဲ့တယ်။ ကောင်မလေးကြိုက်တဲ့
အစိမ်းရောင်ကြယ်လေးတွေ မပေးနိုင်တော့တဲ့အတွက်
စိတ်ထဲမှာလည်း ဝမ်းနည်းပက်လက်ဖြစ်လို့...။
ဝူးခနဲ မောင်းထွက်သွားလို့ ကောင်လေးရဲ့ကားကို
လိုက်ကြည့်နေကြရင်း မြင်ကွင်းထဲက
ပျောက်ကွယ်သွားတဲ့အခါကျမှ သူငယ်ချင်းတွေက
တစ်ယောက်လက်ဖဝါး တစ်ယောက်ရိုက်လိုက်ကြရင်း
တဝါးဝါးတဟားဟားနဲ့ အော်ဟစ်
ရယ်မောခဲ့ကြတယ်။ သူငယ်ချင်းတွေကိုတော့
ပစ်ထားပြီး ကောင်မလေးအပေါ်မှာ အဖြစ်သည်း
နေတဲ့ကောင်ကို စိတ်ကသိကအောင့်ဖြစ်အောင်
နည်းနည်းတော့ ပညာပေးလိုက်နိုင်ပြီဆိုပြီး
ပျော်ရွှင်နေခဲ့ကြတယ်။
ဒါပေမဲ့ တစ်နာရီလောက်အကြာမှာ
သူတို့အားလုံး ဆေးရုံတစ်ခုဆီရောက်နေခဲ့ကြတယ်။



ခုနကလေးတင် သူတို့စနောက်နေခဲ့ကြပြီး
အခုပဲ "ကွယ်လွန်သွားပါပြီ" ဆိုတဲ့
သူတို့အားလုံးရဲ့ သူငယ်ချင်းကောင်လေးကို
ကြည့်ပြီး ဝမ်းနည်းစွာ ငိုကြွေးနေကြတယ်။
အနီရောင်တွေ့ရင် အစိမ်းရောင်လို့မှတ်ရမယ်ဆိုတဲ့
အသိတစ်ချက်က မီးပွိုင့်တစ်ခုမှာ
အသက်ပါသွားစေနိုင်တယ်ဆိုတာ
သူတို့တစ်ယောက်မှ မသိလိုက်ကြဘူး။
ကောင်လေးချစ်တဲ့ ကောင်မလေးကတော့
အစိမ်းရောင်ကြယ်ဖူးလေးကို ပိုက်ပြီး
ဝမ်းနည်းပက်လက်ငိုကြွေးနေလေရဲ့။
ကြယ်ခေါက်တဲ့ ကောင်လေးကတော့
ပိတ်စဖြူဖြူကြီးအောက်မှာ ငြိမ်သက်လို့...။

ဆုရော

□ □ □

## နှင်းဆီဒိုင်ယာရီ

“ကိုယ့်ဘဝနဲ့ ကိုယ်နေပါရစေ”ဟု ပြောမိသည့်နေ့က “ဒါဆိုလည်း အိမ်ပေါ်က ဆင်း”ဟု အပြောခံရဖူးပါသည်။ “ဘာမှမဆိုင်ဘူး”ဟု ပြန်ပြောမိတော့ “ညည်းဟာလေ စံပယ်နဲ့ နည်းနည်းလေးမှကို မတူဘူး”ဟူသော စကားအဟောင်းကြီးကို ပျင်းရိငြီးငွေ့စွာ နားထောင်ရပြန်သည်။ နောက်ဆုံးတော့လည်း...

“ဘယ်တူမလဲ မေမေရယ်... စံပယ်က စံပယ်
နှင်းဆီက နှင်းဆီပေါ့”

ဟု တစ်ကိုယ်ရည်ကြားရုံသာ ပြန်ပြောရင်း ငြိမ်နေလိုက်ရတော့တာပဲဖြစ်သည်။



(၁) စံပယ်ဆိုသည်မှာ နှင်းဆီဟုခေါ်သော သူ(မ)၏ တစ်ဦးတည်းသော အစ်မအရင်းတစ်ယောက်ဖြစ်ပြီး အေးသော ငြိမ်သော လူကြီးမိဘစကားမှန်သမျှ အလွန်ပင်နာခံရိုသေတတ်သော ပေါင်းသင်းဆက်ဆံရေးလည်း အလွန်ပင်ကောင်းမွန်သော မမဖြစ်ပြီး မမစံပယ်ကို နှင်းဆီချစ်ပါသည်။

သို့သော် အရာအရာတိုင်းကို မမ၏ နေပုံထိုင်ပုံပြုမူလှုပ်ရှားပုံများကို စံနမူနာပြု၍ နှင်းဆီ၏ စရိုက်နှင်းဆီ၏ သဘာဝများကို မမနှင့်ထပ်တူမကျကျအောင် ကန့်သတ်ပိုင်းဖြတ်နေလိုကြခြင်းကိုတော့ နှင်းဆီမလိုလားပါ။ မမသည် မမဖြစ်၍နှင်းဆီသည် နှင်းဆီသာဖြစ်ကြောင်း မေမေတို့ကိုနားလည်စေချင်သည်။ လူဆိုတာ ကိုယ့်ဘဝကိုယ်စိတ်ကြိုက်ပုံဖော်ထုဆစ်ခွင့်ရှိသည် မဟုတ်ပါလား။

“အငယ်မတစ်ယောက်ဟာ ဘာတွေဖတ်လဲတော့မသိဘူး အကြီးမကြီးဆိုရင်သူ့အရွယ်မှာ စာကြီးပေကြီးတွေ ဖတ်နေပြီနှင်းဆီဟာလေ စံပယ်ကို မီကို မမီဘူး”

ထိုသို့ပြောလျှင် နှင်းဆီကတော့ ကြားရဖန်များ၍ ရိုးနေပြီဖြစ်တာကြောင့် ရယ်ကျဲကျဲသာလုပ်နေလိုက်တော့တာဖြစ်သည်။

ထိုသို့ပြောလာသည့်အတွက် မေမေတို့အပေါ်

ခံပြင်းဒေါသထွက်ခြင်း ဝမ်းနည်းခြင်း တစ်စုံတစ်ရာ တော့ မဖြစ်မိ။ လူတစ်ယောက်၏ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ကို နှင်းဆီက အသက်နဲ့ထပ်တူ တန်ဖိုးထားတတ်ခဲ့သည်ပဲ။ ထို့ကြောင့် နှင်းဆီလည်း လွတ်လပ်စွာသာ ပြောတတ်သည်။ သို့သော် နှင်းဆီ၏ လွတ်လပ်ခွင့်သည် သူတစ်ပါး၏ ကိုယ်စိတ်နှစ်ပါးအား ထိခိုက်နစ်နာသွားခြင်းမရှိအောင်တော့ အတတ်နိုင်ဆုံး ကြိုးစားထိန်းသိမ်းခဲ့သည်။
အခုလည်း မေမေတို့ပြောသည့် စာကြီးပေကြီးဆိုတာ မမ၏ စာအုပ်စင်တွင် နေရာအပြည့်ယူထားသော တက်ကျမ်းစာအုပ်ကြီးတွေကို ပြောတာဖြစ်လိမ့်မည်။ မမစကားပြောသည့်အခါ မကြာခဏ ပါလာလေ့ရှိသော ကမ္ဘာကျော်အဆိုအမိန့်များစွာ စုစည်းထားသော စာအုပ်ထူထူကြီးတွေကို ပြောတာ ဖြစ်လိမ့်မည်။
တက်ကျမ်းတွေ အဆိုအမိန့်တွေက လူတစ်ယောက်အတွက် မရှိမဖြစ် လိုအပ်ပါ သလား။ လူတစ်ယောက်ဟာ သူ့ရဲ့ စိတ် သူ့ရဲ့ ဘဝကို ဘယ်လိုအဆိုအမိန့်များ ဘယ်လို ဆိုရိုးစကားများ ဘယ်လိုထုံးတမ်းစဉ်လာများရဲ့ လွှမ်းမိုးမှုကိုမှ မခံဘဲ လွတ်လပ်စွာ စဉ်းစားတွေးခေါ် ဆင်ခြင်နိုင်စွမ်းတွေနဲ့ ပေါ့ပါးစွာ ရှင်သန်နေထိုက်သွားလို့ရော မရဘူးတဲ့လား။ နှင်းဆီကတော့ အဆိုအမိန့်တွေကို မကိုးကွယ်လိုပါ။



(၂) "ဘုရားတရားလေးလည်း လုပ်ဟဲ့ နှင်းဆီရဲ့ စံပယ်ဆိုရင် ဘုရားတရားလုပ်လို့ အစစအရာရာ အဆင်ပြေချောမွေ့နေတာ ညည်း အစ်မကို နည်းနည်းလောက်ဖြစ်ဖြစ် အားကျဦး"
နှင်းဆီလက်ထဲမှာ ဂစ်တာတွေ့သည်နှင့် အဖွားပြောလေ့ရှိသော စကားပင်။ တစ်ခါတစ်ရံတော့လည်း စကားပြောရမှာ စိတ်လိုလက်ရရှိသည်နှင့် ...
"ဘုရားတရားလုပ်တယ်ဆိုတာ ဘာလဲ ဘာကြောင့် လုပ်ရတာလဲ အဖွားရဲ့"
ထိုသို့ပြန်မေးရင်တော့ အဖွားက နှင်းဆီကို အံ့ဩသလိုကြည့်ကာ နှုတ်ခမ်းမှလည်း စုတ်တသပ်သပ်ပြုရင်း
"ဘုရားတရားလုပ်တယ်ဆိုတာ မနက်စောစော ဘုရားကို ဆွမ်းတော်တင် ရေချမ်းကပ် ဆီမီးပူဇော် ပန်းပူဇော် ဂါထာရွတ် ပရိတ်ရွတ် ပဋ္ဌာန်းရွတ် အမျှဝေ မေတ္တာပို့တာကို ပြောတာပေါ့ မိနှင်းဆီရဲ့ ဒီအရွယ်ရောက်နေပြီ...
ဘုရားတရားလုပ်တယ်ဆိုတာ ဘာမှန်း မသိသေးဘူး ဘာလို့လုပ်ရတာလဲဆိုတော့ ကုသိုလ်ရအောင်လို့ပေါ့အေ နှင်းဆီ ... ညည်းနှယ် ဗုဒ္ဓဘာသာဖြစ်ပြီးနော် ..."
ဟု အစပြုကာ ဆူပူမဆုံးတော့။ ကုသိုလ်လိုချင် လို့ဆိုတာကလည်း လောဘတစ်မျိုးပဲမဟုတ်လား

ဟုသာ ဆက်ပြောမိရင်တော့ နှင်းဆီကို
ခုချက်ချင်းပဲ မြေမြှုပ်ခံရတော့မည့် လူတစ်ယောက်
ကို ကြည့်သလို အကြည့်မျိုးဖြင့် ကြည့်တော့မှာ
ဖြစ်တာကြောင့် ဆက်မပြောဖြစ်ပါ။
အဖွားပြောတဲ့ ဂါထာများ မန္တာန်များ ပရိတ်
ပဋ္ဌာန်းစတာတွေကို နှင်းဆီငယ်ငယ်ကလေး
ဘဝထဲက အဖွားက နှုတ်တိုက်ချသင်ပေးခဲ့ခြင်း
ရွတ်ဆိုစေခဲ့ခြင်းတွေကြောင့် ခုချိန်ထိနှင်းဆီ
အလွတ်ရနေတုန်းဖြစ်သည်။ သို့သော် ရင့်ကျက်
ကြီးပြင်းလာသည်နှင့်အမျှ ဗုဒ္ဓဘုရားရှင်အပေါ်
ကိုးကွယ်ဆည်းကပ်လိုခြင်းထက် ဗုဒ္ဓဘုရားရှင်
ဟောကြားခဲ့သော တရားတွေကို ပိုပြီး နားလည်
ချင်လာသည်။ နှင်းဆီခံယူထားသော ဘာသာ
တရား၏ အဓိပ္ပာယ်သည် ဆည်းကပ်ခြင်း
မဟုတ်ဘဲ နားလည်သဘောပေါက်အောင်
သင်ယူခြင်းသာဖြစ်ခဲ့သည်။
နားလည်အောင် သင်ယူခြင်းဆိုတာကလည်း
နှင်းဆီဦးနှောက်နှင့် နှင်းဆီတွေးခေါ်နိုင်
သလောက် လက်လှမ်းမီသလောက်ကိုသာ
နားလည်လက်ခံယုံကြည်ချင်သည်။ နှင်းဆီ
အနေနှင့် လိုက်မမီသော ဘုရားရှင်
လက်ထပ်တော်ကဟု ခေါင်းစဉ်တပ်ထားသော
သဘာဝလွန်ဖြစ်ရပ်များကိုတော့ ပုံပြင်တစ်ပုဒ်ဖတ်နေရသည်



ထက်ပို၍ စိတ်ဝင်စားမှုမရှိခဲ့။
နှင်းဆီကိုယ်တိုင် မပိုင်းဖြတ်မဝေဖန်နိုင်သော
ဖြစ်ရပ်များအတွက် မည်သူတစ်ဦးတစ်ယောက်နဲ့
မှလည်း အငြင်းမပွားလို။
(၃) "မိန်းကလေးက မိန်းကလေးအလုပ်ပဲ
စိတ်ဝင်စားစမ်း အငယ်မ... မီးဖိုချောင်အလုပ်ကို
အခုထဲက နိုင်နိုင်နင်းနင်းလုပ်... အချိန်တန်ရင်
မိန်းမက မိန်းမပဲ"
ဖေဖေပြောလေ့ရှိသော စကားပင်။
ထိုစကားသည် နှင်းဆီနားထဲတွင် အလွန်ရှေးကျ
နေသလို ခံစားရသည်။ အချိန်တန်ရင် မိန်းမက
မိန်းမပဲ ဟူသော စကား၏ အဓိပ္ပာယ်ကို မမက
ခေါင်းတဆတ်ဆတ်ညိတ်ရင်း...
"ဟုတ်တယ် နှင်းဆီရဲ့... မမတို့ မိန်းမတွေက
အချိန်တန်လို့ အိမ်ထောင်ရက်သားကျရင်
အပျိုတုန်းက ဘယ်လောက်ပဲ လွတ်လွတ်လပ်လပ်
နေခဲ့ နေခဲ့... မီးဖိုချောင်အလုပ်ကို မဖြစ်မနေ
လုပ်ရမှာပဲ ဖေဖေက ငါတို့ကို မိန်းမပီသဖို့
စေတနာနဲ့ ပြောတာ..."
ဖေဖေ့စေတနာကို နှင်းဆီနားလည်သဘော
ပေါက်ပါသည်။ သို့သော် တစ်ဆက်တည်း
တွေးမိသည်က မိန်းမဖြစ်တာနဲ့ မီးဖိုချောင်တည်းဟူသော
အလုပ်ကို မဖြစ်မနေ လုပ်ရတော့မည်လား...

မိန်းမမှန်လျှင် မနက်စောစောထ‌ဈေးသွား
ထမင်းဟင်းချက်ပြုတ် အဝတ်အစားလျှော်ဖွတ်
မီးပူတိုက်စသော အိမ်မှုကိစ္စမှန်သမျှ လုပ်ရ
တော့မည်လား ... မိန်းမတစ်ယောက်ဟာ
ထိုသို့သော အလုပ်များကို လုပ်တော့မှ
မိန်းမပီသမည်တဲ့လား။
မိန်းမတစ်ယောက်ဟာ မီးဖိုချောင်အလုပ်များနှင့်
အချိန်ကုန်မခံဘဲ သူဝါသနာပါရာ သူခုံမင်ရာကို
လွတ်လပ်စွာ လုပ်ကိုင်ပိုင်ခွင့်မရှိတော့ဘူးလား။
မိန်းမတစ်ယောက်သည် မိန်းမမှန်လျှင်
ဘာလုပ်ရမည်ဟု အများက သတ်မှတ်ပေးထား
သော ကန့်သတ်ချက် စည်းဘောင်ထဲကနေ
ခြေတစ်လှမ်းစာတောင် တိုးထွက်ခွင့်မရနိုင်ဘူး
တဲ့လား... ထိုသို့ တိုးထွက်လိုက်သည်နှင့်
မိန်းမမပီသတော့ သယောင်ဘံဆိပ်ခတ်နှိပ်
လိုက်ကြသည်လား...။ ဒါဆိုရင် လူတစ်ယောက်ရဲ့
အခွင့်အရေးက ဘာလဲ။ ဒါတွေက နှင်းဆီ
မကြာခဏ တွေးဖြစ်သော အတွေးများပင်။
သေချာတွေးကြည့်လိုက်တော့လည်း မိန်းမ
အများစုက ထိုစည်းဘောင်ကန့်သတ်ချက်တွေ
ထဲက တိုးထွက်ခွင့်မရတာ မဟုတ်ပါပဲနှင့်
ထိုစည်းဘောင်ကန့်သတ်ချက်တွေထဲမှာသာ
တချို့က ပျော်ရွှင်လျက် ... တချို့က ပျော်သလား



မပျော်သလားတောင်မသိဘဲ နေသားတကျရှိလျက်
ဖြစ်နေခြင်းသာဖြစ်ကြောင်း နှင်းဆီတဖြည်းဖြည်း
နားလည်သဘောပေါက်လာရသည်။
နှင်းဆီကတော့ ထိုစည်းဘောင်ထဲက ခြေစုံ
ထွက်မည်။ လောကကြီးကို လွတ်လပ်စွာ
အတောင်ပံဖြန့်၍ ပျံသန်းကြည့်ပါမည်။

(၄) "ကျောင်းဆရာမ လျှောက်ပါလား နှင်းဆီ" ဟု
အဒေါ်ဖြစ်သူက အကြံဉာဏ်ပေးလာတော့
နှင်းဆီက "ဝါသနာမပါလို့" ဟုဆိုကာ ခေါင်းခါ
ခဲ့ခြင်းကြောင့် "စေတနာနဲ့ မတန်" ဟုဆိုကာ
စိတ်ဆိုးမာန်ဆိုးနှင့် ပြန်သွားသည်။
ကောင်းစေချင်သော စေတနာဖြင့်ဟုဆိုကာ
အကြံဉာဏ်တွေ တပွေ့တပိုက်သယ်ဆောင်လာ
သော သူများအား နှင်းဆီကျေးဇူးတင်ပါသည်။
သို့သော် နှင်းဆီဘဝနှင့် ပတ်သက်သော
ဆုံးဖြတ်ချက်များကိုတော့ နှင်းဆီကသာ
ဆုံးဖြတ်ချက်ချပိုင်ခွင့် ရှိသင့်သည်မဟုတ်ပါလား။
ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်သည် လောကကြီးမှာ
အလှပဆုံးအရာတစ်ခုလို့ နှင်းဆီခံယူထားသည်။

(၅) "သွားမပြောနဲ့... သူ့မှာ အနာဂတ်ရှိတာ
မဟုတ်ဘူး ပြောလည်း ပြောတဲ့သူသာ
အာပေါက်သွားမယ်... သူ့မှာ ဆင်ခြေဆင်လက်
အပြည့်နဲ့..."

အနာဂတ်ဆိုတာတော့ နှင်းဆီဘဝမှာ
တကယ်မရှိပါ။ ပစ္စုပ္ပန်မှာ အကောင်းဆုံး
ရှင်သန်နေထိုင်သွားဖို့သာ ရှိသည်။ ထိုစကားကို
မေမေတို့ကြားအောင် မပြောဖြစ်။
"ကိုယ့်ဘဝနဲ့ ကိုယ်နေပါရစေ"ဟုပြောမိသည့်နေ့က
"ဒါဆိုလည်း အိမ်ပေါ်ကဆင်း"ဟု
အပြောခံရဖူးပါသည်။
"ဘာမှမဆိုင်ဘူး"ဟု ပြန်ပြောမိတော့
"ညည်းဟာလေ စံပယ်နဲ့
နည်းနည်းလေးမှကို မတူဘူး"ဟူသော
စကားအဟောင်းကြီးကို ပျင်းရိငြီးငွေ့စွာ
နားထောင်ရပြန်သည်။
နောက်ဆုံးတော့လည်း
"ဘယ်တူမလဲ မေမေရယ်...
စံပယ်က စံပယ် နှင်းဆီက နှင်းဆီပေါ့"
ဟု တစ်ကိုယ်ရည်ကြားရုံသာ ပြန်ပြောရင်း
ငြိမ်နေလိုက်ရတော့တာပဲ ဖြစ်သည်။

သုရော

□ □ □

## အိမ်နှစ်လုံး

ကောင်လေးရဲ့ အသက်က ဆယ့်သုံးနှစ်။ အလုပ်က စားပွဲထိုး။ ကောင်လေးက သွက်လက်တယ် ဖျတ်လတ်တယ်။ ရိုးသားတယ် ကြိုးစားတယ်။ ကောင်လေးကို ကြည့်လိုက်ရင် သီချင်းလေး တအေးအေးနဲ့ လုပ်စရာရှိတဲ့အလုပ်ကို မခိုမကပ်ဘဲ သိမ်းကြုံးလုပ်နေတာပဲ။ အဲဒီတော့ အလုပ်ရှင်က ကောင်လေးကို သဘောကျတယ်။ လစာထုတ်ရက် ရောက်ပြီဆိုရင် လစာအပြင် အလုပ်ကြိုးစားတဲ့ အတွက်ဆိုပြီး အပိုဆုကြေးတွေပါ ကောင်လေးရလေ့ရှိတယ်။ ကောင်လေးက ကလေးအရွယ်ဖြစ်ပေမယ့် မုန့်ပဲသရေစာ မစားဘူး။ အပိုမသုံးဘူး။ ရသမျှ ပိုက်ဆံတွေအကုန်လုံးကိုလည်း ကျစ်နေအောင် စုထားတတ်တယ်။ အဲ... ကောင်လေးမှာ ထူးခြားချက် တစ်ခုတော့ ရှိတယ်။ အဲ့ဒါက ဘာလဲဆိုတော့ ဆိုင်ကို အိမ်ခြံမြေပွဲစားတွေ လာတိုင်း အိမ်ခြံမြေဈေးနှုန်းတွေကို အမြဲလိုလို နားစွင့်နေတတ်တာပဲ။

နားထောင်နေရင်းကလည်း ကောင်လေးမျက်နှာက
မသိမသာ ညှိုးညှိုးသွားတတ်တယ်။ ဒါပေမဲ့
မကြာပါဘူး။ အရင်လိုပဲ အလုပ်တွေကို
သွက်သွက်လက်လက်လုပ်မြဲ …
သီချင်းလေးတအေးအေးဆိုမြဲပဲ။
ကောင်လေးမှာ မိဘတွေရှိပါတယ်။ အိမ်ငှားခတွေ
ဈေးကြီးလာလို့ အိမ်အသုံးစရိတ်မလောက်ငလို့
ဒီလိုခေါင်းစဉ်အမျိုးမျိုးအောက်မှာ ကောင်လေးရဲ့
အဖေနဲ့ အမေက မကြာခဏဆိုသလို ရန်ဖြစ်လေ့ရှိတယ်။
ဒါကို ကောင်လေးစိတ်ညစ်တယ်။
ကိုယ်ပိုင်အိမ်တစ်လုံးရှိရင် အိမ်လစာမပေးရတော့တဲ့
အတွက် စားစရိတ်ဖူလုံသွားမယ်။ စားစရိတ်ဖူလုံ
သွားရင် အဖေနဲ့ အမေရန်ဖြစ်တော့မှာ မဟုတ်ဘူး
ဆိုတဲ့ အတွေးတွေက ကောင်လေးခေါင်းထဲ
ရောက်လာတယ်။ ဒီတော့ ကောင်လေးအိမ်တစ်လုံး
အမြန်ပိုင်ဆိုင်ချင်လာတယ်။ ဒါကြောင့် ကောင်လေး
အလုပ်ကြိုးစားတယ်။ ပိုက်ဆံစုတယ်။
ကောင်လေးက တစ်လကို ထီတစ်စောင် ပုံမှန်
ထိုးလေ့ရှိတယ်။ အလေအလွင့်နည်းတဲ့ ကောင်လေးရဲ့
လစာတွေကလည်း တဖြည်းဖြည်းနဲ့ များများလာခဲ့တယ်။
ဒါပေမဲ့ ကောင်လေးစုထားမိသမျှ
ပိုက်ဆံတွေက ဆယ်ပေအိမ်တစ်လုံးရဲ့
ဆယ်ပုံတစ်ပုံတောင် မရှိသေးဘူး။



ကောင်လေးက
ဇွဲမလျှော့ပါဘူး… ဆက်ကြိုးစားဆဲ။
ကောင်လေးရဲ့
မျက်လုံးတွေက မျှော်လင့်ချက်ကြောင့် တောက်ပနေတယ်။
ကောင်လေးအလုပ်တွေကို ကြိုးစားပမ်းစား
လုပ်နေတုန်းမှာ ကောင်လေးရဲ့ အဖေက အိမ်တစ်လုံး
ပိုင်သွားတယ်။ သိပ်မကြာခင်မှာပဲ ကောင်လေးရဲ့
အမေက အိမ်တစ်လုံးပိုင်သွားပြန်တယ်။ ကောင်လေး
အဖေနဲ့ ကောင်လေးအမေကလည်း အဲဒီ့ထဲကစပြီး
လုံးဝရန်မဖြစ်ကြတော့ဘူး။ ဒါပေမဲ့ ကောင်လေး
မပျော်တော့ဘူး။ ပိုက်ဆံတွေလည်း အရင်ကလို
မစုဖြစ်တော့ဘူး။ အလုပ်ထဲမှာလည်း ငေးတိငေးငိုင်
ဖြစ်နေတယ်။ သီချင်းလည်း အရင်လို မဆိုတော့ဘူး။
ကောင်လေးက "အဖေ့အိမ်"သွားရင်
"မိထွေး"နဲ့ တွေ့လို့
စိတ်ကျဉ်းကျပ်တယ်ပြောတယ်။
"အမေ့" အိမ်ရောက်ရင်
"ပထွေး"နဲ့ တွေ့လို့ မနေချင်ဘူး ပြောတယ်။
ကောင်လေးမှာ အိမ်နှစ်လုံးတောင်ရှိတယ်။
ဒါပေမဲ့ ကောင်လေး အိမ်မပြန်ဖြစ်တော့ဘူး။

သုရော

□ □ □

## စာဖတ်ကြသူများ

မိုးရွာပြီးကာစအချိန်ဆိုတော့ ကျူပ်တို့ရပ်ကွက်လေး
တစ်ခုလုံးတိတ်ဆိတ်နေတယ်။
နေ့ခင်းနေ့လယ်လည်း ဖြစ်နေတော့
ကျူပ်လက်ဖက်ရည်ဆိုင်က နည်းနည်းတော့ လူပါးတယ်။
အချို့ဆို သတင်းစာဖတ်နေရင်းက
ငိုက်မြည်းလို့တောင်နေရဲ့။
ကောင်တာမှာ ထိုင်နေရင်း တိတ်ဆိတ်နေတဲ့
ကျူပ်ဆိုင်လေးကို စံလင်းရဲ့ သီချင်းက ဖြိုခွင်း
လိုက်တယ်။ မောင်... သက်ထားရေ... ဆိုတဲ့
သီချင်းသံက နားထဲကို ချိုချိုအေးအေးလေး
စိမ့်ဝင်လာတယ်။ ခုနပဲ ဆိုင်လေးက စိုစိုပြေပြေ
ဖြစ်လာသလို ခံစားလိုက်ရတယ်။
"ပုံမှန်ရှယ်ထူး... ဘလက်ဝမ်း... ချိုတူး"
စားပွဲထိုးမောင်ထူးရဲ့ မှာသံအဆုံးမှာတော့
ဖွင့်လက်စသီချင်းကို ကျူပ်ပိတ်ပစ်လိုက်တယ်။
ကျူပ်ဆရာသမားတွေ လာပြီလေ။
"ဆရာတို့စောလှချည်းလားဗျ"
ကျူပ်လောကွတ်စကားကို ဆရာချစ်က
"အေးဗျာ ဒါတောင် မိုးမတိတ်သေးလို့
ဓမ္မာရုံမှာ ခဏဝင်ခိုနေကြသေးတာ"



ဆိုပြီး ရယ်တယ်။
ဆရာချစ်တို့ဆိုတာ ကျူပ်တို့ရပ်ကွက်ထဲက
စာပေသမားတွေ ဆရာချစ်ပြီးတော့ မိတ္တူဆိုင်
ဖွင့်တဲ့ ကိုလှဖေ... နောက်တစ်ယောက်က
လမ်းထိပ်ဆေးဆိုင်က ဦးမြသောင်း ... နောက်
တစ်ယောက်က ဆောင်းပါးဆရာကိုမြတ်လေး ...
နောက်ဆုံးတစ်ယောက်က ကျူပ်တို့ မျက်စောင်းထိုး
ဝါးခနိုးဆိုင်က ကိုညာသား။ အကုန်လုံးက စာပေနဲ့
ပတ်သတ်လာရင် တော်တော်လေးနှံ့စပ်ကျွမ်းကျင်
ကြတဲ့ သူတွေချည်းပဲ။ သူတို့ပြောတဲ့ စကားတွေက
ကျူပ်အတွက် ဗဟုသုတဟင်းပေါင်းအိုးကြီးလိုပါပဲ။
ဒါကြောင့်လည်း သူတို့လည်း အေးအေးဆေးဆေး
စကားပြောရအောင် ကျူပ်လည်း ရှင်းရှင်းလင်းလင်း
နားထောင်ရအောင် သီချင်းကို ပိတ်ပစ်လိုက်တာပေါ့။
"ဘဝမှာ အတွေးအခေါ်ဆိုတာ
ဘိုကိုလိုအပ်တယ်ဗျ... ဟိုစကားလိုပေါ့...
တွေးမလား သေမလား... သင့်ကင်းအော်ဒိုင်း...
အဲ့စကားသိပ်မှန်တာ... လူတစ်ယောက်ဟာ
စဉ်းစားတွေးခေါ်ခြင်းမရှိဘဲ အသက်ရှင်နေတာဟာ
ဘဝသေနေတာနဲ့ အတူတူပဲ"
သင့်ကင်းအော်ဒိုင်းတဲ့။ ဆရာချစ်ပြောသွားတာ။
ဟုတ်ပ။ ကြည့်စမ်း တိုတိုလေးနဲ့ ဘယ်လောက်
ထိရောက်တဲ့စကားလဲ။ သင့်ကင်းအော်ဒိုင်း...

တွေးမလား သေမလား။ဟား... မိုက်တယ်ဗျာ။
ကျုပ်တော်တော်လေးကို သဘောကျသွားတယ်။
"အမှန်ပဲ ကိုချစ်...က လူတွေက တွေးဖို့
သိပ်ကြောက်ကြတာ... လူဆိုတာ တွေးနေသင့်တယ်
တွေးခေါ်မှုတွေ အားနည်းနေသ၍
ကျွန်တော်တို့လူမျိုးတွေ ကမ္ဘာ့အလယ်မှာ
မျက်နှာငယ်နေရဦးမှာပဲ"
ကိုလှဖေက ဆရာချစ်စကားကို တစ်ဆင့်ထောက်ခံ
စကားပြောရင်း မောသွားဟန်နဲ့ ရေနွေးကြမ်း
တစ်ခွက်ကို ငှဲ့သောက်တယ်။ ကျန်တဲ့သူတွေက
သူ့စကားကို ထောက်ခံဟန်နဲ့ ခေါင်းတဆတ်ဆတ်
ညိတ်ကြတယ်။ အတွေးအခေါ်နဲ့ပတ်သက်တဲ့
သူတို့စကားဝိုင်းလေးက မြိုင်သထက် မြိုင်လာတယ်။
နားထောင်ရတာ စိတ်ဝင်စားစရာလည်း ကောင်းသလို
ဗဟုသုတလည်း ရပါတယ်။ လေပြေတစ်ချက်နဲ့အတူ
မိုးကလည်း ဖွဲဖွဲလေးကျဆင်းလာပြန်တယ်။
"ကျွိ... ကျွိ... ဟာ ဒီကလေး... တောက်"
လမ်းမကြီးထက်ဆီက ဝရုန်းသုန်းကား
တွန်းတိုက်မိသံတွေကြောင့် ကျုပ်အပါအဝင်
စကားဝိုင်းက လူတွေအကုန်လုံးရဲ့ အကြည့်က
လမ်းမကြီးထက် ရောက်သွားတယ်။
"ရှေ့နောက် ကြည့်ပြီးကူးပါလား
စက်ဘီးလာနေတာကို မမြင်ဖူးလား တောက်"



စက်ဘီးနဲ့လူက ဖရဲသီးစိတ်ရောင်းတဲ့ ကလေးမ
လေးကို ဒေါသတကြီးဟိန်းဟောက်တယ်။
ကလေးမလေးက မျက်လုံးအဝိုင်းသားလေးနဲ့
စက်ဘီးနဲ့လူကို ငေးကြည့်နေရင်း လမ်းတစ်ဖက်ကို
ခပ်သုတ်သုတ်ဖြတ်ကူးသွားတယ်။ စက်ဘီးသမားကလည်း
မကျေမနပ်ရေရွတ်ပြီး စက်ဘီးကို
ဆက်နင်းသွားတယ်။ ကလေးမလေးကတော့
ဝယ်သူတစ်ယောက်နဲ့ တွေ့ပြီး ဖရဲသီးစိတ်တွေ
ရောင်းနေတယ်။ ပတ်ဝန်းကျင်က ပုံမှန်အတိုင်း
ပြန်ဖြစ်သွားတယ်။
"အဲ့ဒါသာကြည့်တော့ ကိုချစ်...
ဒီအရွယ်တွေဆိုတာ အလွန်ဆုံးရှိမှ ရှစ်နှစ်ကိုးနှစ်ပေါ့...
ကျောင်းနေရမယ့်အရွယ်တွေ ခုကြည့်...
မိဘတွေရဲ့ အတွေးအခေါ်ညံ့ဖျင်းမှုကြောင့်
ဘဝကို ထင်သလို ဖြတ်သန်းမှုတွေကြောင့်
အခုလမ်းဘေးမှာ ဈေးရောင်းနေရပြီ ကြည့်
တိုင်းပြည်အတွက် ဘယ်လောက်နစ်နာလဲ
ဒီကလေးတွေရဲ့ အနာဂတ်ကရော
ဘယ်သူ့ဆီမှာလဲ... ဟူး..."
ဦးသောင်းက စိတ်မသက်မသာဟန်နဲ့ ရေရွတ်တယ်။
ဟုတ်တော့လည်း ဟုတ်တယ်။ ဒီအရွယ်တွေ
ဆိုတာက တစ်ခုခုကို သင်ယူနေရမယ့် အရွယ်တွေ။
ဒီအချိန်မှာ လမ်းဘေးဈေးထွက်ရောင်းနေရတော့

ဒီကလေးတွေရဲ့ အနာဂတ်ကို မတွေးရဲဘူး။
ကျုပ်သူတို့စကားတွေကို ကောင်တာမှာ ထိုင်ရင်း
နားထောင်ရင်းက အတွေးတွေဆက်ပွားနေမိတယ်။
ဆရာချစ်တို့စကားတွေက အတွေးအခေါ်တွေဘက်
ပြန်ရောက်သွားတယ်။ သူတို့ပြောတဲ့ထဲမှာ
ပြင်သစ်အတွေးအခေါ်ပညာရှင်တွေဖြစ်တဲ့
ဟိုင်ဒေဂါအကြောင်းပါတယ်။ ကမူးအကြောင်းပါတယ်။
အိန္ဒိယစာရေးဆရာကြီးအိုရှိုးအကြောင်းပါတယ်။ ပြီးတော့
သူတို့ပြောတဲ့ထဲမှာ ကျုပ်မသိတဲ့ ပုဂ္ဂိုလ်တွေလည်း
အများကြီးပါသေးတယ်။ မိုးက တဖွဲဖွဲကျဆင်းနေရာက
တဖြည်းဖြည်းသည်းလာတယ်။
မိုးသည်းလာတော့ ဖရဲသီးစိတ်သည်
ကလေးမလေးက သူနဲ့ နီးစပ်ရာ ဆိုက်ကားဂိတ်
ဟောင်းလေးထဲ ဝင်ပြေးပြီး မိုးခိုရှာတယ်။
ဖရဲသီးဗန်းလေးကို ဘေးချပြီး ဟိုကြည့်ဒီကြည့်နဲ့ မိုးတိတ်မယ့်
အချိန်ကို စောင့်နေပုံပါပဲ။
ဩော်… ဘဝတွေ… ဘဝတွေ။
"မောင်ကြည်သစ်ရေးတဲ့ ငြင်းပယ်ခြင်းအလှကို
ခင်ဗျားတို့ဖတ်သင့်တယ်ဗျ… အဲ့ဒီ့ထဲမှာ…"
"အနောက်တိုင်း ဒဿနသမိုင်းမှာကျတော့
တွေးခေါ်နည်းနှစ်နည်းရှိတယ်ဗျ… တစ်နည်းက
စကြဝဠာကို ဗဟိုပြုပြီး တွေးခေါ်တာ…
နောက်တစ်နည်းက သဘာဝလောကကို…"



စကားဝိုင်းကလည်း မိုးနဲ့အတူ အရှိန်တက်နေတယ်။
ရုတ်တရက်…
"အီး… ဟီး… ဟီး"
လမ်းမထက်ဆီက စူးရှရှငိုသံကြောင့် စကားဝိုင်းက
လူတွေရဲ့ အကြည့်က လမ်းမဆီ ရောက်သွား
ကြပြန်တယ်။ ကလေးငယ်တစ်ယောက်…
အသက်က အလွန်ဆုံးရှိမှ သုံးလေးနှစ်သာသာ
အပေါ်ပိုင်းကလည်း ဗလာကျင်းလို့ အဝတ်မပါဘူး
ဘယ်အိမ်က ကလေးပါလိမ့်။ မတော်တဆများ
ကားတွေ စက်ဘီးတွေ ဆိုင်ကယ်တွေနဲ့
တိုက်မိခိုက်မိရင် ဘယ်နှယ့်လုပ်မလဲ။ မိဘတွေများ
ပေါ့ဆလိုက်ကြတာ။ ဟူး… သက်ပြင်းတစ်ချက်ကို
အရှည်ကြီးမှုတ်ထုတ်လိုက်မိတယ်။
"ကဲ… ကြည့်တော့ ဆရာတို့… ကျွန်တော်တို့
နိုင်ငံက မိဘတွေ ဘယ်လောက်ထိ"
"ကလေးသူငယ်တွေရဲ့ အခွင့်အရေးတွေ…"
"ဒါတွေအကုန်လုံး ပြောင်းလဲပစ်ဖို့…"
မိုးရေထဲက ကလေးကို ကြည့်ပြီးတော့
စကားဝိုင်းက လမ်းကြောင်းပြောင်းသွားဟန်တူတယ်။
သူတို့ဆက်ပြောတဲ့ထဲမှာ ကလေးသူငယ်တွေရဲ့
အခွင့်အရေးတွေ အကြောင်းပါတယ်။
ကလေးသူငယ်ဥပဒေသစ်တွေအကြောင်း
ပါတယ်။ ကလေးအလုပ်သမားပပျောက်ရေး

အကြောင်းတွေပါတယ်။ တော်တော်လည်း ဗဟုသုတပြည့်ဝလိုက်တဲ့သူတွေလို့ စိတ်ထဲက ကြိတ်ချီးမွမ်းရင်း ဘာရယ်မဟုတ်ဘဲ မိုးခိုနေတဲ့ ဖရဲသီးသည်ကလေးမလေးဆီ မျက်လုံးက ရောက်သွားတယ်။

ကြည့်နေတုန်းမှာပဲ ကလေးမလေးက ဖျတ်ခနဲ မတ်တပ်ထရပ်တယ်။ မိုးတိတ်တဲ့အထိ မစောင့်တော့ပဲ သွားတော့မယ်တူတယ်။

ဒီလိုကျုပ်တွေးလိုက်မိတယ်။ ဒါပေမဲ့ မဟုတ်ဘူး။ သူ့ဖရဲသီးဗန်းလေးကို ဆိုက်ကားဂိတ်ဟောင်းလေးမှာ ထားပစ်ခဲ့ပြီး မိုးရေထဲကို လှစ်ခနဲပြေးထွက်သွားတာ။

ဟာ...

ဒီကလေးမလေး ဘာလုပ်တာပါလိမ့်။ ကျုပ်စိတ်ဝင်တစားနဲ့ ကလေးမလေးကို ဆိုင်ထဲက လိုက်ကြည့်နေလိုက်မိတယ်။

အိုး...

ကျုပ်ရင်ထဲဆို့နင့်သွားတယ်။

လမ်းမမှာ ငိုယိုပြီး လျှောက်သွားနေတဲ့ကလေးကို ဖရဲသီးသည်မလေးက လှစ်ခနဲကောက်ချီပြီး ဆိုက်ကားဂိတ်ဟောင်းလေးဆီ ပြန်ပြေးဝင်လာတဲ့ မြင်ကွင်း။ ပြီးတော့ ငိုနေတဲ့ကလေးကို သူ့ဗန်းထဲက ဖရဲသီးစိတ်လေးကို နည်းနည်းချင်း ဖဲ့ကျွေးပြီး ချော့မြူလို့။ ကလေးကလည်း ဖရဲသီးစိတ်လေးစားနေရတော့ အငိုတိတ်သွားတယ်။



ကြည့်ရတာ ပိတ်ကားတစ်ခုမှာ ရုပ်ရှင်ကြည့်နေရသလိုပါပဲ။ ကြည့်နေရင်းကပဲ ခဏကြာတော့ ကလေးရဲ့ မိခင်ဖြစ်ဟန်တူတဲ့ အမျိုးသမီးတစ်ယောက်။ အလွန်တရာ စိတ်ပူနေဟန်နဲ့ကလေးကို လက်ဆွဲပြီး ပြန်ခေါ်သွားတယ်။ ကလေးစားသွားတဲ့ ဖရဲသီးစိတ်ဖိုးတော့ ရှင်းပေးသွားဟန်မတူဘူး။

ကလေးမလေးကို ကြည့်နေရင်း ကျုပ်တစ်ကိုယ်လုံးသေးကျုံ့သွားသလိုခံစားလိုက်ရတယ်။ နားထဲကို စကားဝိုင်းထဲက အသံတွေက တစ်ဖန်တိုးဝင်လာပြန်တယ်။

"ကလေးသူငယ်တွေရဲ့ ရပိုင်ခွင့်..."

"ထိုင်းနိုင်ငံက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေသစ်..."

"နှစ်ဆယ့်တစ်ရာစုမှာ ကလေးတွေဟာ..."

"အဲ့ဒါပဲလေ... သင့်ကင်းအော်ဒိုင်း... တွေးမလား... သေမလား... တစ်ခုခုရွေးဖို့..."

ကျုပ်သူတို့စကားကို ဆက်နားမထောင်ဖြစ်တော့ဘူး။ တွေးခေါ်ခြင်းသက်သက်နဲ့လည်း ဘဝကို ဆက်ပြီး မရှင်သန်လိုတော့ဘူး။ ကျုပ်... ထီးနှစ်ချောင်းယူပြီး ဖရဲသီးသည် ကလေးမလေးဆီပဲ ခပ်သွက်သွက် ထွက်လာခဲ့လိုက်တယ်။

ဆုရော

□ □ □

# အပိုင်းအစများ

(၁) စာထိုင်ရေးနေသည်။ သန်းခေါင်ကျော်နေပြီမို့
အိမ်မြောင်စုတ်ထိုးသံကအစ လေပှိုက်၍
အိမ်ခေါင်မိုးမှ သစ်ရွက်ခြောက်ကြွေတို့ တရှပ်ရှပ်မြည်သံက
အဆုံးအကုန်ကြားနေရသည်။ ကြားနေရတာ
သိခြင်းကြောင့် စာရေးတဲ့ထဲမှာ စိတ်မပါမှန်းလည်း
ကိုယ့်ဘာသာကိုယ်သိလိုက်သည်။ ထို့ကြောင့်
စာအုပ်ကို ပိတ်သည်။ မီးကို မှိတ်သည်။
အဝေးမှ ခွေးအူသံသဲ့သဲ့ကို ကြားလိုက်ရသည်။
"ဒေါက်... ဒေါက်... ဒေါက်"
တံခါးခေါက်သံ။ ဒီအချိန်ကြီး ဘယ်သူလဲ...။
"ဝင်လာပြီ..."
အသံနဲ့အတူ ပိတ်ထားသော အခန်းတံခါးကို
ဖောက်ထွင်းပြီး ဖြူဖြူသဏ္ဍာန်တစ်ခုဝင်လာသည်။
ကြည့်ရတာ ဝိညာဉ်တစ်ကောင်ဖြစ်ဟန်တူသည်။
ထို့နောက် ခပ်တည်တည်ပင် သူမစာရေးထိုင်ခုံပေါ်
ဝင်ထိုင်သည်။
"ခင်ဗျားစာရေးနေတာလား"
"မြင်တဲ့အတိုင်းပဲလေ... ဒါနဲ့ နင်က ..."
သူမအမေးကို သူက ခပ်ဆွေးဆွေးပြုံးသည်။
သနားစရာမကောင်းဘဲ စိတ်မရှည်ချင်စရာကောင်းသလို
ခံစားလိုက်ရသည်။



"ငါလား... ငါကလား"
ထိုဝိညာဉ်ကောင်က စကားကို ထပ်မဆက်။
ကြေကြေကွဲကွဲပြုံးပြနေပြန်သည်။ ပြောစမ်းပါ
မြန်မြန်ဆန်ဆန် ... ပြီးရင် ငါအိပ်မလို့။
"ငါ... ငါက ကြယ်ခေါက်တဲ့ ကောင်လေးလေ"
ဘုရားရေ သူမရုတ်တရက် ဆွံ့အသွားသည်။
ဝိညာဉ်ကောင်က ခြောက်ကပ်ကပ်ရယ်သည်။
"ဘာလဲ... နင်လန့်သွားတာလား... ဟားဟား"
သူမ ဘာစကားမှမဆိုနိုင်။
သူ... သူ... ဘာလာလုပ်တာလဲ။
"နင် ရက်စက်တယ် တကယ်ဆို ငါ့ကို
အတိတ်မေ့သွားတာလောက်ပဲဖြစ်ဖြစ်"
ဝိညာဉ်သည် ခေါင်းငိုက်စိုက်ကျသွားသည်။
သူမစိတ်ထဲ ထိုဝိညာဉ်အား ခုမှ သနားသလိုလို
ဘာလိုလိုဖြစ်သွားသည်။ သူမဝိညာဉ်နားသို့
မရဲတရဲ တိုးကပ်သွားလိုက်သည်။
"ငါ... ငါ ဘာလုပ်ပေးရမလဲ ငါ Edit ပြန်လုပ်ပေး
ရမလား... နင့်ကို မသေခိုင်းပဲလေ"
"ဘာကွ"
သူမ လန့်ဖြန့်သွားသည်။ ဝိညာဉ်၏ မျက်လုံးတွေက
ဒေါသကြောင့် နီရဲနေသည်။ သူမနောက်သို့
ခြေတစ်လှမ်း နှစ်လှမ်းဆုတ်လိုက်သည်။
"လူတွေရဲ့ စိတ်ထဲမှာ စွဲနေပြီးသားအရာတစ်ခုကို

လွယ်လွယ်နဲ့ ပြန်ဖျောက်လို့ရမယ်လို့
နင်ထင်နေလား နင်လိုသလို ပြုပြင်ယူလို့ရအောင်
လူတွေက အရူးလား"
ဝိညာဉ်သည် သူမနားသို့ တိုးတက်လာလေသည်။
သူမကြောက်ကြောက်နှင့်ပင် …
"ဒါ… ဒါဆို… ငါဘာလုပ်…"
ဝိညာဉ်က အလွန်တရာထိတ်လန့်နေသော သူမကို
သနားသွားဟန်တူသည်။ သို့မဟုတ် စိတ်ပျက်သွား
တာလည်း ဖြစ်နိုင်သည်။ သူမနှင့် ကျောခိုင်းလိုက်ပြီး
"နောက်ဆို မလုပ်ခင် စဉ်းစား ငါ သွားပြီ"
လိုသလို ပြုပြင်လို့ရအောင် လူတွေက အရူးမဟုတ်ဘူးတဲ့
ဝိညာဉ်သည် သူမအနီးမှ တရွေ့ရွေ့ထွက်ခွာသည်။
"နေ… နေဦး… နင့်ကောင်မလေးရော…"
သူမသိချင်တာတစ်ခုကို အော်မေးလိုက်သည်။
"သူလား… ဘဝသေသွားပြီ …"
ဝိညာဉ်သည် သူမအား နာနာကျည်းကျည်း တစ်ချက်
ကြည့်ပြီး လျင်မြန်သော အဟုန်ဖြင့် ပျောက်ကွယ်
သွားတော့သည်။

(၂) နှင်းဆီရယ်သည်။
"အိပ်မက်ဆိုတာ တွေးတောကြံစည်လုပ်ကိုင်ခဲ့သမျှ
အပိုင်းအစတွေ အကုန်လုံးကို မှတ်ဉာဏ်ထဲမှာရော
မသိစိတ်ထဲမှာပါ Save လုပ်ထားပြီး စိတ်လွတ်
ကိုယ်လွတ် အိပ်မောကျနေတဲ့ အချိန်ရောက်မှ



တစ်ခုစီ အစီအစဉ်မကျ ပြန်ဖြေလွှတ်ပေးတဲ့
သဘောပဲ သိပ်ဖီးလ်မထားပါနဲ့ဟာ ဒါနဲ့…
နင်အခု ဘာတွေရေးနေလဲ…
နှင်းဆီသည် ထုံးစံအတိုင်း ပေါ့ပါးနေလေသည်။
ဒူးကတော့ သူ့အကျင့်အတိုင်း တလှုပ်လှုပ်။
"ငါ… ဒီနေ့ နင့်အကြောင်း အချောသတ်လိုက်တယ်"
သူမစကားအဆုံးမှာ နှင်းဆီမျက်မှောက်ကြုံ့ရင်း
"ဘယ်လို… ဘယ်လို" ဟု အာမေဋိတ်စကားဆိုသည်။
"နည်းနည်းပါးပါးပြင်လိုက်တာပါဟာ…
နင့်အကျင့်တွေဖြစ်တဲ့ ဒူးလှုပ်တာတို့ ပခုံးတွန့်တာတို့…
နည်းနည်း ပိုဖတ်လို့ကောင်းသွား"
"ပြစမ်းပါဦး"
သူမစကားဆုံးသေး။ နှင်းဆီက သူ့အကြောင်း
Edit ပြန်လုပ်ထားသော စာမူကို ယူဖတ်သည်။
ထို့နောက် ပြုံးသည်။ နောက်ဆုံးအားရပါးရ
ရယ်မောလိုက်တော့သည်။
"ဒါဆိုနင်ရေးထားသော ငါ့အကြောင်းမှ
မဟုတ်တော့တာ… နင့်စိတ်ကူးယဉ်ပြီး
ပုံဖော်ထားတဲ့ ဟီးရိုးဆန်ဆန်အဖွဲ့အနွဲ့ကြီးပဲ"
နှင်းဆီက ထိုသို့ပြောပြီး စာမူအား သူမလက်ထဲသို့
ပြန်ထည့်ပေးရင်း …
"အနာအဆာကင်းတဲ့ ဇာတ်လိုက်ဆိုတာ
ငါတို့တစ်နိုင်ငံထဲမှာပဲ ရှိတော့တာပါ မိဆုရာ"

ထို့နောက် နှင်းဆီသည် နှုတ်မဆက်ဘဲ ကောက်ခါငင်ခါ ထပြန်သွားလေသည်။
နှင်းဆီ၏ ကာရိုက်တာ အစစ်သည် ထိုသို့ဖြစ်သည်။ ဝတ္ထုထဲ ထည့်မရေးလိုက်သဖြင့် လူတွေ၏ အမြင်တွေ နှင်းဆီသည် အလွန်ပင် အချိုးပြေပြေနှင့် သူရဲကောင်းဆန်နေလေသည်။

(၃) နှင်းဆီပြန်သွားမှ မှာထားတဲ့ လက်ဖက်ရည်က ရောက်လာသည်။ ခေါင်းတစ်ခုလုံး နောက်ကျိ ရှုပ်ထွေးနေတာကြောင့် စားချင်သောက်ချင်စိတ်တွေလည်း မရှိတော့...။ ထို့ကြောင့်

"ဟော့... ကောင်လေး... ရှင်းမယ်ကွာ... ဒါတွေ ပြန်ယူသွားတော့... မသောက်တော့ဘူး"

"ဘာဗျ"

စားပွဲထိုးကောင်လေး၏ ခပ်စူးစူးအသံကြောင့် သူမ လန့်သွားသည်။ သူမပြောသည့်ထဲ ဘာများ အမှားပါသွားပါလိမ့်။ ကောင်လေးက ဒေါသတကြီးနှင့်...

"ခင်ဗျားတို့က ပိုက်ဆံကို တန်ဖိုးထားရကောင်းမှန်း မသိဘူး... ပိုက်ဆံမရှိလို့ဆိုပြီး ပျက်ဆီးသွားကြတဲ့ မိသားစုတွေ အများကြီးပဲဗျ ခင်ဗျားသိလား"

ကောင်လေးက သူမကို ဆူပူကျိန်းမောင်းရင်း မျက်ရည်ကျသည်။ သေချာကြည့်လိုက်မှ သူမရေးတဲ့ "အိမ်" ဝတ္ထုထဲက စားပွဲထိုးလေးမှန်းသိလိုက်သည်။ သူမဘာမှပြန်မပြောဖြစ်တော့ဘဲ ဆိုင်လေးထဲက ထွက်လာခဲ့သည်။ ထို့နောက် လက်ဖက်ရည်ဆိုင်အတွင်းမှ



"အဲ့ဒါပဲဗျ... သင့်ကင်းအော်ဒိုင်းဆိုတာ အသိပညာဆိုတာ အသက်အရွယ်နဲ့ မဆိုင်ဘူး တွေးခေါ်တတ်တဲ့သူရဲ့ အနာဂတ်ဟာ...
........ ........ ........ ............"

ထိုအသံများက သူမနောက်ကျောကနေ ကပ်ညီ လိုက်ပါလာသေးသည်။ သူတို့အသံတွေက ဝတ္ထုထဲကထက် ပို၍ အမြင်ကတ်စရာကောင်းနေ သလို ခံစားလိုက်ရသည်။

(၄) ဆိုင်နဲ့ ခပ်လှမ်းလှမ်းရောက်တော့မှ ရုတ်တရက် ဆိုသလို ကောင်တာမှာ ထိုင်သော လက်ဖက်ရည် ဆိုင်ပိုင်ရှင် လူကြီးကို သတိရလိုက်မိသည်။ သူမလှည့်ကြည့်လိုက်မိသောအခါတွင် ဆိုင်ပိုင်ရှင် လူကြီးက သူမ မသောက်ဘဲ ထားခဲ့သော လက်ဖက်ရည်အား ဖရဲသီးသည် ကလေးမလေးအား ခေါ်တိုက်နေလေသည်။ ထို့နောက် အိမ်သို့ ခပ်သွက်သွက်ပြန်လာခဲ့လိုက်သည်။
ဒီနေ့ကြုံခဲ့ရသမျှကို အိမ်ရောက်ရင် ဝတ္ထုတစ်ပုဒ်အဖြစ် ချရေးရဦးမည်မဟုတ်ပါလား။ ခြေလှမ်းတိုင်းသည် ပေါ့ပါးနေလေသည်။

သုရော

□ □ □



လင်းမြတ်

# တိမ်နဲ့ရေးတဲ့ မှတ်စုကြမ်း



## ထရိုဂျန်မြင်း

အလယ်ခေတ်မှာ နိုင်ငံအချင်းချင်း ဗျူဟာတွေ ခင်းပြီး
တိုက်ခိုက်တာရှိသလို တိုင်းပြည် မနာအောင်
ဟိုဖက်က သူရဲကောင်းတစ်ယောက်နဲ့
ဒီဖက်က သူရဲကောင်းတစ်ယောက်တိုက်ခိုက်ပြီး
စစ်ပွဲအနိုင်အရှုံးကို ဆုံးဖြတ်တဲ့ စစ်ပွဲတွေလည်း ရှိခဲ့တယ်။
ဒီတော့ အဲဒီအချိန်တုန်းက ဘုရင်တွေဟာ
ဓားထက်တဲ့ သူရဲကောင်းတွေဆို အထူး
မြှောက်စားကြတယ်။
အဲဒီအချိန်တုန်းကပေါ့...
အင်း... အဲဒီအချိန်တုန်းက ...

xxx

ကျုပ်နာမည်ကဂိုယာ။
နေသီယံအင်ပါယာရဲ့ ဂန္ဓဝင်စစ်သူရဲကောင်းပေါ့။
ပြောရမယ်ဆို ဘုရင်ကြီးက ကျုပ်ကို သိပ်သဘောကျတယ်။
ဘယ်တော့မဆို "ငါ့သား"လို့ခေါ်တတ်သလို
ကျုပ်ကို သူ့သားလိုပဲ သဘောထားတယ်လို့ အမြဲပြောတယ်။
ဒီတော့ ကျုပ်လည်း ဘုရင်ကြီးကို ကျုပ်အဖေလို့
သဘောထားတာ ဆန်းသလားဗျာ။
ကျုပ်က ငယ်ငယ်လေးကတည်းက
အထိုးအခုတ်အတိုက်အခိုက်ဝါသနာပါတယ်။
ဒီလိုနဲ့ အရွယ်ရောက်တော့ စစ်မှုထမ်းတယ်။
ကျုပ်တိုက်ရည်ခိုက်ရည်ကြောင့်
တဖြည်းဖြည်းနာမည်ရလာတယ်။
နောက်ဆုံးတော့ ခုလို ဘဝမျိုးရောက်လာတယ်ပေါ့ဗျာ။
ကျုပ်အလုပ်က လူသတ်ရတဲ့အလုပ်။
အမှန်အတိုင်းပြောရရင်
ကျုပ်လက်နဲ့ သတ်ခဲ့သူတွေ
ဘယ်နှစ်ယောက်ရှိပြီလဲရေတောင် မရေနိုင်တော့ဘူး။
အခုလေးတင် ဇက်ဆိုတဲ့ သူရဲကောင်းတစ်ယောက်ကို သတ်ပြီး
သူရဲ့ ဗိုယေးရှားအင်ပါယာကို
ကျုပ်တို့ နေသီယံအင်ပါယာထဲ သွတ်သွင်းခဲ့ပြီလေ။
ဇက်ကို သတ်ပြီး အင်ပါယာတစ်ခုကို သိမ်းပိုက်နိုင်လိုက်တော့
ဘုရင်ကြီးက ကျုပ်ကို
ဆုတော်လာဘ်တော်တွေ ချီးမြှင့်တယ်ဗျ။



ပါးစပ်ကလည်း ငါ့သားဆိုတာ မချတော့ဘူးဗျို့။
ကျုပ်က ဆုတော်တွေ မမက်ပါဘူး။
ကျုပ်နဲ့ သွေးသားမစပ်ပေမယ့်
ဖခင်တစ်ယောက်လို သဘောထားရတဲ့
ဘုရင်ကြီးသဘောကျမယ်ဆို ကျေနပ်ပါပြီ။
၅ လခန့်ကြာသော်...။
ကျုပ်အခုစီးချင်းထိုးရတော့မယ်။
နှစ်ဖက်စစ်သည်တွေ ရှေ့မှာပေါ့။
တစ်ဖက်က ကျုပ်နဲ့ စီးချင်းထိုးရမယ့်
စစ်သူရဲကောင်းကလည်း ကျုပ်လိုပဲ နာမည်ကြီးတယ်။
ဖီယိုနိုရေဒင်အင်ပါယာရဲ့ ဂန္ဓဝင်စစ်သူရဲကောင်းစန်ဇာဆိုပဲ။
"ဂိုယာ... ဂိုယာ... ဂိုယာ"
ဟော... ကျုပ်စစ်သည်တွေ ကျုပ်ကို အားပေးနေကြပြီ။
ဖခင်ဘုရင်ကြီးရှိရာကို တစ်ချက်လှမ်းကြည့်တော့
"ငါ့သား ကြိုးစားထား"လို့ အသံမထွက်ဘဲ
ပါးစပ်လှုပ်ရုံလှုပ်ပြီး ပြောလိုက်တာတွေ့ရတယ်။
ဒီလိုနဲ့ "ငါ့ဖခင်ဘုရင်ကြီးအတွက်ကွ"လို့ စိတ်ထဲက ကြုံးဝါးပြီး
တစ်ဖက်ရန်သူဆီ ဓားကို ဝင့်မြှောက်လို့
ကျုပ်တိုးကပ်သွားလိုက်တယ်။
ကြောက်ခမန်းလိလိတိုက်ကွက်တွေ
ကြောက်ခမန်းလိလိ ဓားချက်တွေ အောက်မှာ ကျုပ်တို့
သူသေကိုယ်သေတိုက်ခိုက်နေကြတယ်။
တစ်ဖက်ရန်သူရဲ့ ဓားချက်တွေကို

ကျူပ်တစ်ချက်ပြီး တစ်ချက်ရှောင်ခဲ့ပေမယ့်
နောက်ဆုံးတစ်ချက်ကိုတော့ ရှောင်ဖို့ မမှီလိုက်ဘူး။
မျက်လုံးထောင့်စွန်းက ဓားသွားကို မြင်လိုက်ချိန်မှာ
ရှောင်ဖို့က တော်တော်နောက်ကျသွားခဲ့ပြီလေ။
ဒီလိုနဲ့ လည်ပင်းက ဒဏ်ရာကို လက်နဲ့ဖိရင်း
သေအံ့မူးမူးကျူပ်၊ ဖခင်ဘုရင်ကြီးပြောမယ့်
နှစ်သိမ့်စကားလေးကြားချင်လို့ လှည့်ကြည့်မိတော့
ဘုရင်ကြီးရဲ့ နှုတ်ခမ်းနှစ်လွှာက လှုပ်တယ်ဆိုရုံလေး
ထပ်လှုပ်သွားတယ် "အသုံးမကျတဲ့ကောင်" တဲ့။
အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ ဝမ်းနည်းခြင်းတို့နဲ့အတူ
ကျူပ်ခန္ဓာကိုယ်မြေပြင်ပေါ် ပစ်လဲသွားတယ်။
စိတ်ထဲမှာလည်း သေရမှာ ကြောက်လာသလို
မျက်လုံးထဲမှာလည်း သေရမှာကြောက်လာသလို
မျက်လုံးထဲမှာလည်း ကျူပ်သတ်ခဲ့တဲ့သူတွေ
သူတို့ကို မသတ်ဖို့ တောင်းပန်ကြပုံတွေကို မြင်လာတယ်။
နောက်ပြီး "ငါ့ဖခင်အတွက်" လို့ကြုံးဝါးပြီး
ကျူပ်သူတို့ကို သတ်ဖြတ်ခဲ့ပုံတွေရောပေါ့။
ဒီလိုနဲ့ ကျူပ်ရဲ့ အမြင်အာရုံတွေ ဝါးလာတယ်။
ကျူပ်ရဲ့ ခြေဖျားလက်ဖျားတွေ အေးလာတယ်။
ကျူပ်ရဲ့ နှလုံးခုန်သံလေးတိုးသွားတယ်။
ကျူပ်... ကျူပ်......................။

×××



ကျူပ်နာမည်က စန်ဇာ။
ဖီယိုနီရေဒင်အင်ပါယာရဲ့ ဂန္ထဝင်စစ်သူရဲကောင်းပေါ့။
ပြောရမယ်ဆို ဘုရင်ကြီးက ကျူပ်ကို သိပ်သဘောကျတယ်။
ဘယ်တော့မဆို "ငါ့သား" လို့ခေါ်တတ်သလို
ကျူပ်ကို သူ့သားလိုပဲ သဘောထားတယ်လို့ အမြဲပြောတယ်။
ဒါပေမဲ့ ကျူပ်မယုံဘူး။
ကျူပ်ကို တကယ်သာ သူ့သားလိုသဘောထားရင်
ကျူပ်စိတ်မပါတော့မှန်းသိလျက်နဲ့ ဒီလိုစစ်သူရဲကောင်းလုပ်ဖို့
ကျူပ်မိသားစုသုံးပြီး ကျူပ်ကို အကျပ်ကိုင်မှာမဟုတ်ဘူး။
ကျူပ်က ငယ်ငယ်လေးကတည်းက
အထိုးအခုတ်အတိုက်အခိုက်ဝါသနာပါတယ်။
ဒီလိုနဲ့ အရွယ်ရောက်တော့ စစ်မှုထမ်းတယ်။
ကျူပ်တိုက်ရည်ခိုက်ရည်ကြောင့်
တဖြည်းဖြည်းနာမည်ရလာတယ်။ နောက်ဆုံးတော့
ခုလို ဘဝမျိုးရောက်လာတယ်။
ဒါပေမဲ့ ကျူပ်သိပ်ချစ်တဲ့ဇနီးနဲ့
လက်ထပ်ပြီးသွားတဲ့နောက်မှာ ကျူပ်စစ်သူရဲကောင်း
ဆက်မလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။
ဒီလိုနဲ့ သားတွေ သမီးတွေ ရလာပြီးတဲ့နောက်တစ်နေ့မှာ
ဘုရင်ကြီးက ကျူပ်တို့ မိသားစုကို နန်းတော်ဆီလာဖို့
ဖိတ်လိုက်တယ်။
နောက်ဆုံးတော့ ကျူပ်နဲ့ နှစ်ယောက်တည်း တွေ့ပြီး
စစ်သူရဲကောင်းပြန်မလုပ်ရင်

ကျုပ်မိသားစုအသက်ကို ရန်ရှာမယ်ဆိုတာကြောင့်
ကျုပ်မလုပ်ချင်ဘဲနဲ့ ဒီအလုပ်ကို ပြန်လုပ်ခဲ့ရတယ်။
ကျုပ်အလုပ်က လူသတ်ရတဲ့အလုပ်။ အမှန်အတိုင်းပြောရရင်
ကျုပ်လက်နဲ့ သတ်ခဲ့သူတွေ
ဘယ်နှစ်ယောက်ရှိပြီလဲရေတောင် မရေနိုင်တော့ဘူး။
အခုလေးတင် တင်ဂိုယာဆိုတဲ့ သူရဲကောင်းတစ်ယောက်ကို
သတ်ပြီး သူရဲ့ နေသီယံအင်ပါယာကို
ကျုပ်တို့ ဖီယိုနီရေဒင်အင်ပါယာထဲ သွတ်သွင်းခဲ့ပြီလေ။
ဂိုယာကို သတ်ပြီး အင်ပါယာတစ်ခုကို သိမ်းပိုက်နိုင်လိုက်တော့
ဘုရင်ကြီးက ကျုပ်ကို ဆုတော်လာဘ်တော်တွေ
ချီးမြှင့်တယ်ဗျ။ ပါးစပ်ကလည်း ငါ့သားဆိုတာ မချတော့ဘူး။
ကျုပ်က ဆုတော်တွေ မမက်ပါဘူး။ ကျုပ်နဲ့ ကျုပ်မိသားစုလေး
ငြိမ်းငြိမ်းချမ်းချမ်းနေရရင်လည်း ကျေနပ်ပါပြီ။
၅ လခန့်ကြာသော်...
ကျုပ်အခုစီးချင်းထိုးရတော့မယ်။
နှစ်ဖက်စစ်သည်တွေရှေ့မှာပေါ့။
တစ်ဖက်က ကျုပ်နဲ့ စီးချင်းထိုးရမယ့်
စစ်သူရဲကောင်းကလည်း ကျုပ်လိုပဲ နာမည်ကြီးတယ်။
ရိုဒီယေအင်ပါယာရဲ့ ဂန္ထဝင်စစ်သူရဲကောင်း ဂါရေးဆိုပဲ။
"စန်ဇာ... စန်ဇာ... စန်ဇာ"
ဟော... ကျုပ်စစ်သည်တွေ ကျုပ်ကို အားပေးနေကြပြီ။
ဘုရင်ကြီးရှိရာဆီကို တစ်ချက်လှမ်းကြည့်တော့
"ငါ့သား ကြိုးစားထား" လို့ အသံမထွက်ဘဲ ပါးစပ်လှုပ်ရုံလှုပ်ပြီး



ပြောလိုက်တာတွေ့ရတယ်။
ဒီလိုနဲ့ "ငါ့မိသားစုတွေအတွက်ကွ" လို့ စိတ်ထဲက ကြုံးဝါးပြီး
တစ်ဖက်ရန်သူဆီ ဓားကို ဝင့်မြှောက်လို့
ကျုပ်တိုးကပ်သွားလိုက်တယ်။
ကြောက်ခမန်းလိလိတိုက်ကွက်တွေ
ကြောက်ခမန်းလိလိ ဓားချက်တွေ အောက်မှာ ကျုပ်တို့
သူသေကိုယ်သေတိုက်ခိုက်နေကြတယ်။
တစ်ဖက်ရန်သူရဲ့ ဓားချက်တွေကို
ကျုပ်တစ်ချက်ပြီး တစ်ချက်ရှောင်ခဲ့ပေမယ့်
နောက်ဆုံးတစ်ချက်ကိုတော့ ရှောင်ဖို့ မမှီလိုက်ဘူး။
မျက်လုံးထောင့်စွန်းက ဓားသွားကို မြင်လိုက်ချိန်မှာ
ရှောင်ဖို့က တော်တော်နောက်ကျသွားခဲ့ပြီလေ။
ဒီလိုနဲ့ လည်ပင်းက ဒဏ်ရာကို လက်နဲ့ဖိရင်း
သေအံ့မူးမူးကျုပ်၊ ကျုပ်မိသားစုအသက်ကိုရန်
မရှာပါနဲ့ပြောဖို့ ဘုရင်ကြီးဆီ လှည့်ကြည့်မိတော့
ဘုရင်ကြီးရဲ့ နှုတ်ခမ်းနှစ်လွှာက
လှုပ်တယ်ဆိုရုံလေး ထပ်လှုပ်သွားတယ်။
"အသုံးမကျတဲ့ကောင်" တဲ့။
ဆောက်တည်ရာမရခြင်း။
မိသားစုအတွက်စိုးရိမ်ခြင်းတို့နှင့်အတူ
ကျုပ်ခန္ဓာကိုယ် မြေပြင်ပေါ်ပစ်လဲသွားတယ်။
စိတ်ထဲမှာလည်း သေရမှာ ကြောက်လာသလို
မျက်လုံးထဲမှာလည်း ကျုပ်သတ်ခဲ့တဲ့သူတွေ

မျက်လုံးထဲမှာလည်း ကျုပ်သတ်ခဲ့တဲ့သူတွေ
သူတို့ကို မသတ်ဖို့ တောင်းပန်ကြပုံတွေကို မြင်လာတယ်။
နောက်ပြီး "ငါ့မိသားစုအတွက်"လို့ကြုံးဝါးပြီး
ကျုပ်သူတို့ကို သတ်ဖြတ်ခဲ့ပုံတွေရောပေါ့။
ဒီလိုနဲ့ ကျုပ်ရဲ့ အမြင်အာရုံတွေ ဝါးလာတယ်။
ကျုပ်ရဲ့ ခြေဖျားလက်ဖျားတွေ အေးလာတယ်။
ကျုပ်ရဲ့ နှလုံးခုန်သံလေးတိုးသွားတယ်။
ကျုပ်... ကျုပ်.......................။

×××

ကျုပ်နာမည်က ဂါရေး။
ရိုဒီယေအင်ပါယာရဲ့ ဂန္တဝင်စစ်သူရဲကောင်းပေါ့။
ပြောရမယ်ဆို ဘုရင်ကြီးက ကျုပ်ကို သိပ်သဘောကျတယ်။
ဘယ်တော့မဆို "ငါ့သား"လို့ခေါ်တတ်သလို
ကျုပ်ကို သူ့သားလိုပဲ သဘောထားတယ်လို့ အမြဲပြောတယ်။
ဒါပေမဲ့ ကျုပ်မယုံဘူး။
ဒီအဘိုးကြီးက သူ့လိုအပ်ချက်အတွက်
ကျုပ်ကို အချိုသပ်နေတာ သက်သက်ပါ။
သူဘယ်လိုပဲ "ငါ့သားလို့ခေါ်ခေါ်
သူနဲ့ ကျုပ်နဲ့ ဆက်ဆံရေးက အပေးအယူအပေါ်
မူတည်နေတာပါပဲ။ သူလိုချင်တဲ့ အင်ပါယာတွေရဖို့
ကျုပ်ကူညီပေးတယ်။ သူရဲ့ဘက်ကလည်း ကျုပ်လိုချင်တဲ့
စည်းစိမ်ဥစ္စာနဲ့ ဂုဏ်သတင်းကျော်စောမှုကို ပေးတယ်။
ကျုပ်က ငယ်ငယ်လေးကတည်းက



အထိုးအခုတ်အတိုက်အခိုက်ဝါသနာပါတယ်။
ဒီလိုနဲ့ အရွယ်ရောက်တော့ စစ်မှုထမ်းတယ်။
ကျုပ်တိုက်ရည်ခိုက်ရည်ကြောင့်
တဖြည်းဖြည်းနာမည်ရလာတယ်။
နောက်ဆုံးတော့ ခုလို ဘဝမျိုးရောက်လာတယ်ပေါ့ဗျာ။
ကျုပ်အလုပ်က လူသတ်ရတဲ့အလုပ်။ အမှန်အတိုင်းပြောရရင်
ကျုပ်လက်နဲ့ သတ်ခဲ့သူတွေ
ဘယ်နှယောက်ရှိပြီလဲရေတောင် မရေနိုင်တော့ဘူး။
အခုလေးတင် စန်ဇာဆိုတဲ့ သူရဲကောင်းတစ်ယောက်ကို
သတ်ပြီး သူရဲ့ ဗီယိုနီရေဒင်အင်ပါယာကို
ကျုပ်တို့ ရိုဒီယေအင်ပါယာထဲ သွတ်သွင်းခဲ့ပြီလေ။
စန်ဇာကို သတ်ပြီး အင်ပါယာတစ်ခုကို သိမ်းပိုက်နိုင်လိုက်တော့
ဘုရင်ကြီးက ကျုပ်ကို ဆုတော် လာဘ်တော်တွေ
ချီးမြှင့်တယ်ဗျ။ ပါးစပ်ကလည်း ငါ့သားဆိုတာ မချတော့ဘူး။
သူပြောနေတယ်ဆိုတာ သူ့မျက်နှာမှာ အတိုင်းသားပဲ။
အေးပေါ့လေ။ သူပျော်မှာပေါ့။ သူလိုချင်တာ ရသွားပြီပဲကိုး။
ကျုပ်လည်း ကျုပ်လိုချင်တဲ့
စည်းစိမ်တွေနဲ့ ဂုဏ်သတင်းကျော်စောမှုတွေရတော့
ပျော်တာပဲမဟုတ်လား။
၅ လခန့်ကြာသော်...။
ကျုပ်အခုစီးချင်းထိုးရတော့မယ်။
နှစ်ဖက်စစ်သည်တွေ ရှေ့မှာပေါ့။
တစ်ဖက်က ကျုပ်နဲ့ စီးချင်းထိုးရမယ့်

စစ်သူရဲကောင်းကလည်း ကျုပ်လိုပဲ နာမည်ကြီးတယ်။
အေသီယေအင်ပါယာရဲ့ ဂန္ထဝင်စစ်သူရဲကောင်း ဇိုင်ယွန်ဆိုပဲ။
"ဂိုရေး... ဂိုရေး... ဂိုရေး"
ဟော... ကျုပ်စစ်သည်တွေ ကျုပ်ကို အားပေးနေကြပြီ။
ဖခင်ဘုရင်ကြီးရှိရာကို တစ်ချက်လှမ်းကြည့်တော့
"ငါ့သား ကြိုးစားထား" လို့ အသံမထွက်ဘဲ ပါးစပ်လှုပ်ရုံလှုပ်ပြီး
ပြောလိုက်တာတွေ့ရတယ်။
ဒီလိုနဲ့ "ငါစည်းစိမ်တွေနဲ့ ဂုဏ်သတင်းကျော်စောမှုအတွက်ကွ" လို့
စိတ်ထဲက ကြုံးဝါးပြီး
တစ်ဖက်ရန်သူဆီ ဓားကို ဝင့်မြှောက်လို့
ကျုပ်တိုးကပ်သွားလိုက်တယ်။

လင်းမြတ်

□ □ □

# အပူသည်

"လူတွေက ကျွန်တော်တို့ကိုဆို တယ်ပြောကြတယ်ဗျ။
ခေါင်းပေါ်မှာ အပူအပင်တွေတင်ပြီး
တစ်သက်လုံးနေရတယ် ဘာညာပေါ့"
ကုန်ခါနီးဖယောင်းတိုင်တစ်တိုင်က သူ့ခေါင်းထက်က မီးစကို
လှုပ်တုတ်တုတ်လုပ်ရင်း ရင်ဖွင့်ရှာသည်။
ထို့နောက် ... သူကပင်ဆက်၍
"အမှန်ဆို ကျွန်တော်တို့ကမှ တော်သေးတယ်ဗျ။
ဒီတစ်ခုကိုတော့ လူတွေမသိကြဘူး"
သူ့စကားအထူးအဆန်းကြောင့် ကျွန်တော်စိတ်ဝင်စားသွားမိသည်။
သူကတော့ သိပ်မထူးခြားဟန်နှင့် သူ့စကားကို ဆက်သည်။
"ကြည့်ကြည့်လေ၊ ကျွန်တော်တို့က အပူတွေ
ခေါင်းပေါ်တင်ရတယ်ဆိုဦး နာရီပိုင်းသာသာလောက်ရယ်။
ဟိုတစ်ယောက်ကို ကြည့်ကြည့်စမ်း ..."
ရုတ်တရက် ဖယောင်းတိုင်က မီးအိမ်ကြီးဆီ မေးငေါ့ပြသည်။
"သူတို့ခမျာ လနဲ့ နှစ်နဲ့ချီအောင် အပူတွေကို
ရင်ဘတ်ထဲ ထည့်ထားကြရရှာတာ။
သူတို့ထက်စာရင်တော့ ကျွန်တော်တို့က တော်သေးတာပေါ့"
ထို့နောက် ဖယောင်းတိုင်၏ စကားသံတို့ တဖြည်းဖြည်း
တိတ်ဆိတ်သွား၏။ ဒီအတိုင်းသာဆို မီးအိမ်ကြီးကို
သူခဏခဏ ရေပတ်တိုက်ပေးရတော့မည်။

လင်းမြတ်

□ □ □

## ကျွန်တော့်နိဗ္ဗာန်ဘုံလေး ပြန်ရှာပေးပါ

"ငါ့နောက်လိုက်ခဲ့မလား"
လေပြေစကားသံကိုကြားတော့ ရွှတ်စိမ်းမျက်နှာလေးက
မျှော်လင့်ချက်အရောင်ကြောင့် ဝင်းပသွားသည်။
သို့သော် သူ့အပြုံးတွေက ကြာရှည်မခံ။
ခဏအတွင်းမှာပင် မျက်နှာလေးပြန်အုံ့မှိုင်းသွားပြီး
"သွားနှင့်ပါဗျာ။ ကျွန်တော်က ရိုးတံကြီးနဲ့"
လေးတွဲ့ဖျော့တော့လှသည့် သူ့ဖြေသံကိုကြားတော့
လေပြေက ပခုံးတွန့်ပြပြီး သူ့လမ်းသူဆက်သွားသည်။
ရွက်စိမ်းမှာသာ
ပျော်ရွှင်မြူးတူးစွာ ထွက်ခွာသွားသည့်
လေပြေကျောပြင်ကို
မျက်စိတစ်ဆုံးငေးကြည့်ရင်း။

×××



"ဟေး... ရွက်စိမ်းရေ။
တို့တွေ လေပြေနဲ့ လိုက်သွားကြတော့မလို့ဟေ့"
ရွက်စိမ်းသူ့ကို ခေါ်သံကြား၍ အောက်ငုံ့ကြည့်လိုက်တော့
ခုလောလောလတ်လတ်လေးမှ ကြွေကျသွားသည့်
ရွက်ဝါတစ်အုပ်က သူ့ကို လှမ်းနှုတ်ဆက်နေသည်ကို
တွေ့လိုက်ရ၏။
"သွားကြတော့မှာလားဗျ"
ရွက်စိမ်းမေးသံကြားတော့ ရွက်ဝါအုပ်ထဲမှ
ခေါင်းဆောင်ဖြစ်ဟန်တူသူက ရွက်စိမ်းကို ပြုံးကြည့်ရင်း
"အေး တို့တွေသွားကြတော့မလို့ကွ။
လေပြေနဲ့ တို့မသွားဘူးတဲ့နေရာတွေကို သွားကြမလို့လေ။
တချို့နေရာတွေက တို့အခု နေနေတဲ့နေရာလိုမဟုတ်ဘူးတဲ့။
အရမ်းလှတယ်ဆိုပဲ။
တို့တွေလည်း ရောက်ဖူးတယ်ရှိအောင်ပေါ့ကွာ။
ပြောလို့မရဘူးဟေ့။ တခြားနေရာက
ရွက်ဝါမချောချောလေးတွေနဲ့တွေ့လို့
အစွံထုတ်သင့်လည်း ထုတ်ကြမှာပေါ့ကွာ"
အောက်က အရွယ်ရောက်ရွက်ဝါတစ်အုပ်က
သူတို့စိတ်ကူးအိပ်မက်တွေအကြောင်း မစားရ
ဝခမန်းပြောတာကြားတော့
ရွက်စိမ်း ကိုယ့်ဘဝကိုယ် အားမလိုအားမရဖြစ်မိသည်။
"ငါဘယ်တော့မှ ရွက်ဝါဖြစ်ရမှာလဲ။ ငါဘယ်တော့မှ
ငါ့စိတ်ကူးအိပ်မက်တွေကို အကောင်အထည်ဖော်ခွင့်ရှိမှာလဲ"

ရွက်စိမ်းမချိုတင်ကဲဖြင့် တိတ်တဆိတ်ရေရွတ်နေမိသည်။
သို့သော် သူ့အတွေးစတို့က
ရွက်ဝါတစ်အုပ်၏ တပ်လှန့်သံအောက်တွင်
ပြတ်တောက်သွားကြသည်။
"ဟော... လေပြေလာပြီ"
ဒီစကားကြားတော့ အောက်က ရွက်ဝါတစ်အုပ်သာ မဟုတ်။
ရွက်စိမ်းပါ လှုပ်လှုပ်ရွရွဖြစ်လာသည်။
စိတ်လှုပ်ရှားစွာဖြင့် အောက်ကို ငုံ့ကြည့်မိတော့
လေအသင့်ဝယ် အလိုက်သင့် လွင့်ပါသွားကြသည့်
ရွက်ဝါတစ်အုပ်ကို အားကျဖွယ်ရာ တွေ့လိုက်ရသည်။
"ရွက်စိမ်းရေ ငါတို့သွားပြီဟေ့။ နောက်တော့မှ
ငါတို့နောက်လိုက်ခဲ့ပေါ့"
သူတို့စိတ်ကူးအိပ်မက်တွေကို
အကောင်အထည်ဖော်ခွင့်ရပြီဆိုသည့် အသိကြောင့်
ရွက်ဝါတို့၏ အသံတွေ၊ ဟန်တွေက တက်ကြွနေ၏။
ရွက်စိမ်းကတော့
တဖြည်းဖြည်းပါးလျသွားသည့် ရွက်ဝါတို့ နှုတ်ဆက်သံကို
နားထောင်ရင်း အားကျနေရုံသာ။

×××

ကိုယ့်ဘဝကိုယ် စိတ်ပျက်နေမိပေမယ့်
ရွက်စိမ်း၏ မျှော်လင့်ချက်တွေကတော့ ပျက်ပြယ်မသွား။
သူရွက်ဝါဖြစ်လျှင်
လေပြေနှင့် ဘယ်လိုမျောလွင့်ပစ်လိုက်မည်။



လေပြေနှင့်အတူ ဘယ်လိုနေရာတွေကို
ဘယ်လိုသွားပစ်လိုက်မည်ဟု
စိတ်ထဲမှာတော့ အမြဲတွေးနေတတ်သည်။
ဒီတော့ အခြားသူများပြောသလို သူအချိန်ကိုစောင့်သည်။
သူ့ကိုယ်ပေါ်မှာ ရွှေဝါရောင်
အစက်အပျောက်လေးတွေဖြစ်လာလျှင် သူပျော်ရသည်။
သို့နှင့် ရက်ကို လစား၊ လကို နှစ်စားရင်း တစ်နေ့တော့...။
သူ့မျက်လုံးကို ဖွင့်မိမိချင်း တစ်ခုခုပြောင်းလဲနေသည်ဆိုတာ
သေချာပေါက်သိလိုက်သည်။
ကောင်းကင်ကြီးက ပိုရှင်းလင်းနေသည်။
လေနုအေးလေးကို ပိုခံစားရသည်။
တစ်ခါမှ မကြုံဖူးသည့် အဖြစ်အပျက်မို့ အံ့သြစိတ်ဖြင့်
ဘေးဘီဝဲယာလှမ်းကြည့်မိတော့
ဟာင် ...
သူ့မှာ သူ့မှာ ရိုးတံရှိမနေတော့။
အလွန်အမင်းဝမ်းသာစိတ်ကြောင့် မြူးတူးခုန်ပေါက်မိတော့
သူ့ဘေးနားက ရွက်ဝါတွေကပါ နိုးလာပြီး
သူတို့မှာ ရိုးတံမရှိတော့သည့်အဖြစ်ကို
အံ့သြဝမ်းသာဖြစ်နေကြ၏။
"ငါတို့လွတ်လပ်နေပြီကွ။ ငါတို့စိတ်ကူးအိပ်မက်တွေကို
ငါအကောင်အထည်ဖော်ခွင့်ရပြီဟေ့"
ငါတို့ကြွေးကြော်သံတွေက ကြက်သီးဖြန်းဖြန်းထဖွယ်။

×××

ဘာလိုလိုနှင့် သူတို့တွေ ရှက်ဝါဖြစ်တာတောင်
နည်းနည်းကြာခဲ့လေပြီ။ ဒီအတောအတွင်း
ကိုယ့်လိုဘဝတူရှက်ဝါများနှင့် သိက္ခမ်းခင်မင်ခွင့်လည်းရခဲ့သည်မို့
အပေါင်းနှင့် အသင်းနှင့် ဖြစ်နေလေပြီ။
"ငါကတော့ အိုဗာဒ်ပင်လေးလောက်ပဲရောက်ချင်ပါတယ်ကွာ"
ဒီလိုပြောသူများလည်း ရှိသည်။
"ဟို ဟေ့ တို့ကတော့ ဟိုးအဝေးကြီးထိရောက်ရမယ်ကွ"
ဒီလိုပြောသူတွေလည်းမရှား။
ဘာပဲပြောပြော အားလုံးမှာတော့
ကိုယ့်မျှော်လင့်ချက်နှင့် ကိုယ်ပင်ဖြစ်သည်။
"ဟော လေပြေလာပြီ"
တပ်လှန့်သံအကြားတွင်
သူတို့အားလုံး၏ခေါင်းများ ထောင်သွားသည်။
သူတို့စိတ်ကူးတွေအတိုင်း ဖြစ်လာတော့မည်မို့
အားလုံးကစိတ်လှုပ်ရှားနေကြသည်။
သုတ်ခနဲတိုက်လိုက်သည့် လေပြေတစ်ချက်တွင်
သူတို့အားလုံး မြောက်တက်သွားကြသည်။
သို့သော် လေအားကနည်းသည်။ သိပ်ဝေးဝေးမရောက်။
နဂိုနေရာနှင့် မလှမ်းမကမ်းလောက်သာ
သူတို့ရောက်ကြသည်။
"ဟာ... ဘယ်လိုလဲကွာ။ ဒါလား ငါတို့မျှော်လင့်ခဲ့တဲ့အရာ"
မျှော်မှန်းထားသလိုဖြစ်မလာခဲ့တော့
တချို့က စိတ်ပျက်အားလျော့သွားကြသည်။



"တော်ပါပြီ။ ဖြစ်ချင်တာဖြစ်တော့ ဒီနေရာမှာပဲနေတော့မယ်။
ဝေးဝေးလည်းမရောက်ချင်တော့ဘူး"
တချို့ကတော့ လက်မြှောက်အရှုံးပေးလိုက်ကြသည်။
လေပြေနောက်တစ်ခေါက်ထပ်တိုက်ဖို့ မျှော်လင့်နေသူဆိုလို့
လက်တစ်ဆုပ်စာခန့်မျှသာ ကျန်ခဲ့၏။
မသွားဖို့။ အားမလျော့ဖို့ ဖျောင်းဖျပေမယ့် အချည်းနှီးသာမို့
မလိုက်ချင်တော့သည့်သူများကို ဆွဲမနေဖို့
သူတို့ဆုံးဖြတ်လိုက်ကြသည်။
အမှန်တကယ်ဖြစ်ချင်သူတွေကိုတော့
သိပ်မကြာခင်မှာပဲ ကံတရားကမျက်နှာသာ ပေးလာ၏။
"ဟော လေပြေထပ်လာပြီ"
တက်ကြွလှသည့်စိတ်ကိုဆော်ဩသံက
အားလုံး၏စိတ်ကို ကူးစက်သွားစေသလိုပင်။
သူတို့သွေးကြောတွေ တဖျင်းဖျင်းလည်လာသလိုခံစားမိကြပြီး
အံတွေကိုတင်းတင်းကြိတ်ကာ
လေပြေနှင့်နောက်တစ်ခေါက်ထပ်မောလွင့်ရန်
သူတို့ပြင်ဆင်လိုက်သည်။
သို့သော် ခုတစ်ခေါက်လေက နည်းနည်းကြမ်းသည်မို့
သူတို့သင်္ဘောမကောင်းဖြစ်လာသလို စိုးလည်းစိုးရိမ်လာမိသည်။
မဟုတ်ပါစေနဲ့လို့ ဆုတောင်းနေသော်လည်း
ဆုတောင်းတွေမပြည့်ခဲ့။
"မုန်တိုင်းကြီးဟေ့။ ဒါမုန်တိုင်းကြီးကွ"
အော်သံ၊ ဟစ်သံ၊ ငိုကြွေးသံတွေအဆုံးမှာတော့

တွဲထားခဲ့သည့် သူတို့လက်တွေအားလုံး
နောက်တစ်ကြိမ် ပြန်ပြုတ်သွားခဲ့ရသည်။

××××

သူ့မျက်စိကို ပြန်ဖွင့်မိတော့ မြင်နေကျမဟုတ်သည့်
မြင်ကွင်းတွေက စောင့်ကြိုနေသည်။
သူမမြင်ဖူးသော သစ်ပင်ကြီးတွေ၊ သူမမြင်ဖူးသော
ရွက်စိမ်းတွေ သူနှင့် မကျွမ်းဝင်သော မျက်နှာစိမ်းတွေ
"ဒါ... ဒါဘယ်နေရာလဲ။ ငါဘယ်ရောက်လာတာလဲ။
ငါ့သူငယ်ချင်းတွေရော ဘယ်မှာလဲ"
သူသွေးရူးသွေးတန်းနှင့်
သူငယ်ချင်းတွေကို လိုက်ရှာမိသော်လည်း
တစ်ယောက်မှ မတွေ့။ အားလုံးက အစိမ်းသက်သက်
အေးစက်စက်ပတ်ဝန်းကျင်ကြီးသာ။
"ငါလုပ်နိုင်ခဲ့တာလား။ ငါလုပ်နိုင်ခဲ့ပြီလား။
ဒါငါရူးသွပ်ခဲ့တဲ့ဘဝလား"
ကြည်လင်သည့် ကောင်းကင်
ညက်ညောသည့် လေနုအေးတို့က တခြားသူများဖို့
အပန်းပြေချင်စရာဖြစ်သော်လည်း သူ့အတွက်တော့
ထူးခြားမှုမရှိ။
စရောက်ကာမဗို့ တစ်ကိုယ်တည်း
ကြောင်အမ်းအမ်းဖြစ်နေသည့် သူ့ကို အရင်ရောက်နှင့်
နေသူတွေက လာနှုတ်ဆက်ကြသည်။
လက်ကမ်းပေးကြသည်။ ပြုံးပြကြသည်။



သို့သော် အားလုံးက အေးတိအေးစက်။
လောကဝတ်ယဉ်ကျေးမှု အရသာ
သူပြန်လည်နှုတ်ဆက်မိသည်။ သူပြန်လည်ပြုံးပြမိသည်။
သူ့စိတ်ထဲမှာလည်း အေးစက်စက်ပင်။
ဘယ်မလဲ နွေးထွေးမှု။ ဘယ်မလဲ စစ်မှန်မှု။
မြေပုံမပါဘဲ ရတနာသိုက်လိုက်ရှာနေသူတစ်ယောက်လို
သူသာ အသက်တွေကြီးခဲ့သည်။ သူရှာဖွေသည့် အရာက
ထပ်ပေါ်မလာတော့။
ဤသို့ဖြင့် ........................................................................
..............................................................................................
..............................................................................................။

×××

အတုတွေနှင့် နေရတာကြာတော့
သူတောင် အပြုံးတုတွေ ပြုံးတတ်ခဲ့ပြီ။
နောက်ထပ်ရောက်လာသည့် ဂျူနီယာရွက်ဝါလေးတွေကို
စိတ်ထဲက မပါသည့် စကားတွေပြောပြီး
လက်ဆွဲနှုတ်ဆက်တတ်နေလေပြီ။
တစ်ချိန်ကတော့ လေနှင်ရာမျောလွင့်ရသည့်
ရွက်ဝါဘဝကို အားကျခဲ့ဖူးသည်။
သို့သော် ယခုတော့ တည်ငြိမ်အေးချမ်းသည့်
ရွက်စိမ်းဘဝလေးကိုသာ အချိန်ရှိတိုင်း
ပြန်တမ်းတနေမိသည်။

လင်းမြတ်

□ □ □

# သူစိမ်းလို

(၁) အိပ်ယာက နိုးနိုးချင်းပဲ ဦးခေါင်းတစ်ခုလုံး
နောက်ကျိရှုပ်ထွေးနေတာကို သတိထားမိလိုက်သည်။
သူက စာဖတ်ရင်း အိပ်ယာဝင်တာ နောက်ကျခဲ့လို့နှင့်
တူသည်။ ခေါင်းက လုံးဝမကြည်လင်။

(၂) အခန်းထဲက ထွက်လာတော့ ဆွမ်းတော်ကပ်ရန်
ပြင်ဆင်နေသော အမေ့ကို တွေ့လိုက်ရသည်။
အမေက ထုံးစံအတိုင်း အေးချမ်းစွာ ပြုံးပြရင်း
နိုးပြီပေါ့ဟု နှုတ်ဆက်သည်။
ကျွန်တော် ဘာမှပြန်မပြောမိ။
သုန်မှုန်နေသော မျက်နှာထားနဲ့သာ
ရေချိုးခန်းဘက်ထွက်လာခဲ့သည်။
အမေကတော့
ဘယ်လိုအတွေးတွေနဲ့ ကျန်ခဲ့မည်မသိ။



ကျွန်တော်ခေါင်းကိုက်နေသည်။
ရေချိုးခန်းထဲရောက်တော့ မိပုံ့နှင့် ဆုံသည်။
မိပုံ့သည် ကျွန်တော့်ညီမလေးဖြစ်သည်။
မိပုံ့က စနောက်တတ်သည့် သူ့ထုံးစံအတိုင်း
ကျွန်တော့်ကို ကလိထိုးကာ ထွက်ပြေးသွားသည်။
စိတ်တိုစွာဖြင့် ကျွန်တော် အော်ဟစ်ကျိန်းမောင်းလိုက်မိသည်။
မိပုံ့ ဘယ်လိုခံစားသွားရမည်ကို ကျွန်တော်မသိ။
ကျွန်တော်ခေါင်းကိုက်နေသည်။
ထမင်းစားခန်းထဲဝင်လာတဲ့အထိလည်း
စိတ်က မကြည်လင်လာသေး။ ထမင်းစားပွဲပေါ်တွင်
တင်ပြီး ဖွင့်ထားသော အဖိုး၏ ရေဒီယိုမှ တဂွီးဂွီးအသံကြီးက
ခေါင်းကို ပိုပြီး နောက်ကျိစေသည်။
ရေဒီယိုပါဝါခလုတ်ကို စိတ်မရှည်စွာ ပိတ်ပစ်လိုက်ပြီး
သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို
ဒီတိုင်းထားပစ်ခဲ့တာ ဆူညံနေတာပဲဟု ရေရွတ်ပြီး
ထမင်းချိုင့်ဆွဲကာ ထွက်လာခဲ့သည်။
အဖိုးမည်သို့သော ခံစားမှုတွေနှင့် ကျန်နေခဲ့မည်ကို
ကျွန်တော်မသိ။ ကျွန်တော်ခေါင်းကိုက်နေသည်။
ခြံပေါက်ဝရောက်တော့ အဖေက ဖုန်းတစ်လုံးနှင့်
အလုပ်ရှုပ်နေသည်။ ကျွန်တော့်အိမ်ထဲက ထွက်လာ
တာတွေ့တော့ အဖေက သူ့ဖုန်းလေးကို ကမ်းပေးရင်း
ဖုန်းလာရင် အသံမကြားရလို့ဟုဆိုကာ ကျွန်တော့်ကို
ကြည့်ခိုင်းသည်။ စိတ်မရှည်စွာ လှမ်းယူလိုက်ရင်း

စက္ကန့်ပိုင်းလေးအတွင်းမှာ အသံကြားရအောင်
ပြန်လုပ်ပေးလိုက်သည်။ မသိရင်လည်း ဟိုနှိပ်ဒီနှိပ်
လျှောက်မနှိပ်ဖို့ကောင်းသည်ဟု ရေရွတ်လိုက်မိသည်။
အဖေကတော့ ဘယ်လိုခံစားချက်နဲ့ ကျန်နေခဲ့မည်ကို
ကျွန်တော်မသိ။ ကျွန်တော်ခေါင်းကိုက်နေသည်။
လမ်းထိပ်ရောက်တာ ဆယ့်ငါးမိနစ်တိတိရှိနေပြီ။
မြတစ်ယောက်အခုထိ လမ်းထဲက ထွက်မလာသေး။
နောက်ငါးမိနစ်လောက်ကြာတော့မှ မြတစ်ယောက်
မပြေးရုံတစ်မယ်ခြေလှမ်းတွေနှင့် ကျွန်တော့်ထံ
ရောက်လာသည်။ စိတ်တိုတိုနှင့် မြကို ဘာစကားမှ
မဆိုဖြစ်။ မြကလည်း ကျွန်တော့်အရိပ်အခြည်ကို
ကြည့်ကာ ဘာစကားမှမဆို။ ကျွန်တော်နောက်ကသာ
ကျွန်တော့်ခြေလှမ်းတွေကို မီအောင် အပြေးလေး
လိုက်လာသည်။ မြဘာလို့ နောက်ကျနေရသည်ဆိုသော
အကြောင်းတရားကို ကျွန်တော်မမေးမိ။
ကျွန်တော်ခေါင်းကိုက်နေသည်။

(၃) လုပ်ငန်းခွင်ဝင်တော့ အရောင်းဝန်ထမ်းတစ်ယောက်
ဖြစ်နေခြင်းကြောင့် လူပေါင်းစုံနှင့် ထိတွေ့ဆက်ဆံ
ရတော့သည်။ အမေ့ကို အိမ်မှာ ဆက်ဆံခဲ့သလိုမျိုး
Customer များကို မှန်ကုတ်ကုတ်အနေအထားနှင့်
ဆက်ဆံလို့မရ။ သူတို့သည် သူစိမ်းများဖြစ်သောကြောင့်
အမှားမခံ။ ကျွန်တော်ပြုံးထားရသည်။
ကျွန်တော်ခေါင်းကိုက်နေသည်။



ထမင်းစားချိန်ရောက်တော့ သူငယ်ချင်းများ၏
နောက်ပြောင်မှုများနှင့် ကျီစယ်မှုများစွာနှင့်
ကြုံဆုံရပြန်သည်။ ညီမလေးမိပုံ့ကို မနက်က
စိတ်ရှုပ်ထွေးစွာ အော်ဟစ်ပစ်ခဲ့သလို သူတို့ကို
ဒေါသထွက်လို့မရ။ သူတို့သည် သူစိမ်းများဖြစ်တာကြောင့်
ခွင့်လွှတ်မည်မထင်။ ကျွန်တော်ပြန်စနောက်ရသည်။
ကျွန်တော်ခေါင်းကိုက်နေသည်။
ဆိုင်နှင့် မျက်နှာချင်းဆိုင် အလှူခံမဏ္ဍပ်တစ်ခုမှ
လော်စပီကာ၏ အသံက ဆူညံလွန်းလှသည်။
နေအပူချိန်ပြင်းလှသော ဒီလိုအချိန်ဒီလိုရာသီမှာ
ဒီလောက်ကြီးထိ ဆူညံနေအောင် ဖွင့်ထားဖို့
မကောင်းဟု တွေးမိသည်။ ဖြစ်နိုင်လျှင် အဖိုး၏
ရေဒီယိုကို ပိတ်ပစ်ခဲ့သလို သွားပိတ်ပစ်ချင်သည်။
သို့သော် သူစိမ်းများဖြစ်သောကြောင့် ကျွန်တော့်အပေါ်
အဖိုးလို နားလည်ပေးမည်မထင်။ ကျွန်တော်
ငြိမ်ပြီးသာ နားဒုက္ခဆက်ခံနေလိုက်ရသည်။
ကျွန်တော်ခေါင်းကိုက်နေသည်။
အချို့Customer များသည် အမေးအမြန်းအလွန်
ထူလွန်းကြသည်။ ရှင်းပြသည်ကိုလည်း သေချာ
နားမထောင်။ အဖေ့အား မနက်က စိတ်မရှည်သလို
ဆက်ဆံခဲ့သလို ဆက်ဆံလို့မရ။ သူတို့သည်
သူစိမ်းများဖြစ်သောကြောင့် အဖေ့လို သည်းခံမည်
မထင်။ ကျွန်တော်အပြုံးတစ်ချက်မပျက်အောင်

ကြိုးစားထိန်းသိမ်းရင်း ဆက်လက်ရှင်းပြရောင်းချရသည်။
ကျွန်တော်ခေါင်းကိုက်နေသည်။
အလုပ်ဆင်းချိန် နီးကပ်နေပြီဖြစ်သော်လည်း
ငွေရှင်းမည့် ပုဂ္ဂိုလ်တွေက ရောက်မလာသေး။
တာဝန်ယူထားရသည့် ဒေပိုင်းကို ပြီးစီးသေချာစွာ
လုပ်ရမှာ ဖြစ်တာကြောင့် နောက်ကျသော ပုဂ္ဂိုလ်များအား
စိတ်ရှည်စွာ စောင့်ဆိုင်းရသည်။ သူတို့
ရောက်လာသော အချိန်တွင် မြနောက်ကျပြီးမှ
ရောက်လာသလို စိတ်တိုစွာ စကားမပြောဘဲ
နေလို့မရ။ သူတို့က သူစိမ်းတွေ ဖြစ်ကာကြောင့်
မြလိုသာ ပြုမူဆက်ဆံလိုက်ပါက ကျွန်တော့်အား
လူမှုရေးခေါင်းပါးသူအဖြစ် စွပ်စွဲကြတော့မည်။
နောက်ကျရသည့် အကြောင်းကို ယဉ်ကျေးစွာပင်
မေးမြန်း၍ လောကဝတ်စကားဆိုရသည်။
ကျွန်တော်ခေါင်းကိုက်နေသည်။

(၄) အလုပ်ဆင်းလာခဲ့သည်။ အိမ်အပြန်လမ်း
တစ်လျှောက်လုံး အဖေ အမေ အဖိုး ညီမလေးနှင့် မြ
တို့၏ ပုံရိပ်တွေက စိုးမိုး၍ လိုက်ပါလာသည်။
ကျွန်တော်စဉ်းစားသည်။ ကျွန်တော်သည် သူစိမ်း
များအပေါ်တွင် အပြုံးမပျက်သည်းခံ၍
ဆက်ဆံနိုင်သလောက် ကျွန်တော့်အပေါ်ချစ်သော
ကျွန်တော့်အပေါ် နားလည်ခွင့်လွှတ်ပေးနိုင်သော
မိသားစုနှင့် ချစ်သူအပေါ်တွင်တော့ ကျွန်တော့်စိတ်ထဲ



ရှိသလို ကျွန်တော့်စိတ်ထဲ ထင်သလို ပြုမူဆက်ဆံမိခဲ့သည်။
သူစိမ်းများ၏ စိတ်ထဲက ကျွန်တော့်အပေါ် ငြိုငြင်သွားမှာကို
စိုးရိမ်မိသလောက် မိသားစုနှင့် ချစ်သူ၏
စိတ်ခံစားချက်များကိုတော့ ကျွန်တော်လျစ်လျူရှုနေခဲ့
မိသည်။ သူစိမ်းတစ်ယောက်အပေါ်တွင်တောင်
စိတ်ခံစားချက်ကို ထိန်းသိမ်း၍ ဆက်ဆံနိုင်ခဲ့သည်ပဲ။
ကျွန်တော့်အပေါ်ချစ်သော မိသားစုနှင့် ချစ်သူအပေါ်
ဘာကြောင့် ကျွန်တော်မထိန်းသိမ်းနိုင်ရမလဲ။
ဒီနေ့မှစ၍ မိသားစုနှင့်ချစ်သူအပေါ် သူစိမ်းလို
ဆက်ဆံတော့မည်။

(၅) အိမ်ရောက်တော့ အမေတစ်ယောက်
ပန်းပင်လေးတွေကို ရေလောင်းရင်း ကျွန်တော့်ကိုတွေ့တော့
"ပြန်လာပြီလား သားကြီး" ဟု အပြုံးချိုချိုလေးနဲ့
နှုတ်ဆက်သည်။ ကျွန်တော်ခေါင်းကိုက်နေသည်။
သို့သော် မိသားစုနှင့် ချစ်သူအား ယနေ့မှစ၍
သူစိမ်းလိုပင် ဆက်ဆံတော့မည်ဟု
ဆုံးဖြတ်ထားသောကြောင့် ......................။ ။

လင်းမြတ်

□ □ □

## ၁၀၀

"ငါ မင်းအနောက်မလိုက်ချင်တော့ဘူးကွာ
ငါ့ကို ထားခဲ့ပြီးသွားပါတော့"
အနောက်ဆုံးက "သုည"က ရှေ့ဆုံးက "တစ်"ကို
စိုက်ကြည့်ပြီး လှမ်းပြောလိုက်သည်။ သူ့အကြည့်က
"မင်းလောက်တော့ ငါလည်း လုပ်နိုင်ပါတယ်။
မင်းမရှိလည်း ဖြစ်ပါတယ်"ဆိုသည့် သဘော။
ထိုအပြုအမူ၊ အပြောအဆိုတွေကို တွေ့ရတော့
"တစ်"တော်တော် စိတ်ပျက်သွားမိသည်။
"မင်းရူးနေလား၊ မင်းဟာ သုညတစ်လုံးနော်။
မင်းကို ဦးဆောင်မယ့်သူမရှိရင်..."
တစ်ကျန်သည့် စကားတွေကို
ဆက်ပြောဖို့ အင်အားမရှိတော့သည့်နှယ် သူ့အသံတို့က
တိမ်ဝင်သွားသည်။



"ကျစ်... မပြောနဲ့တော့ သုည။
ဒီစကားကို ငါမကြားခဲ့ဘူးလို့ သတ်မှတ်တယ်"
တစ်ခေါင်းဆောင်ပီသစွာ အလျှော့ပေးလိုက်သည်။
သူ့အနေအထား၊ သူ့အတွေ့အကြုံ၊
သူ့အခြေအနေတွေကြောင့်လည်း အငယ်တွေနှင့် ဖက်ပြိုင်ပြီး
ငြင်းမနေချင်။
သို့သော် စကားနည်းရန်စဲစေလိုသည့် သူ့ရည်ရွယ်ချက်ကို
သုညက လက်မခံ။
"မင်း ဘာပြောမှာလဲ တစ်၊
ဆက်ပြောလေကွာ၊ ငါက အဖြစ်မရှိတဲ့ကောင်ပါလို့
ငါက ဘယ်သူကိုမှ ဦးမဆောင်နိုင်တဲ့ ကောင်ပါလို့၊
ပြောဦးလေကွာ၊ မင်းပြောနေကျစကားတွေနဲ့
ငါ့ကို ထိုးနှက်ပါဦးကွ"
ဝမ်းနည်းနာကျည်းစွာ ပြောလိုက်သည့်
သုည၏ စကားတွေကိုကြားတော့ သူ့မှာ မပြောစရာ
စကားတွေအားလုံး ပျောက်ဆုံးသွားသလို။
"မဟုတ်သေးဘူး။ ငါ... ငါမင်းကို နှိမ်ခဲ့တာမဟုတ်ဘူး။
ငါတကယ်ကို စေတနာနဲ့"
"တော်စမ်းပါ မင်းစေတနာတွေ"
ကျယ်လောင်လှသည့် ဟန့်တားသံနှင့်အတူ
သုည၏ မျက်လုံးအစုံက စူးရဲနေ၏။
အလယ်က သုညကတော့ တစ်ကို တစ်လှည့်ကြည့်
သူ့သူငယ်ချင်းသုညကို တစ်လှည့်ကြည့်ရင်း

စိတ်အတော်အိုက်နေပုံပင်။
"မင်းရဲ့ စေတနာတွေ၊ မင်းရဲ့ မေတ္တာတွေ ပေါဒီမှာ...
ပေါ ဒီကောင်ကိုပဲ ပုံအောလိုက်။ ငါကတော့ မင်းရဲ့ စိတ်ကို
ဘယ်တော့မှ ယုံကြည်ပေးနိုင်မှာ မဟုတ်ဘူး"
အလယ်သုည၏ ပခုံးကို ပုတ်ကာ
ရင့်သီးသော စကားလုံးများနှင့် "တစ်"ကို တိုက်ခိုက်လိုက်ရတော့
သူအားရမိသည်။
တကယ်တော့ အလဲထိုးခံလိုက်ရသူတစ်ယောက်လို
သူ့မျက်နှာကို အောက်ငုံ့ထားရင်း
"ကောင်းပြီလေ၊ မင်းရွေးချယ်ခဲ့တဲ့လမ်း
မင်းယုံကြည်သလို လျှောက်ပေါ့ကွာ။
ငါ... တွဲဆက်ဖြုတ်ပေးလိုက်ပါ့မယ်"
ဘယ်လိုပင်တားတား တားလို့ရမည့် ပုံမပေါ်တော့ပြီမို့
နောက်ဆုံးက "သုည"ကို တွဲဆက်ဖြုတ်ပစ်ကာ
သူတို့ခရီးဆက်ခဲ့ကြ၏။
ရက်ကို လစား၊ လကို နှစ်စားရင်း
အချိန်တွေကြာမြင့်လာခဲ့သည်။
တစ်နေ့...။
ထိုလမ်းခွဲလေးသို့ သူတို့နောက်တစ်ကြိမ်ပြန်ရောက်လာခဲ့သည်။
သူတို့နောက်ပါးတွင်တော့ "သုည"
အသစ်တစ်လုံးနှင့်...။
"ဟိုးရှေ့မှာ သုညတစ်လုံးပါလား။ အဲဒီနေရာမှာရှိခဲ့တာ
အတော်ကြာပြီထင်တယ်။ ရေညှိတွေတောင် တက်နေပြီ"



နောက်ဆုံးက "သုညအသစ်"က မှတ်ချက်ပေးသည်။
ထိုမြင်ကွင်းကိုတွေ့တော့
အဖြစ်အပျက်အလုံးစုံကို သိထားသည့် အလယ်သုညက
စ်ကို ဖျတ်ခနဲလှမ်းကြည့်သည်။ ထို့နောက်
မဝံ့မရဲလေသံလေးဖြင့်
"တို့တွေသူ့ကို ပြန်လက်ခံကြမလား။ သူ့ကြည့်ရတာ
အတော်ကို နောက်တရနေပုံပဲ"
အလယ်က သုညပြောလိုက်သည့် စကားကြားတော့
"တစ်" ခဏငိုင်သွားသည်။ သူ့မျက်နှာထက်တွင်လည်း
စဉ်းစားရခက်နေသည့် ဟန်တွေက အထင်းသား။
"ငါဘာလုပ်ရမလဲ။ ငါဘာလုပ်သင့်သလဲ"
ခေါင်းကို လေးပင်စွာ ခါယမ်းရင်း ပင့်သက်ရှိုက်ကာ
သူရေရွတ်မိ၏။
ဟိုးအဝေးက သုညကလည်း သူ့ကို ပြန်လက်ခံဖို့
မျက်ဝန်းကတစ်ဆင့် အသနားခံနေသလို
နောက်ဖက်က သုညကလည်း ဘာမှမသိနားမလည်သည့်
ကလေးတစ်ယောက်ဟန်ဖြင့် သူ့ကို ပြန်ကြည့်နေသည်မို့
သူ့ခေါင်းကိုသာ ပြန်ငုံ့ထားမိသည်။
သူတစ်ခုခုတော့ လုပ်ရတော့မည်။
အရင်သုညကို ပြန်လက်ခံမလား၊ သုညအသစ်နဲ့ပဲ
ဒီခရီးဆက်ကြမလား...။ တွဲဆိုင်းပြည့်နေပြီမို့
နှစ်ခုထဲက တစ်ခုကိုသာ သူရွေးချယ်ရပေတော့မည်။
သူငုံ့ထားသော ခေါင်းကို ပြန်မော့လိုက်သည်။

အသက်ကို တစ်ဝကြီးရှူသွင်းလိုက်သည်။
နောက်ဆုံးတော့
ခိုင်မာပြတ်သားစွာ ဆုံးဖြတ်ပြီး ဟန်ဖြင့်
အံကို တင်းတင်းကြိတ်ကာဆိုသည်။
"ဟင့်အင်း… ငါတို့က ၁၀၀ ပြည့်နေပြီလေ။
သံယောဇဉ်ဆိုတာနဲ့သာ သူ့ကို ပြန်လက်ခံမယ်ဆို
နောက်ဆုံးက "သုညအသစ်"ကို ရက်ရက်စက်စက်
ချန်ထားရစ်ခဲ့မှပဲရလိမ့်မယ်။ ထားလိုက်ပါတော့…။
အားလုံးက လွန်ခဲ့ပြီးပြီပဲဟာ"
သို့နှင့်… သူတို့ဝေးသွားကြသည်။
ရေညှိတို့ကပ်နေသည့် သုညကတော့
သူတို့ကို မှုန်ရီဝေးသီစွာ ကြည့်ရင်း တဖြည်းဖြည်း
ကျန်ခဲ့သည်။

လင်းမြတ်

□ □ □

## နေထိပန်းများ နွမ်းကြသည်

"မင်္ဂလာကဗျာထဲကလိုပေါ့ကွာ။
လူမိုက်ဆိုလျှင်၊ ရှောင်သွေလွှဲလို့၊ မမှီဝဲနဲ့ကင်းအောင်နေ
လူမိုက်ဆိုတာလည်း မျိုးစုံရှိတယ်။
ဆေးလိပ်သောက်၊ အရက်သောက်၊ ဖဲရိုက်။
ဒီလိုမျိုးတွေနဲ့လုံးဝကို အပေါင်းအသင်းမလုပ်သင့်ဘူးကွဲ့
တပည့်တို့ရဲ့။ မြင်တာနဲ့ကို ဝေးဝေးကရှောင်ပေါ့ကွာ။"
စာသင်ခန်းထဲတွင် ဆရာအသံက လွှမ်းနေသည်။
အသင်အပြကောင်းသူမို့ တစ်တန်းလုံးလိုလိုက
အာရုံစိုက်နေကြသည်။
အားလုံးထဲက ကျွန်တော်တစ်ယောက်ကသာ
ကိုယ့်အတွေးနှင့်ကိုယ်ရှုပ်နေသည်။
"မင်းတို့ဟာ ကျောင်းသားတွေဖြစ်တယ်။
ကျောင်းသားတွေရဲ့ တာဝန်ဟာ စာလုပ်ဖို့… ။
ဟုတ်ရဲ့လားဟေ့… ။"
"ဟုတ်ပါတယ် ဆရာ။"
ကျောင်းသားများက ဆရာ့အမေးကို
တခဲနက်တုံ့ပြန်ကြသည်။
"ဒီတော့ စာသင်ချိန်မှာ
အာရုံမစိုက်တဲ့သူဟာ လူမိုက်ပဲ… ။
ဒီအတန်းထဲမှာလည်း လူမိုက်တစ်ယောက်
ရှိနေတယ်။"

"ဘယ်သူလဲဆရာ... ။"
အတန်းထဲတွင် အမြဲတမ်း အဆင့် (၁) ရလေ့ရှိသည့်
ယောကျ်ားလေးတစ်ယောက်က ထမေးသည်။
ဆရာ၏ခြေသံများက
တဖြည်းဖြည်းနီးကပ်လာသလို ထင်ရသည်။
"ကဲ... မင်းထ၊ ခုံပေါ်တက် မတ်တပ်ရပ်"
ကတ္တီပါဖိနပ်ဝတ်ထားသည့် ဆရာ၏ ခြေသံတစ်စုံနှင့်အတူ
အမိန့်သံတစ်ခုကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။
အပ်ကျသံပင် မကြားရလောက်သည့် စာသင်ခန်းထဲတွင်
ခုံတန်းသံ၊ နေရာရွေ့သံများက ခဏချင်းမင်းမူသွားသည်။
"မင်းကို ငါကြည့်နေတာ အတော်ကြာပြီ။
ငါစာသင်နေတဲ့အချိန် မင်းက ငေးနေတယ်။
ကဲ... ခုပြောစမ်း၊ ငါပြောသွားတဲ့အထဲက
ဘာတွေကို ဝေခွဲမရဖြစ်နေတာလည်း"
"ကျွန်တော်တကယ်ပြောရမှာလား ဆရာ"
"မင်းကို ငါပြောလို့ ပြောနေတယ်လေ၊ မင်းနားလေးနေလား"
အသင်အပြကောင်းသလောက် ဒေါသကြီးတတ်သော
ဆရာ့အသံက တစ်တန်းလုံး ဟိန်းသွားသည်။
အချိန်ဆွဲနေလို့လည်း မရမည့်အတူတူ
ကိုယ့်အတွေးကိုယ်ပြောလိုက်သည်။
"ဆရာပြောသွားတာ မှားနေသလားလို့ပါ"
"ဘာ"
မထင်မှတ်သော စကားမို့ ဆရာကြောင်သွားသည်။



"ဟုတ်ပါတယ်ဆရာ၊ မင်္ဂလာတရားတော်ဆိုလိုချင်တာက
လူမိုက်တွေကို ဝေးဝေးက ရှောင်ခိုင်းတာ
မဟုတ်လောက်ပါဘူး။ လူမိုက်တွေရဲ့ အကျင့်တွေကို
မမှီဝဲနဲ့ ဝေးဝေးက ရှောင်လို့ ပြောချင်တာဖြစ်မှာပါ"
"အောင်မာ... မင်းကများ ရာရာစစ"
"တကယ်တမ်းသာ လူမိုက်တွေကို တွေ့တာနဲ့
ဝေးဝေးက ရှောင်ခိုင်းရိုးမှန်ရင် ဒီကမ္ဘာမှာ
ဒုစရိုက်တွေ ပိုဖြစ်လာမှာပါ။
ဒီလူတွေဟာ လူမိုက်တွေပဲ။
တို့ဒီလူတွေနဲ့ မပေါင်းဘူး၊ ဝေးဝေးကရှောင်နေမယ်ဆိုရင်
လူတွေက သူတို့ကို ဝိုင်းကျဉ်ထားတယ်ထင်ပြီး
အဲဒီလူမိုက်တွေက အစွဲတိုက်ကြပါလိမ့်မယ်။
အဲဒါရဲ့ ရလဒ်ကတော့ လူမိုက်တွေက လူဆိုးတွေဖြစ်၊
လူဆိုးတွေက ဓားပြတွေဖြစ်၊ ဓားတွေက သူပုန်တွေဖြစ်ပြီး
ဒီကမ္ဘာကြီးမှာလည်း ဒုစရိုက်တွေ ပိုများလာမှာပါ"
"ဒီတော့ မင်းပြောချင်တာက ငါတို့ မိဘဘိုးဘွားတွေ
လက်ဆက်ကတည်းက ပြောခဲ့တာတွေ အကုန်လုံးက
အမှားတွေပဲပေါ့ဟုတ်လား"
ဒေါသကြောင့် တုန်ရီနေသည့်အသံဖြင့် ဆရာကမေးသည်။
"ဆရာ့မိဘဘိုးဘွားတွေကလည်း
အခုဆရာပြောသွားသလိုမျိုး ယူဆကြတယ်ဆိုရင်တော့
သူတို့လည်း နည်းနည်းမှားနေတယ်လို့ ထင်ပါတယ်။
စဉ်းစားကြည့်ပါ ဆရာ၊

မှားနေတဲ့သူကို လမ်းမှန်ပေါ်ရောက်အောင် တည့်မတ်ပေးဖို့အတွက်
အနည်းဆုံးတော့ အဲဒီလူနဲ့ မျက်နှာချင်းဆိုင်ရမှာပါ။
ပြုပြင်ပေးလို့ရနိုင်တဲ့ အခြေအနေရှိပါလျက်နဲ့
ဒီလူကတော့ လူမိုက်မို့
ဝေးဝေးကရှောင်မယ်လို့ ဆုံးဖြတ်တာဟာ
တကယ်တော့ ကိုယ်လွတ်ရုန်းချင်တဲ့
အတ္တစိတ်သက်သက်ပါ။
မင်္ဂလာတရားတော်ရဲ့ ပိုင်ရှင်အစစ်ဖြစ်တဲ့ မြတ်စွာဘုရားဟာ
အဲဒီလို ကိုယ်လွတ်မရုန်းချင်လို့ လေးအသင်္ချေနဲ့
ကမ္ဘာတစ်သိန်းတိတိ ပါရမီတွေ ဖြည့်ခဲ့တာပါ။
ဆရာပြောသလို လူမိုက်မြင်တာနဲ့
ဝေးဝေးက ရှောင်ကြေးသာဆို အင်္ဂုလိမာလကြီးလည်း
လက်ညှိုးဖြတ်တဲ့ လူသတ်သမားဖြစ်နဲ့ပဲ
ဘဝဇာတ်သိမ်းခဲ့မှာပါ။ ကျွန်တော်တို့တွေလည်း
တရားမမ္မဆိုတာကို သေသာသွားမယ်
ကြားဖူးလိုက်ကြမှာမဟုတ်ပါဘူး။
အဲဒါကြောင့် ဆရာပြောသွားတာ
မှားနေတယ်လို့ပြောတာပါ”
ဆရာ့မျက်နှာတစ်ခုလုံး
မီးတွေ ထတောက်တော့မတတ် နီရဲလာသည်။
သိပ်မကြာလိုက်၊ ကျွန်တော့်ကျောပြင်ပေါ်သို့ ဆုအဖြစ်
ထားဝယ်ကြိမ်သုံးချက်တိတိကျလာသည်။
ဆုချပြီးသောအခါမှ ဆရာကပြောသည်။



“မင်းသိထားဖို့က မင်းထက်တော်တဲ့ အဆင့် (၁) တောင်မှ
ငါ့ကို ဒီလိုပြန်မပြောဖူးဘူး”
ထိုသို့ပြောပြီးနောက် ဆရာတစ်ယောက်
ချာခနဲလှည့်ထွက်သွားသည်။
သူ့ပစ္စည်းများကို ထုပ်ပိုးပြီး အတန်းကိုပင် နှုတ်မဆက်ဘဲ
ထွက်သွားသည်။
အတန်းလည်း ဆင်းလေပြီ။
ကျွန်တော့်ကျောကုန်းကတော့ ကြိမ်ဒဏ်ကြောင့်
စပ်ဖျင်းဖျင်းဖြစ်နေသည်။ ကိစ္စမရှိ၊ အိမ်ရောက်မှ
အမေ့ကို ဆေးထည့်ခိုင်းရမည်။ နောက်ပြီး ဆရာပြောသွားသည့်
“မင်းထက်တော်တဲ့ အဆင့် (၁)”ဆိုသည့် ဝေါဟာရအား
အဖေကို ပြန်ရှင်းခိုင်းရမည်။
အတန်းပညာထူးချွန်ရုံနှင့်
အရာရာအားလုံးပြည့်စုံသည်။ ဒီလို... သတ်မှတ်လို့ရပါသလား။
လောကမှာ အတန်းပညာထက် အရေးကြီးသည့်
အခြားပညာရပ်တွေကော မရှိဘူးလား။
မြင်းစီးတာပဲ ကျွမ်းကျင်တဲ့သူကို
လှေသူကြီးလုပ်ခိုင်းလိုက်ရင်ကော
အဲဒီမြင်းသမားရဲ့ ထူးချွန်မှုဟာ အရာရောက်ပါ့မလား။
ကျွန်တော့်ခေါင်းထဲမှာတော့ အဖြေရှာမရသေးသည့်
မေးခွန်းပေါင်းမြောက်များစွာ...။

လင်းမြတ်

□ □ □

## ကွဲပြားသော ကွဲပြားမှုများ

တိတ်ဆိတ်သော ညရဲ့ ကောင်းကင်ယံက
မှောင်မိုက်နေသည်။ ကြယ်ကလေးတွေကလည်း
အမှောင်ယံကို ခွင်းဖို့ အင်အားမရှိသည့်နှယ်
မှိန်ပျပျလေးသာ လင်းနေ၏။
နေမင်းအလင်းကွယ်သည့်နောက်
အအေးထုကလည်း ကြီးစိုးနေသည်။ နေ့ခင်းဖက်တောင်
နေပြောက်မထိုးဘဲ
သစ်ပင်ကြီးများနှင့် အစဉ်အမြဲမှိုင်းရီဆိုင်းညို့နေတတ်သည့်
တောကြီးမျက်မည်းထဲမှာ ဟိုးအဝေးမှ
ညဥ့်ငှက်တို့ အော်သံက တဂီးဂီးမို့ ခြောက်ချားဖွယ်ရာပင်။
သာမန်လူတစ်ဦးသာဆို
ညအချိန်မတော် ဒီလိုနေရာမှာရှိနေဖို့
စိတ်တောင်ကူးမိမှာ မဟုတ်ပေမယ့်
သူတို့လေ့ကျင့်ရေးတပ်စုတစ်ခုကတော့
ငြိမ်သက်စွာ အိပ်စက်နေကြသည်။



သို့သော် ဆိတ်ငြိမ်လှသည့် ဥဩတောဥဩတောင်အတွင်းက
မီးပုံလေးနံဘေး၌ ကင်းစောင့်မဟုတ်သည့်
တပ်မှူးသုံးယောက်ကတော့ စကားလက်ဆုံကျနေ၏။
""ကျုပ်အဖေနဲ့ အစ်ကိုက စစ်သည်တော်တွေလေ""
တပ်မှူးတစ်ယောက်က မီးပုံကို မီးစာထိုးရင်း စကားစသည်။
""နောက်ပြီး
ဆွေမျိုးထဲက ယောက်ျားလေးတော်တော်များများကလည်း
စစ်သည်တော်တွေချည်းပဲဆိုတော့
ကျုပ်လည်း စစ်သည်တော်တစ်ဦးလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်""
ပထမတပ်မှူးက သူ့အကြောင်းကို
ဘာမှမထူးခြားဟန်ပြောပြီး ဒုတိယတစ်ဦးကို
မျက်စပစ်လိုက်သည်။
ပထမတစ်ယောက်စကားဆုံးတော့
ဒုတိယတစ်ယောက်က အလိုက်သိစွာပင် သူ့ကိုယ်သူ
မိတ်ဆက်သည်။
""ကျုပ်အဖေက ဗိုလ်မင်းသူရမင်းထင်ပါ""
ဆိုင်းမဆင့်ဗုံမဆင့်ဘဲ ပြောချလိုက်သည့် သူ့စကားကြောင့်
ကျန်နှစ်ယောက်၏ မျက်ခုံးများ မြင့်တက်သွားကြပြီး
တရင်းတနှီးပိုင်းနှုတ်ဆက်ကြသည်။
""ြော်... ဗိုလ်မင်းရဲ့ သားကိုး။
ဗိုလ်မင်းမှာ သားတစ်ယောက်ရှိတယ်လို့ပဲကြားဖူးတာ
အခုမှ လူကိုယ်တိုင်တွေ့ရတော့တယ်""
""ဟုတ်ပါ့ ဟုတ်ပါ့။

ကျုပ်လည်း ဗိုလ်မင်းသားဆိုတာကို တွေ့ချင်နေတာ။
အခုလိုတွေ့ရတာ အခန့်သင့်သဗျို့”
ဒီလိုနှုတ်ဆက်တာမျိုးက သူ့အတွက်တော့
အထူးအဆန်းမဟုတ်သည်မို့ ထိုနှစ်ယောက်ကို ပြုံးပြပြီး
အသိအမှတ်ပြုလိုက်သည်။
မင်းတရားကြီးကိုယ်တော်တိုင်ကတောင် ဖခင်ဖြစ်သူကို
ပစားပေးထားသည်မို့ ကျန်သူများကလည်း
အလိုလိုနေရင်း ဖခင်ကို အလေးပေးကြသည်။ ဒါ့အပြင်
ဖခင်နှင့် သိက္ခမ်းလိုသည့် ကုန်သည်များကလည်း
သူတို့သွားလမ်းလာလမ်း ဖြောင့်ဖြူးစေရန်
သားဖြစ်သည့် သူ့ကို အောက်ကျို့ကြသည်။
အမှန်တကယ်တော့ သူသည် စိန်နားကပ်ရောင်ကြောင့်
ပါးပြောင်နေသူတစ်ဦးသာ ဖြစ်လေသည်။
ယခုလည်း သူ့ကို ပျာပျာသလဲ အရေးစိုက်တာကို တွေ့တော့
ကျေနပ်စွာ ပြုံးလိုက်ပြီး သူစစ်သည်တော်
လုပ်ရသည့် ရည်ရွယ်ချက်ကို ပြောလေသည်။
“ကျုပ်ကတော့ ကျုပ်တိုင်းပြည်ကို ချစ်တယ်ဗျ။
ဟောဒီတောင်တန်းတွေ၊ ဟောဒီသစ်တောတွေ၊
ဟောဒီမြေမှာ ထွက်တဲ့ ကျောက်သံပတ္တမြားတွေ။
ဒါတွေကို ကျုပ်ချစ်တယ်။ ကျုပ်ချစ်တဲ့ ဒီအရာတွေကို
ဘယ်သူ့လက်ထဲမှ အပါမခံနိုင်ဘူးလေ။
ဒီတော့ကျုပ်တွေးမိတာက ကျုပ်သာ ကျုပ်အဖေလိုဖြစ်ရင်
ဒီအရာတွေကို ထိန်းချုပ်နိုင်ပြီ။ ဒါကြောင့်မို့



ကျုပ်စစ်သည်တော်တစ်ဦးလုပ်ဖို့ ဆုံးဖြတ်ပြီး
တပ်မတော်ထဲဝင်ခဲ့တာပဲ”
သူ့အသံက ပျော့ပျောင်းသလောက် တင်းမာသည်။
နူးညံ့လှသော သူ့စကားသံက ဘယ်လို
အဓိပ္ပာယ်ကို ညွှန်းဆိုသည်ဆိုတာ တော်ရုံလူမသိနိုင်ချေ။
သေချာသည်ကတော့ သူ့မျက်လုံးအစုံမှာ
မီးပုံက မီးအရောင်နှင့် အပြိုင်တဖျတ်ဖျတ်လက်နေပြီး
သူ့စကားသံတို့က အလိုဆန္ဒ၏ ဖျားယောင်းမှုကြောင့်
တုန်ယင်နေ၏။
ဤသို့ဖြင့် သူ့စကားဆုံးသွားတော့
တတိယတပ်မှူးအလှည့်ရောက်လာသည်။
“ကျုပ်က ဆင်းရဲတယ်။ မွေးကတည်းက
မိဘမဲ့တစ်ကောင်ကြွက်။ တစ်ရွာလုံးရဲ့ နင်းပြားပေါ့ဗျာ။
တစ်နေ့တော့ သူကြီးရဲ့ သားက
ကျုပ်ကို ရန်လာစတာနဲ့ ကျုပ်ရန်ဖြစ်မိတယ်။
သူကြီးသားကို စိတ်ရှိ လက်ရှိထိုးကြိတ်ပြီးမှ
ကျုပ်သတိဝင်လာတယ်။
ကျုပ်တော့ ပြဿနာအကြီးကြီးရှာမိပြီပေါ့လေ။
ရန်စတာက သူကြီးသားဆိုပေမယ့်
သူကြီးက ကျုပ်ကိုပဲ အပြစ်ပေးမှာဗျ။
ဒီလိုနဲ့ နောက်ဆုံးတော့
သတိလစ်နေတဲ့ သူကြီးသားကို ထားခဲ့ပြီး
ကျုပ်ရွာကနေ ထွက်လာခဲ့တယ်။

ခြေဦးတည့်ရာ သွားရင်းလာရင်း
ကျုပ်စားရမဲ့မဲ့ သောက်ရမဲ့မဲ့ဖြစ်လာတော့
တပ်တော်ထဲကို ဝင်ဖို့ဆုံးဖြတ်ခဲ့တာပဲ''
တတိယတပ်မှူးက သူတပ်ထဲဝင်လာရပုံကို
စီကာပတ်ကုံးပြောရင်း မော... ..ဟန်ဖြင့်
အနောက်ကသစ်ပင်ကိုမှီလိုက်သည်။
ထိုစဉ် သူတို့တပည့်တပ်သားလေးတစ်ဦး
သူတို့အနားရောက်လာပြီး သူတို့လုပ်ခိုင်းလိုက်သည့်
စားသောက်စရာများကိုယူလာသည်။
''ဆရာတို့ သုံးဆောင်လို့ရပါပြီ''
ထိုတပ်သားလေးသယ်လာသည့်လင်ပန်းကို
သူတို့လှမ်းယူလိုက်တော့ တပ်သားလေးက
လှည့်ထွက်လိုက်သည်။
ထိုစဉ်
''ကောင်လေး နေပါဦး''
တပ်မှူးတစ်ယောက်ကိုတုံ့ပြီး တပ်မှူး (၃) ဦးဆီ
ပြန်လှည့်ကြည့်ပြီး
''ဆရာတို့ ဘာအလိုရှိသေးလို့လဲခင်ဗျာ''
သူ့အမေးကို တပ်မှူးကပြန်မဖြေ။ ခြေဟန်လက်ဟန်ဖြင့်
သူတို့ဘေးနား လာထိုင်ရန်သာ ခေါ်လိုက်သည်။
တပ်သားလေး တပ်မှူး (၃) ယောက်ဘေးတွင်ထိုင်မိတော့
သူ့ကိုလှမ်းခေါ်သည့်တပ်မှူးက သူစားဖို့အတွက်
လင်ပန်းထဲက အသားပြုတ်သစ်တုံးလှမ်းပေးသည်။



အသားကိုမြင်တော့ သူဟန်ပင်မဆောင်နိုင်။
အငမ်းမရကိုက်စားမိသည်။ အသားဆိုတာ သူတို့အတွက်
စားရခဲရသည့် နတ်သုဒ္ဓါပင်မဟုတ်ပါလား။
ထိုပုံကိုတွေ့တော့ တပ်မှူး (၃) ယောက်က
ပြုံးကာရယ်ကာဖြင့် ဝိုင်းမေးကြသည်။
''ကောင်လေး မင်းဘာလို့တပ်တော်ထဲဝင်လာတာလဲ''
သူတို့အမေးကိုကြားတော့ တပ်သားလေးက
ဖြူစင်စွာ ပြုံးလိုက်ပြီး
''ဘယ်လိုပြောရမလဲ ဆရာတို့ရယ်။
တပ်တော်ထဲဝင်ရတဲ့အကြောင်းတွေကတော့
အများကြီးပဲပေါ့။ တိုင်းပြည်ကိုချစ်လို့ ဘာလို့ ညာလို့ဆိုပြီးလည်း
မပြောချင်ပါဘူးဗျာ။ တစ်ကယ့်တစ်ကယ်
တိုက်ပွဲဖြစ်တုန်းကဆို ဒီအကြောင်းတွေ ခေါင်းထဲမှမရှိတာ။
တိုင်းပြည်ကိုကယ်ဖို့ဆိုတာထက် ကိုယ့်ရဲ့ အသက်မသေဖို့ပဲ
အားထုတ်နေရတာကိုး''
တပ်သားလေး၏ ပွင့်လင်းလှသော အဖြေကိုကြားတော့
(၃) ဦးသားမတိုင်ပင်ပဲ ရယ်မိလိုက်ကြသည်။
ထို့နောက်
''ဒါဖြင့် မင်းမှာအိပ်မက်တွေရှိလား''
''အိပ်မက်လား''
ရှိတယ်ဆရာ။ ရှိတယ်''
''ရှိရင်ပြောပါဦးကွ''
တပ်သားလေးစကားကိုကြားတော့

သူတို့စိတ်ဝင်စားသွားကြသည်။ တပ်သားလေးမျက်နှာကလည်း
လွန်စွာလေးနက်တည်ကြည်သည့်ဟန်ပေါက်သွားသည်မို့
သူတို့ပိုစိတ်ဝင်စားရသည်။
တပ်သားလေးက စားလက်စအသားကို
လက်စသတ်လိုက်ပြီး
"တိုက်ပွဲမှာ မသေဖို့က ကျွန်တော့်အိပ်မက်ပါ"
"ဟေ"
"ဘယ်လို"
"ငါတို့ကို နောက်တာလားကွ"
တပ်သားလေးအဖြေက သူတို့မထင်မှတ်ထားသည့်အဖြေမို့
အာမေဋိတ်ပြုမိကြသည်။
တပ်သားလေးက
သူတို့ကိုနောက်လိုက်သည်ဟုလည်း
အထင်ရောက်သွားဟန်။
"အား...... ဆရာတို့ကို ကျွန်တော်နောက်တာမဟုတ်ပါဘူး"
ရုတ်တရက်ဖြစ်သွားသည့် သူတို့အပြုအမူကြောင့်
တပ်သားလေးက ပြာပြာသလဲရှင်းပြရှာသည်။
"ကျွန်တော်မသေသေးသရွေ့
ကျွန်တော့်ရဲ့တိုင်းပြည်ကို ကာကွယ်နိုင်တယ်လေ။
ဒီတော့ ဆုတောင်းလို့သာရမယ်ဆိုရင်
ကျွန်တော်ဘယ်တော့မှ မသေပါရစေနဲ့လို့ ဆုတောင်းမိမှာပါ"
သူ့စကားကြားတော့ သုံးဦးသားမှင်သက်အံ့သြဟန်ဖြင့်
ရုတ်ခြည်းငေးငိုင်သွားကြသည်။



တိတ်ဆိတ်နေသည့်ပတ်ဝန်းကျင်က
ခုမှပိုလို့တိတ်ဆိတ်သွားသယောင်ပင်။
ပုစဉ်းအော်သံသဲ့သဲ့လေးကိုတောင် သူတို့မကြားရ။
တစ်ဖန် တပ်သားလေးမျက်နှာကို
စူးစူးစိုက်စိုက်ကြည့်ပြန်တော့လည်း သူ့မျက်နှာထက်မှာ
လုပ်ကြံပြောဆိုဟန်မတွေ့။ ပကတိဖြူစင်ကြည်လင်စွာ
ထိုအခြင်းအရာကိုတွေ့တော့ တိုင်ပင်မထားပါပဲနဲ့
တပ်မှူး (၃) ယောက်လုံး သူတို့ခေါင်းများကို
အသီးသီးငုံ့ပစ်လိုက်သလို ကော့ထားသည့်ရင်တွေကလည်း
အလိုလိုနေရင်း မသိမသာကိုင်းညွတ်မိသွားကြသည်။
သို့သော် တပ်သားလေးကတော့ ထိုအဖြစ်အပျက်များကို
အနည်းငယ်လေးမျှတောင် မရိပ်စားမိဟန်ဖြင့်
သူတို့ကိုအရိုအသေပေးကာ တာဝန်ကျရာနေရာဆီ
ထွက်လာခဲ့သည်။
ရိုးသားဖြူစင်လှသည့် သူ့သဏ္ဌာန်က
တော်ဝင်စစ်သည်တော်တစ်ဦးသဖွယ် ရင်ကိုကော့
ခေါင်းကိုမော့လျက်... ။

လင်းမြတ်

□ □ □

## အမေ့ခံ

..............

စာမေးပွဲခန်းထဲဝေ့ကြည့်မိတော့
ခေါင်းကုတ်နေသူဆိုလို့ သူတစ်ယောက်သာရှိသည်။
ဟိုကြည့်ဒီကြည့် ကြည့်ပါများ၍
အခန်းစောင့်ဆရာမတောင်
သူ့ကို သတိထားမိနေပြီလား မပြောတတ်။
"ဟင်း..........."
သက်ပြင်းကို ခပ်အုပ်အုပ်ချလိုက်ပေမယ့်
တိတ်ဆိတ်နေသည့် စာမေးပွဲခန်းလေးထဲမှာမို့
သူ့သက်ပြင်းချသံက မဆိုစလောက်လေးကျယ်သွားသည်။
သူ့သက်ပြင်းချသံကြားတော့ စာမေးပွဲဖြေနေသူတချို့နဲ့
အခန်းစောင့်ဆရာမက သူ့ကို လှမ်းကြည့်ကြသည်။
သူကတော့ သူ့အပူနှင့် သူမို့ ခေါင်းတွေသာ ရှုပ်နေသည်။
မေးခွန်းကို ပြန်ဖတ်ကြည့်သည်။
"အောက်ပါတို့မှ မှန်ကန်သော စာလုံးကို ရွေးချယ်ပါ"
"_______စ လေထဲတွင် တလူလူလွင့်နေသည်။ (ပုဝါ၊ ပဝါ)"
"ဟူး......"
သူသက်ပြင်းထပ်ချမိပြန်သည်။
"ငါဘာထည့်ရမလဲ၊ ငါဘာထည့်ရမလဲ"
သူ့စိတ်တွေ ဒွိဟဖြစ်နေသည်။



အဖြေမသိ၍တော့မဟုတ်
အဖြေသိလွန်းနေ၍သာ။
သူက နှစ်တန်း၊ စာတော်သည်၊ ဉာဏ်ရည်ထက်မြက်သည်။
နှစ်စဉ်နှစ်တိုင်း ရထားသည့်
ဆုတွေဆိုတာလည်း မနည်းမနော။ နောက်ပြီး
သူက စာဖတ်ဝါသနာပါသည်။ ဒီဝါသနာကပဲ သူ့ယခုလို
ချောက်ကျစေသည့်
အကြောင်းအရင်းတစ်ရပ်လေလားမပြောတတ်။
စာမေးပွဲနီးတော့ ထုံးစံအတိုင်း Revision ပြန်ကြသည်။
ကျောင်းက စစ်သည့် စာမေးပွဲတို့ ထုံးစံအတိုင်း Revision ကို
မေးခွန်းနှစ်စုံစာ၊ အဖြေနှစ်စုံစာပေးသည်။
ထိုမေးခွန်းနှစ်စုံထဲတွင် ယခု
မေးခွန်းက ပါလာခြင်းဖြစ်သည်။
ဆရာမက Revision လုပ်ပေးတော့
အဖြေနေရာမှာ "ပုဝါ"ကိုထည့်သည်။
သူက "ပဝါ" မဟုတ်ဘူးလားဟု ဆရာကို ပြန်မေးမိတော့
ဆရာမက မျက်ထောက်နီကြီးဖြင့် ကြည့်သည်။
နောက်ပြီး ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ကို
တွင်တွင်ပြောသည့် သူမပါးစပ်ကပင်
"ငါပြောတာလုပ်စမ်းပါ"ဆိုသည့် စကားသာပြန်ဖြေသည်။
သူဖတ်ဖူးသည့် စာအုပ်တွေထဲမှာ ပဝါဆိုသည်ကို
"ပဝါ"ဟုသာ ရေးကြသည်။
"ပုဝါ"ဟု ဘယ်တော့မှမရေးကြ။

အိမ်ပြန်ရောက်၍ ဖေဖေ့ကို မေးတော့လည်း
ဖေဖေက စာလုံးပေါင်းသတ်ပုံကျမ်း လှန်ကာ ''ပ၀ါ''ကသာ
စာလုံးပေါင်းအမှန်ဟု ပြန်ဖြေသည်။
ကိုယ့်ဖက်က မှန်နေသော်လည်း ဆရာမကို ကြောက်သဖြင့်
ပြန်မပြောခဲ့သမျှ အခုတော့ ဒုက္ခရောက်လေပြီ။
သူမဖြေဘဲ ကျန်နေသည့် မေးခွန်းက
ဒီတစ်ခုတည်းသာရှိတော့သည်။ ကျန်သည့်အပုဒ်တွေ
အားလုံးဖြေပြီးပြီ။ အကုန်လည်း မှန်သည်။
''ပု၀ါ''ကို ထည့်လိုက်လျှင် အဖြေမှားနေမည်ဖြစ်သော်လည်း
ဆရာမက အမှန်ပေးလိမ့်မည်။
''ပ၀ါ''ထည့်လိုက်လျှင်တော့
အဖြေမှန်နေပေမယ့် ဆရာမက အမှားပေးနိုင်သည်။
''သားတို့၊ သမီးတို့ရေ အချိန်စေ့ဖို့
နောက် ၅ မိနစ်ပဲလိုတော့တယ်နော်''
အခန်းစောင့်ဆရာမအသံကြားတော့ သူစိတ်ရှုပ်ထွေးစွာဖြင့်
အဖြေကို ချရေးလိုက်သည်။
''ပု၀ါ''

×××

''တူကြီးရေ ဦးလေးဆင်းတော့မယ်။
ပိုက်ဆံတစ်ရာပြန်အမ်းပါဦး''
ဦးလေးကြီးတစ်ယောက်စပါယ်ယာကို
သူ့ကို ပြန်ကြည့်သည်။
''ဘယ်လောက်တန်ပေးထားတာလဲ''



မာရေကျောရေနိုင်လှသည့်စကားသံကို လျစ်လျူရှုလိုက်ပြီး
''၂၀၀ တန်ပါ''
''ဘယ်က စီးလာတာလဲ''
''......ကလေ''
''အာ... ဒီခရီးနဲ့ ဒီခရီး ၂၀၀ ပေးရမယ်''
ဒီစကားကြားတော့ သူ့ဒေါသထောင်းခနဲထွက်သွားသည်မို့
ယာဉ်စီးခနှုန်းထားများဆိုသည့်
စတစ်ကာကို လက်ညှိုးထိုးပြလိုက်ရင်း
''မင်းတို့ရေးထားတော့... ကနေ ... အထိကို
၁၀၀ တည်းဆိုကွ''
သူ့စကားကြားတော့ စပါယ်ယာက လှောင်ပြုံးပြုံးလိုက်ပြီး
''ဦးလေးကြီး အိပ်မက်တွေ လာမက်မနေနဲ့။
ကျုပ်တို့ လိုင်းကားတွေ အကုန်လုံး ဒီခရီးကို
၂၀၀ ကောက်တယ်။ ပိုက်ဆံမပေးချင်ရင် လမ်းလျှောက်။
အဲဒါက အကုန်အကျသက်သာတယ်''
စကားတွေက မောက်မာရိုင်းပျလွန်းလှသည်။ နောက်ပြီး
သက်တူရွယ်တူတွေလည်း မဟုတ် ကိုယ်က မွေးလျှင်
ကိုယ့်သားအရွယ်လောက်သာရှိသည်။
စိတ်ထဲက တစ်လှိုက်လှိုက်နှင့် ဒေါသထွက်နေသော်လည်း
ဖက်ပြိုင်ပြီး ရန်ဖြစ်ဖို့ မသင့်တော်သည်မို့
တောက်တစ်ချက်ကိုသာ အားပါပါခေါက်ရင်း
ကားပေါ်မှ သူဆင်းခဲ့သည်။

×××

ကျယ်ဝန်းလှသည့် မြို့နယ်ဆေးရုံဝင်းထဲတွင်
သူမတစ်ယောက် ဟိုပြေးလိုက်၊ ဒီပြေးလိုက်ဖြစ်နေသည်။
အမှန်တကယ်ဆို ဆေးရုံဝင်းထဲတင် မဟုတ်
လူနာဆောင်နှင့် ဆေးရုံအပြင်နှင့်ကို
ဟိုပြေးဒီပြေးပြေးနေရသည်ဆိုမှ ပိုမှန်လိမ့်မည်။
"ညီမ ဒီဆေးတွေ ပေးပါ"
ဆိုင်ကောင်တာရှိ ကောင်မလေးတစ်ဦးက
သူထိုးပေးလိုက်သည့် ဆေးစာအုပ်ကို ကြည့်ပြီး
ဆေးတစ်ကဒ်ကို ထုတ်ပေးလိုက်သည်။
"ဒါပဲလား အစ်မ၊ တခြားဘာတွေ ယူဦးမလဲ"
"ဒါပါပဲ ညီမရယ်"
သူမနွမ်းလျစွာ ပြန်ဖြေမိသည်။
နောက်မှ ရုတ်တရက်သတိရသွားဟန်ဖြင့်
"ဪ ဒါနဲ့ ဝမ်းလျှောတဲ့လူတွေ သောက်ရတဲ့
ဓာတ်ဆားထုတ်ရောရှိလား ညီမ"
"ရှိတယ်အစ်မရှိတယ်"
"ကျေးဇူးပါပဲ ငါ့ညီမရယ်၊ အဲဒါလေးပါ ၃ ထုပ်လောက်"
ကောင်မလေးပေးသော ဓာတ်ဆားထုပ်များကို ယူကာ
ကျသင့်ငွေရှင်းပြီး ဆေးဆိုင်လေးမှ
သူမပြန်ထွက်လာခဲ့သည်။
သူမ လူနာဆောင်ထဲ ပြန်ရောက်လာတော့
ခြေတွေ လက်တွေပင် မသယ်ချင်။ မနက်လင်းကတည်းက
အပြင်နှင့်အတွင်း အတွင်းနှင့် အပြင်ကို သွားနေရတာ



ဘယ်နှခေါက်ရှိနေမှန်းတောင် မသိ။
ဟိုဆေးလေးလိုလို့ဆိုလည်း သွားဝယ်၊
ဒီဆေးလေးလိုလို့ဆိုလည်း သွားဝယ်။
ကြာတော့ လူက ပန်းလေပြီ။
ဆေးရုံကလည်း ခရုခွံ။ ဟန်သာရှိ၏။ အဆံမရှိတော့။
ဘာဆေး ညာဆေး ဘာမှမရှိ။ ပိုက်ဆံတတ်နိုင်သူတွေအဖို့
တခြားအပြင်ဆေးရုံတွေမှာ ကုသလို့ရသော်လည်း
သူမတို့လို ငွေကြေးမတတ်နိုင်သူတွေက
ဒီလိုဆေးရုံမျိုးကိုသာ အားထားရသည်။
ဒါတောင် အဖေ့ရောဂါက မကြီးကျယ်၍ တော်သေးသည်။
တချို့တွေဆို စမ်းသပ်ကိရိယာမရှိတာတို့
ဆရာဝန်မရှိတာတို့ရှိသဖြင့် အခက်တွေ့ကြရ၏။
"မမ ပြန်လာပြီလား"
အဖေ့ကုတင်ဘေးတွင် စောင့်ကျန်နေခဲ့သည့် ညီမလေးက
သူမကိုတွေ့တော့ ဆီးကြိုပြီး နှုတ်ဆက်သည်။
"အေး ညီမလေး၊ အဖေရော ဘယ်လိုနေသေးလဲ"
"မမသွားကတည်းက အိပ်နေတာ အခုထိပဲ မမရဲ့"
"ဟုတ်ပြီ ညီမလေး၊ ညီမလေးလည်း အိမ်ပြန်တော့လေ။
ကျောင်းသွားရဦးမှာမဟုတ်လား။
အဖေ့ကို မမ ဆက်စောင့်လိုက်မယ်"
"ဟုတ်ကဲ့ မမ၊ ဒါဆို ညီမလေးသွားပြီနော်"
"အေး အေး ညီမလေး"
ညီမလေး၏ စကားကို ပြန်ဖြေလိုက်ပြီး

ကသုတ်ကရက်ထွက်သွားသည့် ညီမလေးကျောပြင်ကို
ကြည့်ရင်း သက်ပြင်းမောတစ်ခုကို
သူမတိတ်တိတ် ကြိတ်ရှိုက်လိုက်သည်။
အမေဆုံးသွားတော့ သူမက အမေ့နေရာယူရသည်။
ညီမလေးကလည်း ဆယ်တန်း၊ အဖေကလည်း
နေ့တိုင်းပန်းရံလုပ်ပြီး ရှာကျွေးနေရသည်မို့
လျှော်ဖွတ်ချက်ပြုတ်ဖို့တွေက အလိုလိုနေရင်း
သူမတာဝန်ဖြစ်လာသည်။
သူမတို့ မိသားစုက လက်လုပ်လက်စား
မိသားစုဖြစ်သည့်အလျောက် အလုပ်နှင့် လက် အပြတ်မခံမှ
တော်ကာကျသည်။ ခုလိုမျိုး အဖေနေမကောင်းဖြစ်ပြီဆို
ရှေ့ရေးကို တွေးပြီး သူမပူပန်နေရလေပြီ။
ငွေပိုငွေလျှံမရှိသူတွေမို့ စားဖို့သောက်ဖို့မပြောနှင့်
ဆေးဖိုးဝါးခအတွက်တောင် ပိုက်ဆံကို
မနည်းချိန်နေရသည်။
ဆေးဖိုးကလည်း ကုန်သည်။ ဟိုဆေးဆိုလည်း သွားဝယ်
ဒီဆေးဆိုလည်း သွားဝယ်ရသည်။ လိုသမျှဆေးအကုန်လုံး
အပြင်ဆေးဆိုင်တွေကပဲ ဝယ်နေရသည်မို့
ငွေက ပိုကုန်သည်။
"ဟင်း..."
သက်ပြင်းရှည်တစ်ခုကို သူမလေးလေးတွဲ့တွဲ့ဆွဲလိုက်ပြီး
ပိုက်ဆံအိတ်အနွမ်းလေးထဲက
လက်ကျန်ပိုက်ဆံများကို ရေတွက်ရင်း



"စရိတ်မျှပေးကျန်းမာရေး"ဆိုသည့် ဆောင်ပုဒ်ကိုသာ
ဆွဲဆွဲငင်ငင် ရေရွတ်လိုက်သည်။

×××

ကားမှတ်တိုင်တွင် ကားစောင့်နေရင်း
သူစိတ်အိုက်နေမိသည်။
မှတ်တိုင်မှာ စုစုပေါင်း လူက ၄ ယောက်ရှိသည်။ သူအပါအဝင်
ယောက်ျားလေးနှစ်ယောက်၊ အဒေါ်ကြီးက နှစ်ယောက်။
ယောက်ျားလေးဖြစ်သူက သူ့ထက်ငယ်ပုံပင်။
အသက်က အလွန်ဆုံးရှိမှ ၁၄၊ ၁၅ ခန့်သာ။ သို့သော်
လက်ညှိုးနှင့် လက်ခလယ်ကြား ဟန်ပါပါ ညှပ်ထားသည့်
စီးကရက်ကြောင့် ဆေးလိပ်သောက်
သက်မှာတော့ မငယ်မှန်း သူသိလိုက်သည်။
သူကြည့်နေတုန်းမှာပင် ကောင်လေးက သူ့နှုတ်ခမ်းဖျားမှာ
စီးကရက်ကို ထပ်တင်လိုက်ပြီး အဆုတ်ထဲထိရောက်အောင်
ရှိုက်သွင်းလိုက်၏။ ထို့နောက် မီးခိုးငွေ့များကို မှုတ်ထုတ်ကာ
ငေးရီသော မျက်လုံးအစုံဖြင့်
ဘတ်စ်ကားလာရာလမ်းကို ပြန်မျှော်ကြည့်လေသည်။
ထိုအပြုအမူတွေကိုတွေ့တော့ သူနှာခေါင်းရှုံ့ကာ
ခပ်လှမ်းလှမ်းနေရာသို့ ရွှေ့ထိုင်လိုက်၏။
ဒီလိုလူအများစုရုံးရာနေရာတွင်
ဆေးလိပ်သောက်သည့် သူများကို
သူတူးတူးခါးခါးရွံ့မုန်းပါသည်။
ဒီလိုနဲ့ သူတခြားဖက်ရွှေ့ထိုင်တော့

ဆေးလိပ်ငွေ့ဒဏ်မှ လွတ်သွားသည်။
ကြီးကျယ်တာတော့ မဟုတ်။
ကိုယ်က ဆေးလိပ်မသောက်တတ်သူမို့
ဆေးလိပ်နံ့ရသည်နှင့် ခေါင်းတွေက မူးလာတတ်သည်။
သို့နှင့် မလာသေးသည့် ဘတ်စ်ကားကို ထပ်မျှော်သည်။
သို့သော် သူရှေ့လိုက်သည့်ဖက်က
အဒေါ်ကြီးနှစ်ယောက်နှင့် နီးနေသဖြင့် ထိုအဒေါ်ကြီး
နှစ်ယောက်ပြောသော စကားတွေက သူ့နားထဲဝင်လာ၏။
"ဟုတ်တယ် မအေးစိန်ရေ၊
ကျွန်မကတော့ ကွမ်းကို ဖြတ်မရသေးဘူးရှင်။
ဗမာဆေးလေးနဲ့ အမြဲစားမိနေတုန်းပဲ"
"မရလည်း ရအောင် ဖြတ်ပေါ့ မအေးလှရယ်၊
ကျွန်မ ကွမ်းဖြတ်တော့ ပီကေနဲ့ ဖြတ်တာလေ၊ အခုဆို
ကွမ်းမစားဖြစ်တော့ဘူး။ ကွမ်းအရမ်းစားချင်လာရင်
ပီကေလေး ဖောက်စားလိုက်တာပဲ"
မအေးစိန်က အဒေါ်ကြီးက
သူ့အဖော်ကို ကွမ်းဖြတ်ဖို့ တိုက်တွန်းရင်း ပီကေပြား
ဖောက်စားလိုက်သည်။ ထို့နောက်
ပီကေမရှိတော့သည့် စက္ကူစကို အနောက်က အမှိုက်ပုံးထဲ
မထည့်သေးဘဲ လုံးချေနေရင်း
"ပီကေကိုတောင်မှ ကျုပ်သိပ်မစားဖြစ်ပါဘူးရှင်။
ခုက မအေးလှကွမ်းစားနေတာတွေ့လို့
ကျုပ်လည်း စားချင်လာတာနဲ့



အာသာပြေလေးထုတ်စားမိတာ"
"ကောင်းလိုက်တာ မအေးစိန်ရယ်၊ ကျုပ်လည်း
ရှင့်လို ကွမ်းဖြတ်ဦးမှတော့။ တစ်နေ့ တစ်နေ့
ကုန်လိုက်တဲ့ ကွမ်းဖိုးဆိုတာ သောက်သောက်လဲပဲတော်ရေ့။
နောက်ပြီး..."
မအေးလှဆိုသည့် အဒေါ်ကြီးက သူ့စကားကို မဆက်သေးဘဲ
သူ့ပါးစပ်ထဲက ကွမ်းတံတွေးများကို ပလက်ဖောင်းပေါ်သို့
ပြစ်ခနဲ လှမ်းထွေးလိုက်သည်။
နီရဲနေသည့် ကွမ်းတံတွေးများကို ပလက်ဖောင်းပေါ်တွင်
ရဲခနဲ။
ထိုသို့ ထွေးပြီးတော့မှ သူ့စကားကို ပြန်ဆက်သည်။
"နောက်ပြီး ကျုပ်ယောကျ်ားနဲ့ ကျုပ်သမီးတွေကလည်း
ကွမ်းစားတာ မကြိုက်ဘူးရှင့်"
"ဪ ဟုတ်သားပဲ။ ကိုဘသောင်းတို့က ကွမ်းမှ မစားဘဲ"
တစ်ဖက်က အဒေါ်ကြီးကလည်း သူမအဖော်၏ စကားကို
ခေါင်းတဆတ်ဆတ်ညိတ်ကာ ထောက်ခံသည်။
ထိုသို့ ထောက်ခံနေရင်းက
"မအေးလှရေ ကျွန်မတို့ ကား လာပြီတော့"
သူမအဖော်၏ ပြောစကားကြောင့် မအေးလှဆိုသူလည်း
သူမတို့ စီးမည့်ကား တကယ်လာတာ ဟုတ် မဟုတ်
လှည့်ကြည့်လိုက်သည်။
နဖူးစီးတွင် ရေးထားသည့် "........."ဟူသည့်
လိုင်းကားနာမည်ကို တွေ့တော့မှ သေချာသွားဟန်ဖြင့်

ကွမ်းတံတွေးကို ထပ်ထွေးကာ
ပလက်ဖောင်းပေါ်သို့ တက်လိုက်သည်။
မအေးစိန်ဆိုသည့် အဒေါ်ကြီးကလည်း
လက်ထဲက စက္ကူလုံးလေးကို မြေကြီးပေါ်ပစ်ချလိုက်ပြီး
သူမအဖော်နောက်သို့ လိုက်သွား၏။
တစ်ဖက်က ဆေးလိပ်ကိုယ်တော်မှာလည်း
လက်ထဲက စီးကရက်ကို လွှတ်ပစ်ကာ ၄င်းတို့နှင့်အတူ
မတ်တပ်ရပ်လိုက်သည်။
ထို့နောက်မှတော့ ကားပေါ်သို့ သုံးယောက်သား
အလုအယက်တက်သွားလေသည်။
သူကတော့ ထိုလူသုံးယောက်၏ ကျောပြင်ကို ငေးကြည့်ရင်း
ကားမှတ်တိုင်တွင် ရေးထားသည့် ဆိုင်းဘုတ် သုံးခုကို
အားတုံ့အားနာဟန်ဖြင့် လှည့်ကြည့်လိုက်မိသည်။
"ဆေးလိပ်မသောက်ရ"
"ကွမ်းတံတွေးမထွေးရ"
"အမှိုက်မပစ်ရ"

လင်းမြတ်

□ □ □

## စစ်တုရင်သီအိုရီ

ဒီကစားပွဲကို စမိပြီမို့ အဆုံးသတ်ရမည်ဆိုတာတော့
သူနားလည်သည်။
ပြိုင်ဖက်ကို လျှော့တွက်မိတာ မှားလေခြင်းရယ်လို့
ခုလို ကျဉ်းထဲ ကျပ်ထဲရောက်နေချိန်ကျမှ
သူတွေးလိုက်မိသည်။
"Check"
ပြိုင်ဖက်က အနိုင်ရသူတစ်ဦးလို ပြုံးရင်း Check လုပ်သည်။
ပွဲမပြီးသေးပါ။ သို့သော် ဒီတစ်ကွက်ကတော့
သူ့ကို အသက်ရှူမှားသွားစေသည်။
ထိုစဉ်...။
"သူငယ်ချင်းရေ ငါထွက်ပြေးမှ ဖြစ်တော့မယ်။ လုပ်ပါ။
တစ်နေရာရွှေ့ပေးပါ"
Check အလုပ်ခံနေရသည့် ဘုရင်ကြီးက ထုံးစံအတိုင်း
သူ့ကို စကားလှမ်းပြောသည်။
ထုံးစံအတိုင်းဟုဆိုရခြင်းက အကြောင်းရှိသည်။ သူ့မှာ
ထူးခြားသော အာရုံတစ်ခုရှိသည်။ သူစစ်တုရင်ထိုးတိုင်း
Pawn အစ၊ Bishop အလယ်၊ ဘုရင်အဆုံး၊ သူနှင့်
အာရုံထဲတွင် အပြန်အလှန်စကားပြောနေသည်ဟု
ခံစားရခြင်းသာ။

ဒီတော့ စစ်တုရင်ခုံပေါ်တွင် ပြေးလွှားနေသည့်
အရုပ်ကလေးတွေက အခြားသော ကစားသမားတွေ
အတွက်တော့ တန်ဖိုးမထားချင်စရာ
သက်မဲ့တွေ ဖြစ်ကောင်းဖြစ်နေနိုင်သော်လည်း
သူ့အတွက်တော့ သက်ရှိတွေဖြစ်နေသည်။
အသွေးနှင့် အသားနှင့် တည်ဆောက်ထားသော တန်ဖိုးထားစရာ
ကာကွယ်စရာ သက်ရှိတွေဖြစ်နေသည်။
သူကြာကြာမတွေးအား လွတ်နေသည့် အကွက်တစ်ခုသို့
ဘုရင်ကြီးကို ရွှေ့လိုက်ပြီး ခံစစ်အနေအထားကို
အသင့်ပြင်ထားလိုက်၏။
တစ်ဖက်ကစားသမားကလည်း အတော်တော်သည်။
သူ့အထပ်ထပ်ကာထားသည့်
အရံအတားအကာအစည်းတွေကို ဖောက်ပြီး သူ့ဘုရင်ကို
Check Mate လုပ်နိုင်ဖို့ ကြိုးစားနေသည်။
မထင်မှတ်လောက်အောင် အဆုတ်အတက်အားလုံးကို
အချိတ်အဆက်မိမိ ကစားနိုင်သူမို့ ဒီလိုလူမျိုးကိုမှ
လျှော့တွက်မိသည့် မိမိကိုယ်ကိုလည်း
ဒုတိယအကြိမ်အဖြစ် ကျိန်ဆဲလိုက်မိသည်။
သို့သော် ဝါက စကားပြောသည်ဟု ဆိုရမလားမပြောတတ်။
ပြိုင်ဖက်မှားရွှေ့လိုက်သည့် အကွက်တစ်ကွက်ကို
သူခဏချင်းသတိထားမိလိုက်သည်။
ထို့နောက်တော့ သူအားအကိုးရဆုံး
Knight အဖြူနှင့် ဒ. ၁ည်းတစ်စုံကို သုံးကာ ရန်သူ



အင်ပါယာကို ကောင်းကောင်းဒုက္ခပေးတော့သည်။
တခြားသူတွေတော့ မသိ။ သူကတော့ Knight တွေကို
သဘောကျသည်။ Bishop တို့၊ Castle တို့ဆိုတာက
သူတို့ရှေ့မှာ ပိတ်ကာထားလျှင် ဘာမှ ဆက်လုပ်လို့မရပေမယ့်
Knight တွေကတော့ ဒီလိုမဟုတ်။
ရန်သူ့အတားအဆီးတွေကို ကျော်လွှားပြီး သွားနိုင်သည်။
အရပ် ၈ မျက်နှာကို သွားနိုင်သည်။
ရွှေ့ကွက်တစ်ကွက်တည်းကနေ ရန်သူနှစ်ယောက်ကို
ထိန်းချုပ်ထားနိုင်သည်။ ဒီလိုအရည်အချင်းတွေကြောင့်လည်း
Knight ကို ပိုကြိုက်မိသည်လား မပြောတတ်။
Knight နှစ်ကောင်ကို အပေးအယူတည့်တည့်အသုံးပြုနိုင်မှု၏
အကျိုးဆက်က ကြီးမားသည်။ ပွဲအစတစ်ပိုင်းလုံး
ပြိုင်ဖက်က ကြီးမားသည်။ ပွဲအစတစ်ပိုင်းလုံး
ပြိုင်ဖက်ကို အလူးအလဲကာကွယ်ခဲ့ရသည့် အခြေအနေမှ
ယခုအခါပွဲကို အုပ်စီးမိသည့် အခြေအနေသို့ရောက်ခဲ့ပြီ။
Knight တစ်စုံကြောင့် ဖရိုဖရဲဖြစ်သွားသည့်
ရန်သူ့တပ်တွေကို Bishop တို့၊ Castle တို့ ဘုရင်မတို့က
အနောက်ဖက်က လိုက်လံတိုက်ခိုက်နေသဖြင့်
တချို့စစ်မျက်နှာစာများမှာဆိုလျှင်
သူတို့စစ်သည်တွေ အသာစီးရနေလေပြီ။
သူတို့ စစ်သည်တွေ တီးမှုတ်နေသည့် စစ်ခရာသံ၊
စစ်တံပိုးသံတို့က စစ်တုရင်ခုံပေါ်တွင်
ကြက်သီးဖြန်းဖြန်းထဖွယ်။

"ကျုပ်တို့ရှေ့က ရန်သူ့ Pawn တွေ
အချိတ်အဆက်ပြတ်ကုန်ပြီဗျ။
ကျုပ်တို့ ကျားထိုးတက်ချင်တယ်။ ကျားထိုးတက်ပါရစေ"
ဘုရင်မဦးဆောင်ထားသည့် ဘယ်ဖက်အခြမ်းရှိ
Pawn လေးကောင်က သူ့ကို
အားတက်သရော လှမ်းပြောသည်။
သို့သော် ဒီလိုကျားထိုးတက်သည့် ဗျူဟာက
အကျအဆုံးများတတ်သဖြင့် သူ့အနေနှင့် သဘောမကျ။
"ဟ... ဒီလိုကျားထိုးတက်ရင် မင်းတို့သေကုန်မှာပေါ့"
သူစိုးရိမ်ဟန်ဖြင့် ပြောတော့ Pawn လေးကောင်က
တွေဝေဟန်အလျဉ်းမရှိသည့် မျက်နှာပေးများနှင့်
"သေပစေလေဗျာ။ ဒီပွဲသာနိုင်မယ်ဆို ကျုပ်တို့သေလည်း
တန်ပါတယ်ဗျ"
"ဟုတ်တယ်"
"မှန်တယ်"
"ကျုပ်တို့ကို မငဲ့နဲ့"
သူနယ်ရုပ်များ၏ စကားသံတို့က ရဲရဲတောက်နေသော်လည်း
သူကတော့ လေးပင်စွာ ခေါင်းယမ်းမိသည်။
"စတေးတိုင်းလည်း နိုင်ချင်မှ နိုင်တာပါကွာ။ ငါကတော့
စတေးတယ်ဆိုတာကို မလွှဲသာတော့မှလုပ်ဖို့
ဆုံးဖြတ်ထားတယ်။
မလောပါနဲ့ကွာ။ တို့မှာ ရွှေ့စရာအကွက်တွေရှိပါသေးတယ်"
ထို့နောက် သူကပင် ဆက်၍



"ကြည့်နေပါကွာ။ နောက် (၁၀) ကွက်လောက်ရွှေ့ပြီးတာနဲ့
ရန်သူ့တပ်တွေ လှုပ်လို့ရတော့မှာမဟုတ်ပါဘူး"
အသက်ကို အားပါးတရရှူရှိုက်ရင်း
သူ့ကိုယ်သူ ယုံကြည်စွာပြောမိတော့ ချောင်လေးထဲတွင်
ကပ်နေသည့် ဘုရင်ကြီးဆီက အသံထွက်လာသည်။
"ပွဲမပြီးသေးဘူးနော် သူငယ်ချင်း၊ ပွဲကို အာရုံစိုက်ထား
နိုင်တယ် ရှုံးတယ်ဆိုတာ ပွဲပြီးချိန်မှ သိရတာ။
အခုအချိန်မှာ ပြောလို့မရသေးဘူး"
သူ့အနေနှင့် ကြောက်တတ်လွန်းသည့် ဘုရင်ကြီးကို
ခွန်းတုံ့ပြန်မနေတော့"
"စောင့်ကြည့်ပေါ့ဗျာ" ဟူသည့် အကြည့်နှင့် ကြည့်ကာ
ရန်သူ့တပ်၏ ဘယ်ခြမ်းကို သူ့ဘုရင်မ သုံး၍
ထိုးစစ်ဆက်ဆင်လိုက်သည်။
အော်သံ၊ ဟစ်သံ၊ ကြုံးဝါးသံ၊ တောက်ခတ်သံများကြားတွင်
ရန်သူစစ်သည်တချို့မှာ အတုံးအရုံး။
တချို့မှာ အလွဲအကွဲ။
ရန်သူ Pawn တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်၊ လေးကောင်။
နောက်ပြီး ရန်သူ့ Knight က တစ်ကောင်။
သူခြေမှုန်းခဲ့သည့် ရန်သူ့စစ်သည်များကို ရေတွက်ရင်း
ကြိတ်ပြုံးမိလိုက်စဉ်
"ကျစ်... သွားပြီကွာ"
ပြိုင်ဖက်ကစားသမားဆီက
စိတ်ပျက်ညည်းညူသံကို ကြားတော့ သူ့သွေးတို့က

နားထင်လို့ ပိုရောက်ချင်သွားသည်။
ဒီအခြေအနေနှင့် ဒီအခြေအနေဆို
ဒီပွဲကို သူနိုင်လောက်ပါပြီဟု တစ်ထစ်ချတွက်လိုက်ပြီး
ဘုရင်မကို ရှေ့တန်းတစ်နေရာသို့ ရွှေ့လိုက်သည်။
ဒါကပဲ သူ့ကို ချောက်ကျစေသည့်
မဟာအမှားကြီးဖြစ်လေသည်။
သူ့ရွှေ့ကွက်ကြောင့် ရန်သူများကို ရှုပ်ရှုပ်ချုံချုံချေမှုန်းနေသည့်
ဘုရင်မ၏ တပ်ဦးက ရန်သူ့နယ်မြေထဲသို့
အလုံးစုံကျွံဝင်သွားခဲ့သည်။
တစ်ဖက်လူ၏ ရွှေ့ကွက်တွေ၊ တိုက်ကွက်တွေနှင့် ဘာမှမဆိုင်
ပြိုင်ဖက်ကို နောက်တစ်ကြိမ် အထင်သေးမိသည့်
သူ၏ ရွှေ့ကွက်က မှားယွင်းသွားခဲ့ခြင်းသာ။
အရှေ့မှာရော၊ အနောက်မှာပါ
ရန်သူတွေ ဝိုင်းရံပိတ်ဆို့ခံလိုက်ရချိန်မှာတော့ ဘုရင်မ
သူမအခြေအနေကို သဘောပေါက်သွားဟန်ဖြင့် ပြုံးကာ
သူ့ဖက်သို့ လှည့်စကားပြောသည်။
“နောက်တစ်ခါ ရွှေ့ကွက်မမှားပါစေနဲ့နော်”
တည်ငြိမ်လွန်းလှသည့် ဘုရင်မစကားသံက
သူ့ရင်ကို ခွင်းဖောက်သွားသည့်နှယ် သူ့လက်အစုံက
အေးစက်သွားသည်။ စိတ်ပျက်အားလျော့သွားသည့်
ဟန်ပန်အမူအယာတွေက သူ့မျက်နှာပြင်ပေါ်တွင်
အထင်းသား။
“စိတ်ချပါ ဘုရင်မရယ်”



သူတီးတိုးရေရွတ်ရင်း စစ်တုရင်ခုံပေါ်က
ဆွဲချခံလိုက်ရသည့် ဘုရင်မကို ရင်နာနာနှင့်
ကြည့်နေလိုက်ရသည်။
ထို့နောက် လွတ်သွားသော သူ့ဘုရင်မနေရာတွင်
ရန်သူ့ဘုရင်မက အစားထိုးရောက်လာလေ၏။
သွားလေပြီ။ သွားခဲ့ပြီ။ သူ့အား အထားရဆုံး
စစ်သည်တော်တစ်ဦး သူ့ပေါ့ဆမှုကြောင့် ကျဆုံးခဲ့ရပြီ။
သိပ်မကြာလိုက်။
ခေါင်းဆောင်မရှိတော့သော စစ်မျက်နှာရှိ
သူ့ Pawn လေးယောက်လုံး ရုတ်တရက်ဆိုသလိုပင်
ချေမှုန်းခံလိုက်ရ၏။
ပွဲက မထင်မှတ်လောက်အောင် ပြောင်းလဲသွားခဲ့သည်။
အင်အားချင်းကလည်း အတော့်ကို ကွာသွားခဲ့သလို
သူ့စစ်သည်တို့၏ မျက်နှာထက်တွင်လည်း မယုံကြည်နိုင်ခြင်း
အရိပ်အယောင်တို့ ထင်ဟပ်နေသည်။
“ဘာဖြစ်သွားတာလဲ၊ ဘာဖြစ်ကုန်တာလဲ”
မေးခွန်းများကလည်း စီဝေလာသည်။
ထိုစဉ်မှာပင် ရှေ့တန်းရောက် သူ့ Knight တစ်ကောင်ကို
တစ်ဖက်ရန်သူ၏ Castle က အတင်းဝင်လုံးသည်။
ချောင်ပိတ်သည်။ အသေခံတိုက်သည်။ နောက်ဆုံး
ထို Castle ကို သူ့ Knight နှင့်
မစားလို့မရသည့် အခြေအနေရောက်အောင်
တွန်းပို့ခံလိုက်ရသည်။

အကြပ်ရိုက်သွားသည့် မျက်နှာထားဖြင့်
တစ်ဖက်က သူ့ပြိုင်ဖက်ကို ကြည့်တော့ ပြိုင်ဖက်က
ပုခုံးတွန့်ကာ ပြောသည်။
"မင်းကြားဖူးလား"
"ဘာကိုလဲ"
အဆက်အစပ်မရှိသည့် မေးခွန်းမို့ သူပြန်မေးလိုက်သည်။
"အသားပေး အရိုးချိုးဆိုတဲ့ စကားလေ၊
မင်း Knight တွေက အရမ်းကောင်းနေတော့
ငါရှင်းပစ်ဖို့ လိုလာပြီပေါ့"
ပြိုင်ဖက်၏ မျက်နှာက
သွေးအေးရက်စက်လွန်းသူတစ်ယောက်လို
ကြောက်မက်ဖွယ်
"စာနာစိတ်မရှိတဲ့ ကောင်"
စိတ်ထဲကနေ တိုးတိုးလေးဆဲရေးရင်း သူ့ Knight နှင့်
ရန်သူ Castle ကို စားလိုက်သည်။
ဒါကို တွေ့တော့ ပြိုင်ဖက်က နှစ်လိုစွာ ပြုံးသည်။
သူ့အပြုံးတွေက မသတီစရာ။
ဘာရယ်မဟုတ် အရေးနိမ့်လျက်ရှိသော
သူ့စစ်သည်တွေကို ကြည့်ရင်း မချင့်မရဲဖြစ်မိသည်။
တကယ်ဆို နိုင်နေသည့်ပွဲ။ သူ့ကြောင့်မို့
ရှုံးရလေသည်ဆိုသည့်အသိက ပိုလို့ပင်ခံရခက်စေ၏။
ထို့နောက်တော့ သူတစ်လှည့်ကိုယ်တစ်လှည့်တိုက်ခိုက်ရင်း
ပြိုင်ဖက်၏ ဟာကွက်ကိုသာ စောင့်ဖို့ ဆုံးဖြတ်လိုက်သည်။



ပြိုင်ဖက်ကလည်း ဒါကို သတိထားမိပုံပင်။ ရွှေ့ကွက်တိုင်းကို
သတိကြီးကြီးထားကာ ရွှေ့နေသည်။
သို့သော် ကံကြမ္မာက သူ့ဖက်အလှည့်ပေးဟန်တူသည်။
ပြိုင်ဖက်၏ ရွှေ့ကွက်တစ်ကွက်မှားသွားသည်။
ထိုအခွင့်အရေးကို အမိအရယူကာ သူပြန်တိုက်သည်။
ရန်သူ့စစ်သည်တွေ ကြောင်ကုန်ကြသည်။ ရုတ်တရက်
ပြောင်းလဲသွားသည့် အခြေအနေကို သူတို့လည်း
နားလည်ဟန်မတူ။
သူ့ဖက်ကလည်း ပြိုင်ဖက်ကို အသက်ရှူခွင့်မပေးဘဲ
တရစပ်တိုက်စစ်ဆင်သည်။
ဒီလိုနဲ့ ရန်သူနယ်မြေကို ချဲ့ရင်း
လမ်းကြောင်းတစ်ခုပွင့်လာသည်။
သူကင်းပေါက်အောင် ကြိုးစားရတော့မည်။
ဒီအတွက်က ကိစ္စမရှိ။ သူက နယ်ရုပ်ပင်ဖြစ်စေ
တော်ရုံချကျွေးတတ်သူမဟုတ်သည်မို့
ပြိုင်ဖက်ထက် Power သာ လျော့သည်။
အကောင်ရေကတော့သာ၏။
ကင်းပေါက်ဖို့ ကြိုးစားရန်
Pawn အရေအတွက်ကို
တစ်ချက်လှမ်းကြည့်သည်။
လေးကောင်ကျန်သေးသည်။
အိုကေပြီ။
ထို့နောက် ပန်းတိုင်ဆီသို့ တစ်လှမ်းချင်း။

"ဟာ ဟာ လုပ်ကြပါဦး၊ တားကြပါဦး၊ ဟိုကောင်တွေ
ကင်းပေါက်တော့မယ်"
ရန်သူ့စစ်သည်တွေ လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။
သူ့ပြိုင်ဖက်ကို ကြည့်တော့လည်း ဇောချွေးတွေ ပျံနေသည်။
သူကင်းပေါက်ဖို့က နှစ်ကွက်လောက်ပဲ လိုတော့သည်။
ကင်းပေါက်တော့မည့် Pawn တွေကို ရန်သူစားမရအောင်
Pawn သုံးကောင်က အချင်းချင်းထောက်ပေးထားသည်။
Castle တို့၊ Bishop တို့နှင့် လှမ်းချိန်ဖို့လို့မရစေရန်လည်း
သူ့ Castle တွေ၊ Bishop တွေက
အဓိကနေရာများတွင် ယူထားသည်။
နောက်ပြီး သူ့ပြိုင်ဖက်က Pawn တွေကို ချကျွေးတတ်သူမို့
Pawn အချင်းချင်း ထိပ်တိုက်ပိတ်ဖို့ဆိုတာတော့ ဝေလာဝေး။
သူ Pawn သုံးကောင်လာရာလမ်းတွင်
ရန်သူ၏ ဘာ Pawn မှ မရှိ။
လမ်းက ဟင်းလင်းပွင့်နေ၏။
သူ့ Pawn များ ကင်းမပေါက်စေရေးအတွက်
ပြိုင်ဖက်ကလည်း အသည်းအသန်ကြိုးစားရှာသည်။
သို့သော် သူ့ပြိုင်ဖက်၏ ကြိုးစားမှုများက အချည်းနှီးပင်။
သူကင်းပေါက်ခဲ့ပြီ။ ဘုရင်မရခဲ့ပြီ။
သူ့မှာ ဘုရင်မရှိသွားပြီဆိုသည့် အသိက သူ့ပြိုင်ဖက်ကို
အတော်ခြောက်ခြားသွားစေသည်။
သူ့ပြိုင်ဖက်တစ်ယောက် သွေးရူးသွေးတန်းဖြစ်လာသလို
ရွှေ့ကွက်အမှားတွေကို ရွှေ့လာသည်။



အမှားပေါ် အမှားဆင့်လာသည်။ နောက်ဆုံး
ထိုအမှားများမှတစ်ဆင့် ရန်သူ့ဘုရင်ကို
သူချောင်ပိတ်လိုက်နိုင်ခဲ့သည်။
'Check Mate'
သူ့ကြွေးကြော်သံအဆုံးတွင်
ပြိုင်ဖက်ခေါင်းငိုက်စိုက်ကျသွားသည်။
"ဘာကြောင့်လဲ၊
ဘာလို့လဲ၊
ငါနိုင်ရမှာလေ"
အရှုံးကို လက်မခံနိုင်သေးသည့် ပြိုင်ဖက်ကို
သနားဟန်ဖြင့် ကြည့်ပြီး ကစားဝိုင်းမှ ထရန်
သူဟန်ပြင်လိုက်သည်။
"နေဦး"
ပြိုင်ဖက်၏ ဟန့်တားသံကြောင့်
လှည့်ကြည့်ပြီး မေးဆက်ပြလိုက်၏။
"ကစားပွဲတိုင်း ငါအမြဲရှုံးရသလို
မင်းချည်းပဲ အမြဲနိုင်နေတာ ဘာကြောင့်လဲ။ မင်းနဲ့ ငါနဲ့က
ဘာတွေများ ဒီလောက်ကွာနေလို့လဲ"
ပြိုင်ဖက်ဆီက စကားကြားတော့
သူဟက်ခနဲရယ်လိုက်မိသည်။
ထို့နောက် ပြိုင်ဖက်၏ မျက်နှာနားသို့ ကပ်ကာ
"မင်းနဲ့ ငါနဲ့ ကွာတာတစ်ခုပဲရှိပါတယ်။
မင်းက စစ်တုရင်ခုံပေါ်က အရုပ်တွေကို

သက်မဲ့လို့သဘောထားတယ်။ ငါကတော့ သက်ရှိ
လို့ သဘောထားတယ်။ မင်းက သူတို့ကို
အလွယ်တကူ ထိုးကျွေးနေချိန်မှာ ငါကတော့ သူတို့ကို
ခက်ခက်ခဲခဲ ကာကွယ်နေတယ်။ ဒီလောက်ပါပဲ။
ငါဘာလို့ အမြဲနိုင်လဲဆိုတာတော့
မင်းဘာသာပဲဆက်စဉ်းစားပေါ့ကွာ"
စကားအဆုံးမှာတော့ ကစားဝိုင်းကို ကျောခိုင်း၍
သူချာခနဲလှည့်ထွက်လာခဲ့သည်။

×××

အောင်မြင်မှုကို ခုံမင်သူတွေလည်း ရှိနိုင်ပါသည်။
ဆုတံဆိပ်ကို တပ်မက်သူတွေလည်း ရှိနိုင်ပါသည်။
သို့သော် ထိုလူတွေအားလုံး စစ်တုရင်ခုံပေါ်က
အရုပ်လေးတွေကို မြတ်နိုးကတ်ကြပါလျှင်
..........................................................
..........................................................
.........................................။

လင်းမြတ်

□ □ □

# တန်ဖိုး

ဒီနေ့ အဖေနှင့် အမေလာကြတော့
သားလေးသိပ်ပျော်နေခဲ့သည်။ အိမ်ထောင်ကျလျှင်
အိမ်ခွဲနေမည်ဆိုသည့် ကျွန်တော့်ဆုံးဖြတ်ချက်ကြောင့်
အဖေအမေတို့နှင့် သိပ်မနီးမဝေးတစ်နေရာမှာ
အိမ်ဝယ်ပြီး နေခဲ့ပေမယ့် အလုပ်တွေကြောင့်
ခဏခဏတော့ မရောက်ဖြစ်ခဲ့။
ဒီကြားထဲ သားလေး မွေးလာတော့
အလုပ်က ပိုရှုပ်သွားသည်။
ခါတိုင်း တစ်လကို တစ်ခေါက်သွားနေရာက
အခုများဆို သုံးလတစ်ခေါက်တောင် မရောက်ချင်။
ငယ်ငယ်တုန်းကကျတော့လည်း ကလေးက ငယ်သေးလို့။
အရွယ်ရောက်ပြန်တော့လည်း
ကလေးက မူကြိုတတ်ရတာနှင့် ဘာနှင့်ဆိုတော့
ကိုယ်က အားလျှင် ကလေးက မအား၊ ကလေးက အားလျှင်
ကိုယ်က မအားမို့ အဖေတို့ဆီမသွားဖြစ်။ ရှိတာမှ
သားအမိသားအဖသုံးယောက်တည်းမို့ တကွဲတပြားတော့
မလာချင်သည်ကို အဖေတို့ကတော့ နားလည်ပေးသည်။
ထိုနေ့ကလည်း ပုံမှန်ဆိုစကားနည်းသည့် သားက
သူ့အဘိုးအဘွားတို့နှင့်လည်း တွေ့ရော
စကားတွေ ရွှန်းရွှန်းဝေနေသည်မို့ မိန်းမကို လက်တို့ရင်း
လင်မယားနှစ်ယောက်တောင် အံ့ဩလို့။

"သားသား ဘာလိုချင်လဲ"
အဖေတို့က ထုံးစံအတိုင်း ကလေးကို မေးသည်။
မြေးဆိုတာမျိုးက အဘိုးအဘွားတို့၏ အသည်းကျော်မို့
ကလေးတောင်းတာ ဘာမဆို ဖြည့်ဆည်းပေးလိုကြသည်။
"အင်း..."
သားက "အင်း"ကို သံရှည်ဆွဲရင်း စဉ်းစားနေလိုက်သည်။
အနည်းငယ်ကြာတော့ ဘာမှစဉ်းစားမရသည့် မျက်နှာပေးနှင့်
"မုန့်ဖိုးပဲပေးပါတော့ ဘိုးဘိုးနဲ့ ဘွားဘွားရယ်"
မြေးဖြစ်သူ၏ စကားကြားတော့ အဘိုးနှင့် အဘွားက
၁၀၀၀ တန်တစ်ရွက်ထုတ်ပေးသည်။
တစ်ဆက်တည်းမှာပင်
၁၀၀၀၀ တန်တစ်ရွက်ထုတ်ကာ
သူတို့ ချွေးမလက်ထဲကို ထိုးထည့်ပေးလိုက်၏။
ဒါကိုတွေ့တော့ ကျွန်တော်ပြုံးမိသည်။
ကျွန်တော် အထင်မမှားလျှင် ထို ၁၀၀၀၀ တန်သည်
သား၏ မုန့်ဖိုးသာဖြစ်လိမ့်မည်။
ကျွန်တော်ငယ်ငယ်တုန်းကလည်း အဖေနှင့် အမေက
ဒီပုံစံအတိုင်းသာ။
ကျွန်တော်တို့ မိသားစုမှာ
ပိုက်ဆံအရမ်းမချမ်းသာကြသည့်တိုင်
ချောင်ချောင်လည်လည်ဆိုသည့် အဆင့်လောက်တော့ရှိသည်။
အဖေက သာမန်ရုံးဝန်ထမ်းသာဖြစ်သော်လည်း အမေက
ငွေကို အသေအချာစီမံခန့်ခွဲနိုင်သည်မို့



လက်ထဲ ပိုက်ဆံပြတ်၍ ဟိုဟာပေါင်၊ ဒီဟာပေါင်တော့
မလုပ်ခဲ့ရ။
ထိုတုန်းက ကျွန်တော့်အသက် ၉ နှစ်။ မုန့်ဖိုးဆို၍
၂၀၀ သာရသည်။ အဖေတို့၏မူက ထမင်းကို
ဟင်းကောင်းကောင်းနှင့် အဝကျွေးမည်။
တခြားမလိုအပ်သည့် သွားရည်စာများစားတာကိုတော့
အားမပေးကြ။ ထို့အပြင် ကလေးကို မလိုအပ်ဘဲ
ပိုက်ဆံများများပေးလျှင် ကလေးပျက်ဆီးလွယ်သည်ဟု
အခိုင်အမာယုံကြည်ကြသည်။
ဒီလိုနှင့် ကျွန်တော့်အသက် ၁၁ နှစ်လောက်မှာ
အဖေက ရာထူးတိုးသည်။ ယခင်လစာထက်
နှစ်ဆခန့်မြင့်သွားသည်။ သို့သော် မုန့်ဖိုးကိုတော့ တိုးမပေး။
အထက်တန်းရောက်မှသာ ၅၀၀ ရသည်။
၁၀ တန်းအောင်တော့ ကျွန်တော်သဘောကျသည့်
ကွန်ပျူတာတက္ကသိုလ်ဝင်သည်။ ကျောင်းလည်း တက်ရင်း
တစ်ဖက်ကလည်း
ကွန်ပျူတာနှင့်ပတ်သက်သည့် အလုပ်တစ်ခုလုပ်သည်မို့
မုန့်ဖိုးတောင်းစရာမလိုတော့။
ကိုယ့်ပိုက်ဆံကိုယ်သုံးနိုင်သော အခြေအနေရောက်ခဲ့သည်။
ငယ်ကတည်းက စွဲလာသည့် အကျင့်ကြောင့်လည်း
တစ်လတစ်လငွေအတော်ရသည့်တိုင်
ဟော့ဟော့ရမ်းရမ်းမသုံးဖြစ်။
ခုလည်း သူတို့အကျင့်အတိုင်း မြေးကို စိတ်ကျေနပ်စေရန်

၁၀၀၀ တန်တစ်ရွက်ထုတ်ပေးပြီး
တန်ဖိုးများသည့် ၁၀၀၀၀ တန်က
လူကြီးလက်အပ်လိုက်သည်ကို ပြန်စဉ်းစားမိတော့
ဒုတိယအကြိမ်အဖြစ် ကျွန်တော်
နားလည်စွာ ပြုံးလိုက်သည်။
"ကဲ မြေးလေးရေ ဘိုးဘိုးတို့ သွားပြီဟေ့။
သားနဲ့ သမီးရောပဲနော် အဖေတို့သွားပြီ"
ပြောရင်းဆိုရင်း မောင်းထွက်သွားသည့် ကားလေးနှင့်
အဖေအမေတို့၏ ကျောပြင်ကို ငေးကြည့်ရင်း
ကျွန်တော်တို့ အိမ်ထဲဝင်ခဲ့ကြသည်။

×××

ညနေ…။
မနက်က ဝယ်လာခဲ့ပေမယ့် အဖေနှင့် အမေတို့လာသဖြင့်
မဖတ်ရသေးသော သတင်းစာကို ဖတ်နေခိုက်
ဇနီးဖြစ်သူကတော့ သားကို သင်္ချာသင်ပေးနေသည်။
"တစ်ဆယ်နဲ့ တစ်နဲ့ ဘယ်သူကများလဲသား"
"တစ်ဆယ်မေမေ"
"ဟုတ်ပြီ။ ဒါဆို တစ်ဆယ်ထဲက တစ်ကို နှုတ်လက်သီးဆုပ်
လက်သီးထဲမှာ တစ်ရှိတယ်။ တစ်ပြီးတော့ နှစ်၊ သုံး၊ လေး၊
ငါး၊ ခြောက်၊ ခုနှစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်။
ဘယ်နချောင်းလဲ သား"
"ကိုးချောင်း"
"ဟုတ်ပြီ ကိုးရလို့ ကိုးကိုရေး"



အတိုက်အဖောက်ညီနေသည့် သားအမိနှစ်ယောက်ကို
သူပီတိလွှမ်းသော မျက်လုံးအစုံနှင့် ကြည့်မိလိုက်သည်။
သားက စာတော်သည်။ ဉာဏ်ကောင်းသည်။ ခုလည်း
စာရေးရင်းကနေ သူ့အမေကို ပြောသည်။
"မေမေတစ်ဆယ်နဲ့ တစ်က ဘာမှလည်း သိပ်မကွာဘူးနော်"
"ကွာပါတယ် သားရဲ့။ ကြားထဲမှာ
ဂဏန်းတွေ အများကြီးရှိတဲ့ ကိစ္စကို"
အမေဖြစ်သူ၏ စကားကြားတော့
မှန်းချက်နှင့် နှမ်းထွက်မကိုက်ဟန်ဖြင့် သားမျက်နှာက
မဲ့ရွဲ့သွားသည်။
"အာ… အမေကလည်း သားပြောတာ တစ်က တစ်လုံးတည်း
၁၀ ကျနှစ်လုံးလို့ ပြောတာ။ နောက်ပြီး တစ်ရဲ့ နောက်ကို
သုညထည့်လိုက်တော့ တန်ဖိုးများသွားတာကို ပြောတာ"
သား၏ စကားကြားတော့ ဇနီးသည်က ရှက်ကိုးရှက်ကန်းဖြင့်
"သားကလည်း သားက အဲဒါပြောမှန်း မေမေမှ မသိတာ"
ထိုအချိန် ဇနီးသည်နှင့် သားဖြစ်သူကို ကြည့်ရင်း
ကျွန်တော်အားပါးတရရယ်မိလိုက်သည်။
ထိုသို့ရယ်နေရင်းက
"ငါ့မိန်းမတော့ ခံလိုက်ရပြီဟေ့။ ဘယ့်နှယ်ရှိစ။
ကဲ…။ လာစမ်းပါဦး သားရယ် အဖေ့ဆီကို"
ကျွန်တော့်ခေါ်သံကြားတော့ သားက ခဲတံကို လွှတ်ချပြီး
ဆိုဖာပေါ် အပြေးတက်လာသည်။
"ဒီမှာ ကြည့်စမ်းသား"

ကျွန်တော့်စကားသံကြားတော့ သားက မော့ကြည့်သည်။
"သုညက ဘာတန်ဖိုးရှိလဲ"
"ဘာမှမရှိဘူးလေ ဖေဖေရဲ့"
"ဟုတ်ပါ့ဗျာ။ ဒါပေမဲ့
အဲဒီသုညက တစ်ခြားဂဏန်းရဲ့ နောက်ကို
ရောက်သွားရင်တော့ တန်ဖိုးက အများကြီးတက်သွားရော"
သားက ကျွန်တော့်စကားကို
စိတ်ပါဝင်စားစွာ နားထောင်နေသည်။
"တစ်ရဲ့ အနောက်မှာ သုညတစ်လုံးဆို တစ်ဆယ်နော်"
"ဟုတ်"
"ဟောဒီမှာကြည့်စမ်း"
ကျွန်တော်က အိတ်ထဲရှိ တစ်ရာတန်တစ်ရွက်ကို
ထုတ်ပြလိုက်ပြီး
"တစ်ရဲ့ အနောက်မှာ သုညနှစ်လုံးရှိတယ်တွေ့လား"
"ဟုတ်"
"အဲဒါကို တစ်ရာလို့ခေါ်တယ်။
တစ်ဆယ်ထက် တန်ဖိုးကြီးတယ်"
ထိုစဉ် သားက တစ်ခုခုကို သိသွားသော မျက်နှာပေးဖြင့်
"ဒါဆို ဖေဖေ နေ့လယ်တုန်းက
ဘိုးဘိုးတို့ ပေးသွားတဲ့ ပိုက်ဆံကရော။
သုညသုံးလုံးတောင် ပါတယ်လေ"
"သူ့ကိုကျတော့ တစ်ထောင်လို့ခေါ်တယ် သားရဲ့။
ဟော ဒီတစ်ရာထက် ဘန်ဖိုးပိုများတယ်"



သားက တစ်ခုခုကို တွေးတောနေဟန်ဖြင့် ငြိမ်သွားသည်။
ဒီတော့မှ ကျွန်တော်က
"သားလည်း ဒီသုညလေးကို နမူနာယူ။ ဘာမှ
တန်ဖိုးမရှိတဲ့ သုညလေးတောင်
တခြားဂဏန်းအနောက်ရောက်တော့
တန်ဖိုးများသွားသေးတယ်တွေ့လား"
"ဟုတ်ကဲ့ ဖေဖေ"
သားက ကျွန်တော့်မျက်နှာကို မော့ကြည့်ကာ ပြန်ဖြေ၏။
သားမျက်လုံးအစုံကတော့ တဖျတ်ဖျတ်လက်ကာ...။

×××

ကွန်ပျူတာကို သည်းကြီးမည်းကြီးကြည့်နေစဉ်
သားရောက်လာ၍ လုပ်လက်စအလုပ်ကို
ခဏဖြတ်ထားလိုက်သည်။
"ဖေဖေ သားအိပ်တော့မယ်"
သားစကားကြောင့် တိုက်ကပ်နာရီကို လှမ်းကြည့်လိုက်တော့
၉ နာရီခွဲချေပြီ။
"အေး အေး သား။ အရင်အိပ်နှင့်တော့"
သား၏ နဖူးလေးကို နမ်းကာ အရင်အိပ်နှင့်ဖို့ပြောတော့
သားက ကျွန်တော့်လက်ထဲကို
တစ်စုံတစ်ခုထိုးထည့်ပေးလိုက်သည်။
ဘာများလဲဟု သိချင်စိတ်ဖြင့် ကြည့်မိတော့ မနက်က
အဘိုးနှင့် အဘွားဖြစ်သူတို့ သူ့ကို

ပေးခဲ့သည့် တစ်ထောင်တန်။
"ဒါက ဘာလုပ်ဖို့လဲ သားရဲ့"
ကျွန်တော့် အမေးကို ကြားတော့ သားက
အခန်းတံခါးဝဆီကနေ လှမ်းပြောသည်။
"ညနေက ဖေဖေပြောတယ်လေ။ ငွေစက္ကူနောက်မှာ
သုညများလေ တန်ဖိုးရှိလေပဲဆို။ အဲဒါကြောင့် ဖေဖေသုံးဖို့
အဲဒီတစ်ထောင်နောက်မှာ သုညနှစ်လုံး
သားထပ်ဖြည့်ပေးထားတယ်"
သားက ဂုဏ်ယူဝင့်ကြွားစွာပြောပြီး
အခန်းဝမှ ပျောက်ကွယ်သွားလေသည်။
သားစကားကြောင့် လက်ထဲရှိ ပိုက်ဆံကို ဖြန့်ကြည့်မိတော့
၁၀၀၀ ဆိုသည့် ဂဏန်းတို့၏ နောက်တွင်
ဘောပင်ဖြင့် ရေးထားသည့်
သုညနှစ်လုံးစီကို တွေ့လိုက်ရသည်။
"ဗျူး..."
သက်ပြင်းတစ်ခုကို ကျွန်ုပ်ဘော်မှုတ်ထုတ်လိုက်မိသည်။
ဂဏန်းအနောက်မှာရှိနေသော်လည်း
တချို့သုညတွေကတော့ ဘာကြောင့် တန်ဖိုးမရှိမှန်း
သားကို နားလည်အောင် ရှင်းပြဖို့
ကျွန်တော် စဉ်းစားရတော့မည်။

လင်းမြတ်

□ □ □

## နှင်းဆီရောင် ကတ္တီပါကကြိုး

မှောင်မိုက်နေတဲ့ နံနက်ခင်းတစ်ခုပေါ့။
အဲဒီနေ့က မိုးတွေရွာတယ်။
ဟုတ်တယ်။
သဲကြီးမဲကြီးကို ရွာနေခဲ့တာ။
ကံဆိုးမသွားလေရာ မိုးလိုက်ရွာတယ်ဆိုရင်
ဒီကံဆိုးကောင်သွားတဲ့ အခိုက်တော့ မုန်တိုင်း
လိုက်တိုက်လိမ့်မယ်ထင်တယ်။
တစ်ခါတစ်ခါ ကိုယ့်ဘဝကို ကိုယ်ပြန်သောက်မိတော့
အာရုံတွေက ခါးတယ်။
အများကြီးမလိုချင်ဘူး။ အများကြီး မလိုချင်ခဲ့ပါဘူး။
အဖေလို့ ခေါ်စရာရယ်။ အမေလို့ ခေါ်စရာရယ်။
နောက်ပြီး... မိုးလုံလေလုံအိမ်ကလေး တစ်လုံးရယ်။
ဒီလောက်ကလေးပါ။

ဒါပေမဲ့ ကြယ်စင်တန်းကို လက်နဲ့ဖမ်းဖို့ စိတ်ကူးလိုက်တိုင်း
ကိုယ့်အပေါ်က မြေသင်းခဲတွေကို ဖယ်ချနေရတာနဲ့တင်
အချိန်ကုန်ခဲ့တယ်။
အဲဒီနေ့ကလည်း လှေကားထစ်လေးမှာ ခွေ
မျက်ရည်တွေ တစ်စိမ့်စိမ့်ကြွေလို့။
အဲဒီအချိန်
"သား လူလေး ဗိုက်ဆာနေလား ကလေး"
အထူးအဆန်း ကိုယ့်ကို အဖက်လုပ်ပြီး
လာစကားပြောတဲ့သူကို ကြည့်တော့ အသက် ၃၀
အရွယ်ဦးလေးကြီးတစ်ယောက်ကို တွေ့လိုက်ရတယ်။
"ဦးလေးဆီမှာ မုန့်ပါတယ်။ စားမလား"
ဒီစကားသံကြားတော့
ကျွန်တော် ကပျာကယာခေါင်းညိတ်လိုက်မိတယ်။
ကိုယ့်ဝမ်းနာ ကိုယ်သာ အသိဆုံးမဟုတ်လား။
ဒီလိုနဲ့ သူပေးတဲ့ မုန့်ကို အငမ်းမရစားတယ်။
တစ်ခါမှ မစားဖူးတဲ့ အရသာကြောင့်
မျက်ရည်တွေတောင် ဝဲမိတယ်ဆို ယုံကြမလား။
နောက်ပြီး မွေးကတည်းက မမြင်ဖူးလိုက်တဲ့
အဖေနဲ့ အမေကို ကျေးချင်မိတယ်ဆိုရင်ရော ယုံပေးကြမလား။
ဘာပဲပြောပြော ကျွန်တော်ကံကောင်းခဲ့ပါတယ်။
စိတ်ကူးထဲက ကြယ်စင်တန်းကို လက်နဲ့ ဖမ်းဆုပ်ခွင့်ရခဲ့တယ်။
အဲဒီဦးလေးက ကျွန်တော့်ကို မွေးစားမယ်တဲ့။

×××



နာကျင်ခြင်းတို့ရဲ့ တိုင်းပြည်မှာ ငါဟာ တေဆိုးသူပါကွယ်။
ငိုလိုက်ယိုလိုက်နဲ့ ဒဏ်ရာတစ်ပုဒ်ကိုပဲ
ထပ်တလဲလဲ သီကျူးနေခဲ့တယ်။
ငါ့အတွက် နွေဟာ လွန်လွန်ကဲကဲပူတယ်ဆိုရင်
ဆောင်းဟာလည်း လွန်လွန်ကဲကဲကို အေးလိမ့်မယ်။
အိမ်ခြေယာမဲ့။
ဒီစကားလေးလုံးနဲ့ပဲ ဘဝကို ဆယ်နှစ်ကျော်
ဖက်လှဲတကင်းပြုခဲ့ရတယ်။
လောကဆိုတာကို ကန္တာရကြီးပါလို့ စွပ်စွဲမိတော့
သူက ပြုံးရင်း ပြောပါတယ်။
"ဒါဆိုလည်း အိုအေစစ်ကို လိုက်ရှာပေါ့ကွယ်"တဲ့။

×××

ဦးလေးရဲ့ အိမ်ကိုရောက်တော့
ကျွန်တော်ဟာ အလိုလိုနေရင်း သေးငယ်သွားသလိုပါပဲ။
ဦးလေးတို့အိမ်က အမျိုးတစ်ဖြစ်လည်း အကူအဒေါ်ကြီး
ကြီးကြီးမြင့်ရွှေက ကျွန်တော့်ကို လူထူးလူဆန်း
တစ်ယောက်လို ကြည့်တယ်လေ။
ဟုတ်မှာပါ။
နုံချာချာ ဒီရုပ်ဒီရည်ကို အိမ်ပေါ်ရုတ်တရက်ခေါ်တင်ဖို့ဆိုတာ
အထူးအဆန်းပေါ့။
သက်ပြင်းမောကို ရှိုက်ထုတ်ရင်း ဒုတိယမွိအဖြစ်
လောကဆိုတာ ကန္တာရကြီးပါလို့

ထပ်ပြောမိလိုက်ချိန်မှာတော့
ကျွန်တော့်ဘဝရဲ့ အိုအေစစ်လေးကို
မထင်မှတ်ဘဲ လှစ်ခနဲလှမ်းမြင်လိုက်ရတယ်။
ကြွကြွရွရွနဲ့ သူ့ခြေလှမ်းအချီအချတိုင်းမှာ
ဝင်သက်ထွက်သက်ရှိုက်ဖို့တောင် သတိတွေ
လက်လွှတ်ခဲ့တယ်။
ငါသာ ကောင်းကင်ပြင်ဆို
သူမဟာ ကြယ်စင်ပဲလို့ တွေးမိနေတုန်း
တိုက်တိုက်ဆိုင်ဆိုင် သိခွင့်ရခဲ့တာက သူမရဲ့ နာမတော်ဟာ
"တာရာ"ဆိုတာပါပဲ။
"ကောင်လေးနာမည်က ဘာလဲ ကိုကြီး"
ကြီးကြီးရဲ့ အမေးကို ကြားတော့
ဦးလေး ကြီးကြီးကို လှမ်းကြည့်သလို ကျွန်တော်လည်း
လှမ်းကြည့်လိုက်မိတယ်။
ကျွန်တော့်မှာ ကျွန်တော့်မှာ နာမည်မှမရှိဘဲ။
ရိပ်ခနဲဆိုင်းတက်လာတဲ့ ကျွန်တော့်မျက်ဝန်းရိပ်ကို
နားလည်လိုက်ပုံရပါတယ်။
ဦးလေးက စကားလမ်းကြောင်းလွှဲတယ်။
"သမီးငယ်တာရာ
သူက သမီးထက် တစ်နှစ်လောက် ပိုကြီးမယ်။
သမီးလိုချင်နေတဲ့ အစ်ကိုတစ်ယောက်
ရလိုက်ပြီလို့ သဘောထား။ ဟုတ်ပြီလား"
ဦးလေးစကားကို ကြားတော့ ကျွန်တော့်အိုအေစစ်လေးက



လက်ခုပ်လေးတီးပြီး ရယ်တယ်။
သူ့ဝမ်းသာတယ်ဆိုတဲ့ သဘောပေါ့။
"နောက်ပြီး ကလေး၊ မင်းကို ဦး အဲ ဖေဖေတို့က
မွေးစားလိုက်ပြီ။ ဒီနေ့ကစပြီး မင်းဟာ အဖေရဲ့ သားဖြစ်ပြီ။
နာမည်ကိုလည်း အလင်းသစ်လို့ မှည့်လိုက်ပြီ"
အလင်းသစ်။
အဖေ...။
သူတိုးဖွဖွရေရွတ်ရင်း ဦးတစ်ဖြစ်လည်း အဖေ့ခါးကို
အားကိုးတကြီး လှမ်းဖက်လိုက်တယ်။
အပြင်မှာတော့ တိမ်တွေ ငိုနေပြီထင်ရဲ့။

×××

တချို့တွေက ဩဇာပေးကြတယ်။
ချစ်ခြင်းရဲ့ နာမတော်ကို နှလုံးသားထက် အက္ခရာတင်ဖို့
ငါ့အသက်က သိပ်ငယ်သေးသတဲ့။
စိတ်ရှိလက်ရှိပါပဲ။ အဲဒီဩဝါဒတွေ ပြည့်နေတဲ့
ကျမ်းစာအုပ်ကို မီးတင်ရှို့သူတို့တွေက
ဟူးဟူးရားရား ရယ်တယ်လေ။
မပီပြင်ဝေဝါးမှုတွေထဲမှာ
အလင်းတန်းတချို့တောင် မှောင်နေတယ်။
ကျေးဇူးပြုပြီး တာရာရယ်။
ငါ့ညလေးမှာတော့ နင်လာသာပေးပါ။

×××

ဘဝဆိုတာ ဆန့်ကျင်ဖက်နှစ်ခုရဲ့ နိမိတ်ပုံပါ။
ဒီလိုဆိုတော့ ကျွန်တော်ပျော်ရွှင်မှုတချို့မှာလည်း
အနှာအဆာတွေ ပါခဲ့တယ်။
စာလုပ်ချိန်၊ အိမ်အလုပ်ကူချိန်၊
တာရာနဲ့ဘေးနေခွင့်ရချိန်တွေဟာ ကျွန်တော့်အဖို့တော့
နိဗ္ဗာန်ဘုံဆို ဘေးအိမ်က တရားသူကြီးသား "လျှပ်"
အိမ်ကို လာလည်ချိန်တိုင်းဟာ ကျွန်တော့်အတွက်
ငရဲပြည်ပေါ့။
"သူ ကျွန်တော့်ကို ထိုးတယ်"လို့ တာရာ့ရှေ့
ခြေဆောင့်မငိုပြချင်ဘူး။ စစ်ရှုံးသူစစ်သူရဲဆိုရင်တောင်
ချစ်ရသူရှေ့တော့ ရင်ကိုကော့ ခေါင်းကို မော့ရင်း
ရဲရင့်စွာ စီးချင်းထိုးချင်ပါသေးရဲ့။
လျှပ်ကို တစ်ခုတော့ ကျေးဇူးတင်ရပါတယ်။
ကျွန်တော်ဒဏ်ရာရခဲ့ရင် တာရာက ဆေးလူးပေးတယ်။
ပြီးရင် အဘွားအိုလေးတစ်ယောက်လို ကျွန်တော့်ကို
တဗျစ်တောက်တောက်ဆူမယ်။
ဘယ်လိုဖြစ်ပြီး ဒဏ်ရာရလာတာလဲ မေးတိုင်း
အဖြေမပေးတဲ့ ကျွန်တော့်ကို မျက်စောင်းထိုးမယ်။
သူမကိုပြုံးပြီး စိုက်ကြည့်နေတဲ့ ကျွန်တော့်ကို တွေ့ရင်
ရှက်ကိုးရှက်ကန်းဖြစ်ပြီး ပြေးထွက်သွားမယ်။
ဒီအခိုက်အတန့်တွေဟာ ကျွန်တော့်နာကျင်မှုအတွက်
လျော်ကြေးတွေပေါ့။ တခြားသူတွေအတွက် မသိပေမယ့်
ကျွန်တော့်အတွက်တော့ တန်ပါတယ်။ တန်ပါတယ်လေ။



အနိုင်ရသူရဲ့ သရဖူတခြားသူသာယူပါစေ။
ကျွန်တော်ကတော့ ရှုံးနိမ့်သူလို့ကြွေးကြော်
ချစ်သူရဲ့ ယုယမှုမှာပဲပျော်တယ်။
ဒီလိုနဲ့ပေါ့။ ကျွန်တော့်ဝင်သက်ထွက်သက်လေးလည်း
တစ်နေ့တခြား အရပ်မြင့်ခဲ့တယ်။ ရင်ဘတ်ထဲက
နှင်းဆီရောင်ကတ္တီပါကကြိုးလည်း တစ်နေ့တခြား
လင်းလက်လာခဲ့တယ်။
နောက်ပြီး ကျွန်တော့်ကိုယ်ပေါ်မှာ
လျှပ်ပေးခဲ့တဲ့ ဒဏ်ရာတွေကလည်း တစ်နေ့တခြား
များလာခဲ့တယ်။

×××

တုံးတိုက်တိုက်ကျားကိုက်ကိုက်...။ ချစ်မိသူလောက်တော့
ဘယ်အရာမှ လူမိုက်မမည်ဘူး ထင်ပါရဲ့။
လွယ်သလိုလိုနဲ့ ခက်တယ်။ မရနိုင်မှန်းသိလေလေ
ပိုပိုလို့လိုချင်လေ။ ဒီနေ့ဟာ ရင်ဘတ်ထဲက
ဘ. ာယ်တော့မှ ထွက်ပါ့မလဲ။
စဉ်းစားမရနိုင်တဲ့အဆုံး တစ် နှစ် သုံးအော်ပြီး
ရေကန်ထဲ ခုန်ဆင်းကြည့်တယ်။
ဒါပေမဲ့ အရိုင်းဆန်တဲ့ ဟောဒီရင်ဘတ်ကတော့
ပူဆဲ...။
ပူမြဲ...။

×××

အချိန်တွေက အကုန်လွယ်လွန်းတယ်။
ဟိုင်းဒီင်းကြည့်ရင်း ၁၀ နှစ်ဆိုတဲ့ အချိန်ဟာ
ရွက်အိုလေးတစ်ရွက်လို ဖြုတ်ခနဲကြွေကျသွားလေရဲ့။
ဒီအတောအတွင်း အဖေသင်ပေးခဲ့တဲ့ ကျေးဇူးကြောင့်
စာတွေ အတော်အတန်ဖတ်တတ်ခဲ့သလို
ဂဏန်းအပေါင်းအနုတ် အမြှောက်အစားတွေလည်း
အတော်ကျွမ်းကျင်နေခဲ့ပါပြီ။
နောက်ပြီး အဖေ့ပွဲရုံမှာတောင် မန်နေဂျာတစ်ယောက်နီးနီး
အားကိုးလို့ရနေပြီလေ။
ကားပေါ်မှာငြိမ်ပြီး ကျွန်တော်တွေးနေမိတယ်။ တစ်ချိန်က
လမ်းပေါ်မှာ တောင်းစားနေတဲ့ ကောင်လေးက
ခုလိုမျိုးဖြစ်လာခဲ့မယ်ဆိုတာ ဘယ်သူက မျှားထင်ပါ့မလဲ။
ဘာရယ်မဟုတ်ဘဲ ကျွန်တော်ပြုံးမိတယ်။
ကျွန်တော့် နှုတ်ခမ်းတချို့ကွေးညွတ်သွားတော့
အဖေက မေးတယ်။
"သား ဘာတွေ တွေးနေတာလဲ"
"ဘာမှ မဟုတ်ပါဘူး အဖေရယ်။ အဖေ့ကို အံ့သြလို့ပါ"
ကျွန်တော့်စကားကြားတော့ အဖေစိတ်ဝင်စားသွားပုံပါပဲ။
"ဟေ ဘာတွေအံ့သြတုန်းကွ"
"ပြောရမယ်ဆို အဖေနဲ့ ကျွန်တော်က
သွေးမတော်သားမစပ်လေ။ ဒီလိုသူစိမ်းကိုမှ ယုံယုံ
ကြည်ကြည်နဲ့ သားအဖြစ်မွေးစားတယ်။
အဖေ့အလုပ်တွေကို လွှဲလာခွင့်ပြုတယ်။



ဘယ်လောက်အံ့သြဖို့ကောင်းလဲ"
ကျွန်တော့်စကားဆုံးတော့ အဖေက ကားကို
ဘရိတ်အုပ်လိုက်တယ်။
ဘရိတ်အုပ်လိုက်တဲ့ အရှိန်ကြောင့် ယိုင်သွားတဲ့ ခန္ဓာကိုယ်ကို
ပြန်တည့်မတ်လိုက်ပြီး အဖေ့ကို ကြည့်မိတော့ အဖေက
တည်ငြိမ်စွာ ဆိုပါတယ်။
"ဒီမှာကြည့် သား။
သားနဲ့ အဖေက သူစိမ်းတွေ မဟုတ်ပါဘူးကွာ။
သားကို မြင်မြင်ချင်းမှာပဲ အဖေ့ငယ်ဘဝကို
သတိရလိုက်သလို
အဖေ့ကိုယ်ပွားလေးလို့ပါ သတ်မှတ်လိုက်မိတယ်။
ဒါကြောင့်မို့ သားကို မွေးစားခဲ့ပြီး ပြုစုပျိုးထောင်ခဲ့တာပေါ့"
အဖေ့စကားကြားတော့ ကျွန်တော်ငိုင်သွားမိတယ်။
တိတ်ဆိတ်နေတဲ့ကားလေးက
အခုမှ ပိုတိတ်ဆိတ်သွားသလိုပါပဲ။
တစ်ခါတစ်ခါ ကိုယ့်အသက်ရှူသံတောင်
ကိုယ်ပြန်ကြားနေရတယ်။

×××

ဆယ်တန်းအောင်တော့ တာရာက မြို့ပေါ်က အိမ်မှာနေရင်း
တက္ကသိုလ်တက်တယ်။ နယ်က အိမ်ကိုတော့
ကျောင်းပိတ်တော့မှပဲ ပြန်လာတတ်တယ်။
မှတ်မိပါသေးတယ်။ အိမ်နဲ့ ခွဲပြီး
မြို့မှာ ကျောင်းတက်ရတော့မယ်ဆိုတော့ ကျွန်တော့်ကို

ဖက်ပြီး သူငိုခဲ့သေးတယ်လေ။
နောက်ပြီး
"ငါနင်နဲ့ ခွဲပြီး ဘယ်လိုနေရမှာလဲဟာ"ဆိုတဲ့စကားလေးရယ်
ကျွန်တော့်ပါးပြင်ပေါ် သူမခြွေချခဲ့တဲ့
အနမ်းလေးတစ်ပွင့်ရယ်။
မှတ်မိပါသေးတယ်။
အခုတော့လည်း တစ်နှစ်... နှစ်နှစ်... သုံးနှစ်။
ဩော်... သူအသားကျလောက်ပြီထင်ပါရဲ့။

×××

လောကမှာ ဘယ်အရာမှ မတည်မြဲဘူး။
တည်မြဲတာတစ်ခုပဲရှိတယ်။ အဲဒါကတော့ မတည်မြဲတာပဲ။
ဒဿနတစ်ခုကို တိုးဖွဖွရွတ်ရင်း
အရင်ထက်လှလာတဲ့ တာရာ့ကို တရှိုက်မက်မက်
ငေးကြည့်မိတယ်။
မတွေ့ရတဲ့အတောအတွင်း နင်ပိုလှလာတယ်တာရာ။
"တာရာ"
အလျင်စလိုနိုင်စွာ ငါခေါ်မိတော့ နင့်မျက်နှာဖူးဖူးလေးက
ငါ့ဖက်လှည့်လာတယ်။
လှလိုက်တာ တာရာရယ်။
ဒါပေမဲ့ အရင်နဲ့ သိပ်မတူဘဲ မာဆတ်ဆတ်ဖြစ်နေတဲ့
နင့်မျက်နှာပေးလေးက မေးငေါ့ရင်း
"ဘာလဲ"
သူ့စကားလေးကြားလိုက်ရုံနဲ့



ရင်ဘတ်တစ်ခုလုံးက ပြာရီနင့်စူး ငါရူးနေပြီတာရာရေ။
"ဘာပြောမလို့လဲ"
ဟင်...။
ပြောဖို့...။
စကားတွေလား။
အများကြီးပေါ့ တာရာရယ်။ တစ်နေ့တစ်နေ့
ပြောချင်တဲ့ စကားတွေကို စုဘူးလေးထဲ ထိုင်ထိုင်စု
ငါဟာ ရူးနေသူဆိုတာ
ဒုတိယတစ်ကြိမ်ထပ်ပြောလိုက်ပါရစေ။
နင်လှလာတယ်။ နင်ချစ်ဖို့ကောင်းလာတယ်။ အို... ဒီထက်
အလင်္ကာမြောက်မယ့် စကားတွေကို စီစီရီရီနဲ့ သီကုံး
နင့်ကိုလေ ငါပြုံးပြုံးလေး ပြောချင်တယ်သိလား။
ဒါပေမဲ့ ဂန္ထဝင်ပုရပိုက်ဆီလှမ်းရှယ်ဖို့
ဒီလက်တွေက တုန်လှုပ် ငါ့စုတ်တံလေးလည်း မျက်နှာငယ်
မျက်လုံးက လယ်ကလယ်နဲ့ ငါသနားလိုက်တာ တာရာရယ်။
အိုကွယ် ပညက်တော်တွေထဲမှာ သရဖူအတွက်
စောင်းအိုတစ်လက်က ပန်းခူးပေးခွင့်မှ မရှိတာ။ ငါထိုင်ဆွေး
တွေးရင်း ငေးရင်း ရင်ဘတ်က ဒဏ်ရာကို
သွေးအေးတတ်ချင်ပြီ။
ဒီလိုနဲ့ ကဗျာဆန်ခွင့်မရှိတဲ့ ကဗျာတစ်ပုဒ်ကို
ကဗျာမဆန်စွာဘဲ ကားလိပ်ချခဲ့တယ်။
"ပင်ပန်းနေရင် နားလိုက်တော့နော်"

×××

ပြောင်းလဲတတ်တဲ့ လူ့သဘောကို
နားမလည်နိုင်ရိုးတော့ အမှန်ပါ။
တစ်ချိန်က တာရာ၊ အခု တာရာ။
အလွှာတွေ ခြားနေခဲ့လား။
ဟုတ်ပါတယ်။
အရင်ကလို နူးညံ့သိမ်မွေ့မှုတွေ သူမမှာမရှိတော့ဘူး။
အဲဒီအစား ပူလောင်ပြင်းပြမှုတွေပဲ ရောက်လာတယ်။
အရင်ကလို အေးဆေးတည်ငြိမ်မှုတွေ သူမမှာမရှိတော့ဘူး။
အဲဒီအစား တက်ကြွလှုပ်ရှားမှုတွေပဲ ရောက်လာတယ်။
နောက်ပြီး အရင်ကလို ကျွန်တော့်ကို ဂရုမစိုက်တော့ဘူး။
အဲဒီအစား......
အင်း...............
အဲဒီအစား
လျှပ်ကို ဂရုစိုက်လာတယ်။
ဘာတွေဖြစ်သွားတာလဲ တာရာ။ ဘာတွေဖြစ်ခဲ့တာလဲ။
ဒီလောကမှာ ဒီလောကမှာ ငါ့အတွက် ငါ့ခြေတစ်ဖက်
မတ်မတ်ရပ်စရာနေလေးတောင်
မကျန်တော့ဘူးတဲ့လား။

×××

နွေရေ နင်မလာခဲ့ပါနဲ့ ငါ့ဆောင်းနဲ့ ငါ အေးမြနေပါရစေ။
နောက်ပြီး တေလေတစ်ယောက်ရဲ့ ဒိုင်ယာရီမှာ
ဥတုတွေကို တံခါးပိတ်နှင်းလွှာတစ်ထပ် ထပ်ခြုံရင်း
ပြန်ပြီးလည်း အိပ်နေပါရစေ။



ကိုယ့်ဘဝကိုယ် သိလွန်းတော့ အဲဒီပန်းကို
စိတ်မှန်းနဲ့ ခူးဖို့တောင် လိပ်ပြာက မသန့်ဘူး။
မသန့်ခဲ့ပါဘူးကွယ်။ နေရစ်တော့လို့ နှုတ်ဆက်
ဟိုးအထက်က နင့်ကို ငါလက်ပြရင်းပဲ ရောင့်ရဲပါ့မယ်။
နွယ်ဟာ တွယ်တယ်။
သိရဲ့နဲ့ မရှောင်ခဲ့ဘူးဆိုတာ ငါဟာလည်း
ပိုးဖလံတစ်ကောင်မို့လို့ပါ။
စည်းကပါးပါးလေးပါ။ ဒါပေမဲ့ ဖြတ်ဖို့ဆိုတာတော့
ခက်ခဲလွန်းတဲ့အရာ။

×××

ပြောင်းလဲခြင်းတို့ရဲ့ နိယာမကို ကျွန်တော်ရှုတ်ဖတ်နေတုန်း
အပြောင်းအလဲကြီးတစ်ခုနဲ့
ထပ်မျက်နှာချင်းဆိုင်လိုက်ရပြန်တယ်။
ရွှေတောင်ကြီးပြိုပြီ။ ဒီအသိက
ကျွန်တော့်ကို ဝေဝါးသွားစေတယ်။
"အဖေ အဖေ"
အုတ်ဂူထဲက အဖေ့ကို မကြားနိုင်မှန်းသိလျက်နဲ့
တာရာအော်ခေါ်နေတုန်းပါပဲ။
လေနုအေးရဲ့ တိုးဖျော့ဖျော့ရယ်သံက
သူမကို မအေးမြစေဘူးထင်တယ်။ ဆံနွယ်စတွေ
လေထဲ လွင့်လို့ ဟောဒီတောင်ကုန်းပေါ်က
အဖေ့ဂူမို့မို့လေးနားမှာ သူမနဲ့ ကျွန်တော်နှစ်ယောက်တည်းပေါ့။
"အဖေ... ဘယ်လိုဖြစ်ရတာလဲ အဖေရယ်"

တာရာ နင့်သည်းစွာ ငိုတယ်။
သူလည်း ကြေကွဲရှာမှာပေါ့လေ။
"ဖေဖေဆုံးပြီဟ။ ငါတို့က ဖေဖေခွဲသွားပြီ"
ဒီအချိန်မှာပဲ တသိမ့်သိမ့်ရှိုက်ငိုနေတဲ့ သူမကို
ကျွန်တော့်လက်အစုံနဲ့ ဆတ်ခနဲဖက်ထားလိုက်မိရင်း
"သိပ်လည်း ဝမ်းမနည်းပါနဲ့ဟာ ငါနင့်ကို စောင့်ရှောက်မှာပါ။
နင်သာ ခွင့်ပြုမယ်ဆို ငါ့တစ်ဘဝလုံး နင့်နံဘေးနားမှာ နေပြီး
ငါနင့်ကို စောင့်ရှောက်ပါ့မယ်"
အနှစ်နှစ်အလလ သိုဝှက်ခဲ့သမျှ အားလုံး
သူမမျက်ရည်တွေကြောင့် အဆီးအတားမဲ့စွာ
ပွင့်အန်ခဲ့ပါတယ်။
ရပ်တန့်လိုက်ဖို့ အသိဝင်ခဲ့ပေမယ့် အရာအားလုံးက
လွန်သွားခဲ့ပြီလေ။
ရုတ်တရက်တော့ သူမကြောင်အသွားပေမယ့် နောက်တော့
ရှူးရှူးဝါးဝါးကြည့်တယ်။ တူးတူးခါးခါးကြည့်တယ်။
မြောက်တက်သွားတဲ့ သူမလက်တစ်ဖက်ပြန်အကျမှာ
ကျွန်တော့်ပါးပြင်လေးပူသွားတယ်။
ရှင်းပြဖို့တောင် စကားမဟာရသေးခင် သူမစကားတွေက
ရင်ဘတ်ထဲကို ခပ်ကြမ်းကြမ်း ထိုးစိုက်လာတယ်။
"နင်က ငါ့ကို ချိုင်ပြီး ဖေဖေ့လုပ်ငန်းတွေကို
လက်ဝါးကြီးအုပ်မလို့လား"
"သားရေပေါ် အိပ်သားရေနားစား..."
"နင့်ကို ငါမမြင်ချင်တော့ဘူး..."



မကြားရပါစေနဲ့တော့ တာရာ။
ငါမကြားပါရစေနဲ့တော့။
သူရူးတစ်ယောက်လို နားကို တွင်တွင်ပိတ်ရင်း
ဒီနယ်မြို့လေးကိုလည်း
ထပ်ပြီး ကျောခိုင်းခဲ့တယ်။

×××

လက်ညှိုးတွေကို ရှောင်ပုန်းတော့
ဟင်းလင်းပြင်ထဲ ပြုတ်ကျသွားတယ်။
ခြေဦးတည်ရာ လျှောက်ခဲ့သမျှဟာ
နင့်အကြောင်း အတိတ်ပေါင်းများစွာပါပဲ။
ငါ့ပါးစပ်က နာကျည်းနေတယ်ဆို
ညည်းငိုနေရတာ ဘာကြောင့်များလဲ။
မျက်လုံးတွေကို ရင်မဆိုင်ရဲတဲ့
တေလေလေးတစ်ယောက်
သူ့အရေပြားအောက်မှာလည်း
ချစ်တတ်တဲ့ နှလုံးသားတစ်စုံရှိတယ်လို့
လူတွေကို လိုက်ပြောချင်ပါတယ်။
ဟိုး... တောင်ခြေမှာ မြူတွေ ဆိုင်းရင်
နင်လည်း ငါ့ကို သတိရပါတာရာ။
လှံစိုက်ခံဖို့အတွက် မွေးကတည်းက နိမ့်လာခဲ့ရတဲ့မြေ
နင် နင်းဖို့အတွက်ဆို
ပိုတောင် နိမ့်ပေးဦးမှာပါ။
တိမ်ပြာပြာတွေက လွှဲ... မှုန်... ကွဲ... အက်

ခံရခက်ခက် သွေးမဲ့ဒဏ်ရာတစ်ချက်ကို
ခွေးအတစ်ကောက်လို ငါထိုင်လျက်ရင်း
မျက်ရည်ချိုချိုတွေ စိုလဲ့နေခဲ့တယ်။
ငရဲမီးလို ပူပြင်းလောင်မြိုက်တဲ့ ငါ့ဒိုင်ယာရီမှာ
ရထားတစ်စင်းက
ဥသြသံခပ်ပြင်းပြင်း ဆွဲလိုက်တယ်။
"အားလုံးပြီးဆုံးသွားခဲ့ပါပြီ" တဲ့
နင်မမြင်ချင်တော့တဲ့ ဒီလူ
အသက်ရှုဖို့တောင် မထိုက်တန်တော့ဘူးလို့
အံတင်းတင်းကြိတ် မျက်လုံးမှိတ်လို့
ငါဆုံးဖြတ်လိုက်တယ်။
ဟိုး... တောင်ခြေမှာ မြူတွေဆိုင်းလို့
ရထားတစ်စင်း ခပ်ရိုင်းရိုင်း အသော့နင်လာတဲ့အခါ
ငါ့ကို သတိရပါမိဟာရာ။
ငါ့ရာဇဝင်မင်ရည်ကျဲကျဲကို
နတ်ဆိုးတို့ရဲ့ လက်ဖဝါးထဲ သွန်းလောင်းပြီး
နှုတ်ခမ်းကို ကိုက် လက်ကို ပိုက်
ငါဟာ သံလမ်းပေါ်မှာ
ရှူးမိုက်စွာ မတ်တပ်ရပ်လို့ ...။

လင်းမြတ်